အမရပူရမြို့တည်နန်းတည်
ပုဂံမင်းကိုးကွယ်သည့်
လွန်ခဲ့သောနှစ်-၁၆၀-အချိန်က
သာသနာပိုင်

## မှန်ကင်းဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

# ပဋိပတ်ကျင့်စဉ်

နှင့်

# သဘာဝတ္ထဒီပနီကျမ်း

အရှင်ဝါယမိန္ဒ(ဓမ္မာစရိယ)
တည်းဖြတ်သည်

ကောဇာ-၁၃၃၉ သာသနာ-၂၅၂၂

၄/၁၄

ဖိုးရာဇာ ၁၅
စာအုပ်

ဖိုးရာဇာစာအုပ်

လုံ့လ ဝီရိယ ပညာ
ခ ဝပ် ညောင်း လာ
လယ်သမား စာသမား ဖိုးရာဇာ....။

လုံ့လ ဝီရိယ ပညာ ဖိုးရာဇာ
ဘာသာရေးစာစဉ် ၁

ပထမအကြိမ်

**၁၉၇၇၊ ဩဂုတ်လ**

အုပ်ရေ

**၂၀၀၀**

၁၂ဖြ၁၂

ပန်းချီ

**(အမျိုးသား)**

အဖုံးရိုက်

**စကားဝါ**

ဘလောက်

**စုပေါင်းဘလောက်တိုက်**

စာအုပ်ချုပ်

**ဂန္ဓဂေါ စာအုပ်ချုပ်ဌာန၊ ၂၉-လမ်း**

**ထုတ်ဝေသူ**

မောင်အောင်ချိုမွေး (မြဲ ၀၁၅၄၃)၊ သိင်္ဂီစာပေ၊
၃၁၀/၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဇွဲ-ဦးထွန်းရှိန် (မြဲ ၀၂၁၃၈)၊ ဇွဲပုံနှိပ်တိုက်၊
အမှတ် ၁၇၂၊ ၃၃-လမ်း၊ ရန်ကုန်မြို့။
တန်ဘိုး ၁၀-ကျပ်။

အမရပူရ မြို့တည် နန်းတည်

ပုဂံမင်း ကိုးကွယ်သည့်

လွန်ခဲ့သောနှစ်ပေါင်း ၁၆၀-အချိန်က

**သာသနာပိုင်**

## မှန်ကင်းဆရာတော်ဘုရားကြီး

ရေးသားတော်မူသော

# ပဋိပတ်ကျင့်စဉ်

## နှင့်

# သဘာဝဋ္ဌဒီပနီကျမ်း

---

ဘာသာရေးကို လေ့လာလိုက်စားသူတိုင်း၊ ဘာသာရေးနှင့် မကင်းသူတိုင်း လေ့လာဘို့၊ သိဘို့၊ ကျင့်ကြံကြိုးကုတ် အားထုတ်ဘို့အတွက် ဆရာတဆူ ကျမ်းတဆူအဖြစ် လက်ကိုင်ထားသင့်သော စာအုပ်။

# ဖိုးရာဇာမှ ဆက်လက် ထွက်မည့် စာအုပ်များ

၁။ ဖိုးရာဇာ ဆယ်စောင်တွဲ
၂။ ဆရာဝန်တင်ရွှေ အနယ်နယ်က ကျန်းမာရေးပြဿနာ ပြန်လည်ဖြေကြားလွှာများ (ပေါင်းချုပ်)
၃။ ဝင်းဦး ရုပ်ရှင်နယ်သို့ ချဉ်းကပ်နည်း
၄။ ရွှေဥဒေါင်း ဂျမဒါကိုကိုကြီး (ပေါင်းချုပ်) [ဒု-အကြိမ်]
၅။ ရွှေဥဒေါင်း ရတနာသိုက်
၆။ ရွှေဥဒေါင်း ရန်ကြီးအောင်
၇။ မင်းကျော် ကျေးတောသားတယောက်
၈။ ကျော်အောင် တောရိုင်းမြေ [စ-ဆုံး]
၉။ ကျော်အောင် လူ့သမိုင်း
၁၀။ ရန်ကုန်မိုးအောင် နယ်ချဲ့တော်လှန်ရေးနှင့် ထောင်တွင်းမှတ်တမ်း
၁၁။ မောင်မောင်ဖြူ ရွာတောမြေ
၁၂။ မေမေပွင့် ဆေးဝါးမပါ-ခုတ်စာဖြင့်ကုနည်း (တတိယအုပ်)
၁၃။ ဆရာဦးသိန်းလွင် တိုင်းရင်းဆေးပညာ ဆောင်းပါးများ
၁၄။ ဆရာဦးသိန်းလွင် တိုင်းရင်းမြန်မာ ဆေးနည်းကျော်ကျမ်း
၁၅။ ဆရာဦးသိန်းလွင် နုရသုခိကျမ်းရင်းနှင့် ခက်ဆစ်အဖြေ
၁၆။ မောင်သင် အောင်အောင်မြင်မြင်
၁၇။ သိန်းတန် (ပလေးဘွိုင်) ဂစ်တာတီးနည်း(ဒု-အကြိမ်)
၁၈။ သိန်းတန် (ပလေးဘွိုင်) Rhythm ဂစ်တာ အခြေခံတီးနည်း
၁၉။ ကျော်အောင် 'မြန်မာပြန်' ဂေါကီ၏ ဘဝအမြင် လောကအမြင်
၂၀။ မောင်စစ်ငြိမ်း ဂစ်တာသင်ပုန်းကြီး
၂၁။ မောင်စစ်ငြိမ်း အသုံးများသော ဂစ်တာကော့ဒ်များ
၂၂။ ရွှေလှမေသိန်း ညိုဝါမဟုတ်သော ညိုဝါရယ်
၂၃။ ရွှေလှမေသိန်း ဇလပ်ဖြူ
၂၄။ သိမ့်သိမ့်နွေး အမှောင်ဘဝ အမှောင်ည၏ နှမစန္ဒာ
၂၅။ သိမ့်သိမ့်နွေး အချစ်အကြိုက် အသတ်အပုတ် အပြေးအလွှား အလွမ်းအဆွေး
၂၆။ သိမ့်သိမ့်နွေး ကျောက်ဆစ်ရုပ် နှလုံးသား

# ပဋိပတ်ကျင့်စဉ်
# နှင့်
# သဘာဝဓမ္မဒီပနီကျမ်း

## မာတိကာ


— အမှာ

၁။ ဗလ ၅-တန် .... ၃

၂။ သူတော်ကောင်းတရားဆုတ်ယုတ်ကြောင်း ၅-ပါး .... ၄

၃။ ပုဂ္ဂိုလ် ၅-မျိုး .... ၆

၄။ ကျင့်စဉ်အခြေခံအကြောင်းရင်း .... ၇

၅။ နိဗ္ဗာန်သို့ ဦးတည်သောသီလ .... ၈

၆။ သရဂုံသီလကို ဆောက်တည်နည်း .... ၁၀

၇။ သရဂုံ ဆောက်တည်နည်း အမျိုးမျိုး .... ၁၅

၈။ ဥပေါသထသီလကိုဆောက်တည်ရသောနည်း ၂၀

၉။ ဓူတင်ဆောက်တည်ပုံ .... ၂၂

၁၀။ ပတ္တပိဏ္ဍိက (ပတ္တပိဏ်ဓူတင်) ဆောက်တည်ပုံ ၂၃

၁၁။ သီလ ၄-မျိုး .... ၂၄

၁၂။ သမ္မဇည တရား ၄-ပါး .... ၂၅

၁၃။ ကမ္မဋ္ဌာန်းနှင့် အချိန်ကို ခွဲဝေပြခြင်း .... ၂၉

၁၄။ စရိုက် ၆-ပါး .... ၃၀

၁၅။ ပိဏ္ဍတ္ထဖြစ်သော အပေါင်းနည်းအစဉ် .... ၃၈
၁၆။ ဗုဒ္ဓါနုဿတိ အားထုတ်နည်း .... ၄၀
၁၇။ ဓမ္မာ နုဿတိပွါးနည်းများ .... ၄၅
၁၈။ သံဃာနုဿတိ ပွါးနည်းများ .... ၄၉
၁၉။ သီလာ နုဿတိ ပွါးနည်းများ .... ၅၂
၂၀။ ဒေဝတာနုဿတိပွါးနည်းများ .... ၅၅
၂၁။ ဥပသမာနုဿတိ ပွါးနည်းများ .... ၅၇
၂၂။ မရဏာနုဿတိ ပွါးများနည်း .... ၅၈
၂၃။ ကာယဂတာ နုဿတိကို သိမ်းဆည်းနည်း .... ၆၁
၂၄။ ကာယဂတာသတို၏အာနိသင် .... ၇၈
၂၅။ အာနာပါနကမ္မဋ္ဌာန်း ပွားများနည်း .... ၉၀
၂၆။ လက္ခဏာရေးသုံးပါးကို သိမ်းဆည်းနည်း .... ၉၃
၂၇။ လက္ခဏာရေးသုံးပါးတင်၍ သိမ်းဆည်းပုံ .... ၉၇
၂၈။ လက္ခဏာရေးသုံးပါးတင်နည်း
(အနက်ကား) .... ၁၀၆
၂၉။ လက္ခဏာရေး ခုနစ်ပါးတင်နည်း .... ၁၂၅
၃၀။ ဝိညာဏ်ခြောက်ပါးဖြစ်ကြောင်း .... ၁၄၂
၃၁။ မေတ္တာဘာဝနာကို အမှီပြု၍ ဝိပဿနာသို့
တက်ရာသောနည်း .... ၁၅၇
၃၂။ စတုဓာတုဝဝတ္ထာန်၌ သိမ်းဆည်းပုံ .... ၁၆၀
၃၃။ ပဏာမ ၄-ဂါထာ .... ၁၆၈

# နိဒါန်း

ပိဋကတ်သုံးပုံကို ကျွမ်းကျင်၍ ပဋ္ဌာန်းကို မြတ်နိုးတော်မူသော မုန်ကင်းဆရာတော်ဘုရားကြီးသည် အမရပူရနေပြည်တော်၌ သီတင်းသုံးတော်မူခဲ့ပါသည်။

ယခုအခါ၌ မန္တလေးမြို့သား ရှင်လူများကအမရပူရမြို့ကို တောင်မြို့ဟုလည်းကောင်း ခေါ်ကြပါသည်။ မုန်ကင်းဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား၏ ဆံတော်ရှင်ကိန်းဝပ်တော်မူရာ ရွှေတိဂုံ စေတီတော်ကြီးကို ဖူးမျှော်ရန် ၁၁၇၉–ခုနှစ် ဝါကျွတ်ပြီးစအချိန်၌ အမရပူရမြို့မှ ရန်ကုန်မြို့သို့ ကြွတော်မူခဲ့ပါသည်။

ရတနာသုံးပါးကို လေးစားကြည်ညိုသော ဒကာကြီး ဦးမြတ်သူသည် တရားအားထုတ်နည်းကို ရေးသားပါရန် တောင်းပန်ခဲ့ပေသည်။ ဦးမြတ်သူ၏ တောင်းပန်ချက်ကို လက်ခံတော်မူကာ မုန်ကင်းဆရာတော်ဘုရားကြီးသည်တရားအားထုတ်နည်း ကျမ်းတစောင်ကို ပရပိုက်ထက်တင်၍ စီရင်တော်မူခဲ့ပါသည်။

လွယ်ကူရှင်းလင်းမှုကို မြတ်နိုးတော်မူသော မုန်ကင်းဆရာတော်ဘုရားကြီးသည် မိမိ၏ကျမ်းစာကို “ပဋ္ဌာန်းကျင့်စဉ်

ကျမ်း''ဟုလွယ်ကူရှင်းလင်းစွာနာမည်တပ်တော်မူခဲ့ပါသည်။ ပဋိပတ်ကျင့်စဉ်ကျမ်း အရှည်ခန့်၍ တည်းဖြတ်ရေးကို မြော်တွေးမိကြသော ဦးမြတ်သူနှင့် စေတနာရှင်များက ပေရွက်ပေါ်မှာ အက္ခရာတင်ကာထားကြသောကြောင့် ၁၁၇၉-ခုနှစ် ပြာသိုလဆုတ် နှစ်ရက်နေ့မှစ၍ ပေထုပ်အဖြစ် တည်တံ့ခဲ့ပါသည်။

ယင်းပဋိပတ်ကျင့်စဉ်ကျမ်းသည် သူတော်စင် အဆင့်ဆင့်လက်ပြောင်းကာ မြန်အောင်မြို့ ဘတလင်းကွင်းရပ် မင်းကန်ကြီးကျောင်းတိုက် 'သာသနာ့ရိပ်သာ နာယက ဆရာတော်အရှင်ဝါယမိန္ဒ မဟာထေရ်၏လက်သို့ ရောက်ခဲ့ပါသည်။ မိမိလက်သို့ ရောက်ရှိသည့်အချိန်မှစ၍ ဆရာတော် အရှင်ဝါယမိန္ဒ မဟာထေရ်သည် ဤပဋိပတ်ကျင့်စဉ်ကျမ်း ပြန့်နှံ့ရေးကို မြော်တွေးမိပေသည်။

သို့ဖြစ်ရကား ဆရာတော် ဦးဝါယမိန္ဒအရှင်သူမြတ်သည် မြန်အောင်မြို့ မင်းကန်ကြီးကျောင်း အရှင်သုနန္ဒသာမိနှင့် ရန်ကုန်မြို့ ငါးထပ်ကြီး မြန်အောင်ကျောင်းတိုက်အရှင်ပဏ္ဍိတတို့ကို ယုံကြည်စိတ်ချသည် အားလျော်စွာ ပေမှတဆင့် ကူးယူကြရန် တိုက်တွန်းတော် မူခဲ့ပါသည်။

အရှင်သုနန္ဒသာမိနှင့် အရှင်ပဏ္ဍိတတို့၏ စေတနာဝီရိယစွမ်းအားကြောင့် ဤပဋိပတ်ကျင့်စဉ်ကျမ်းသည် စက္ကူလွှာ

စာမူအဖြစ်သို့ ရောက်ရပါသည်။ ပေမူနှင့် စက္ကူလွှာ စာမူ ၂-ခုလုံးကို (ဤအရှင်အား) အပ်နှင်းပြီးလျှင် မြန်အောင်မြို့ မင်းကန်ကြီး သာသနာ့ရိပ်သာ ဆရာတော်ဘုရားအား ပြင်ဆင်တည်းဖြတ်ရန် တိုက်တွန်းပါတော့သည်။

ဆရာတော်၏ တိုက်တွန်းချက်ကိုလက်ခံကာ ဒီဃနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ဝိသုဒ္ဓိမဂ် ရင်းဋီကာကို မှီး၍ စွမ်းအား ရှိသမျှ ကြိုးစားပြင်ဆင်ရပါသည်။ အမှားကင်းပြီဟုကား ဝန်မခံနိုင်ပါ။

ဤကျမ်း၏သက်တမ်းကား ယနေ့ ၁၅၈-နှစ်ရှိပါပြီ။
၁၃၃၇-ခု နယုန်လဆန်း ၃-ရက်။

**အရှင်ကုဏ္ဍလ**
သာသနဓဇ သိရိပဝရ ဓမ္မာစရိယ
(အဘိဓမ္မ ပါဠိပါရဂူ)
မဟာစည် သာသနာ့ရိပ်သာ
ဟသ်ာတမြို့။

# ဖိုးရာဇာမှ ထွက်ပြီး စာအုပ်များ

၁။ သိန်းတန် (ပလေးဘွိုင်) — ဂစ်တာတီးနည်း

၂။ ကလျာ (ဝိဇ္ဇာသိပ္ပံ) — မေတ္တာသဘောက ရွေ့လျောခြင်း လားကွယ်နှင့် အခြားဝတ္ထုများ

၃။ ရွှေဥဒေါင်း — ဂျမဒါ ကိုကိုကြီး(ပေါင်းချုပ်)

၄။ မေမေပွင့်(တိုင်းရင်းမေ) — ဆေးဝါးမပါ ဓာတ်စာဖြင့် ကုနည်း

၅။ ဖိုးရာဇာ — လက်ရွေးစင် တေး ၁၀၀၀

၆။ ဒေါက်တာညီညီ — နိုင်ငံတကာ သံယဇာတနှင့် နိုင်ငံရေး၊ စီးပွားရေး အရေးအခင်းများ

၇။ ရဲသိဟ ကိုတင်အောင် — ဂစ်တာ ကကြီး ခကွေး (မောင်စစ်ငြိမ်း တည်းဖြတ်သည်)

၈။ ကျော်လှိုင်ဦး(မြန်မာပြန်) — ဦးလေးတွမ်

၉။ ဆရာဦးသိန်းလွင် — တိုင်းရင်းသမားတော်လက်စွဲ

၁၀။ မောင်သင် — ဆရာ့ဇာတ်လမ်းစုံ(ပေါင်းချုပ်)

၁၁။ ဆရာ ဦးသိန်းလွင် — အိမ်တွင်းသမားတော်ကျမ်းနှင့် လက်တွေ့ မြန်မာ့ ဆေးစွမ်းကောင်းများ

၁၂။ ရဲသိဟ ကိုတင်အောင် — ဂစ်တာ တစ်နှစ်သုံးလေး (မောင်စစ်ငြိမ်း တည်းဖြတ်သည်)

၁၃။ မောင်မောင်ဖြူ — ဒေဝကုမ္ဘန်လိုလူစား (ဇာတ်သိမ်းပိုင်း)

၁၄။ သခင်ဘသောင်း — ပန်းသာမစာအု

၁၅။ မှန်ကင်းမူ — ပဋိပတ်ကျင့်စဉ်နှင့် သဘာဝတ္ထဒီပနီကျမ်း



# ပဋ္ဌိပတ်ကျင့်စဉ်ကျမ်း

## မှန်ကင်း၊ ဆရာတော် မူ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အနန္တဉာဏသမ္ပန္နံ၊ အမိတဂုဏလက္ခိတံ။
သေဋ္ဌံ လောကဂ္ဂတံ ပတ္တံ၊ နမာမိ ဝန္ဒနေယျကံ။
သမ္ဗုဒ္ဓပူဇိတံ ဓမ္မံ၊ နိယျာနိကံ သုဒေသိတံ။
သုနိပုဏံ သုဂမ္ဘီရံ၊ ဝန္ဒေ ကိလေသ ဝံသကံ။
သီလာဒိ ဂုဏဂဏောန၊ သုတံ ဩရသပုတ္တကံ။
ဂဏုတ္တမံ ပုညက္ခေတ္တံ၊ နမာမိ ဒက္ခိဏေယျကံ။

အဟံ၊ ငါသည်။ အနန္တဉာဏသမ္ပန္နံ၊ အဆုံးမရှိသော သတ္တဝါ အဆုံးမရှိသော ကြောဝဋ္ဌာ အဆုံးမရှိသော ကောင်းကင်လျှင် အာရုံရှိသော အဆုံးမရှိသော သဗ္ဗညုတ ဉာဏ်တော်နှင့် ပြည့်စုံတော်မူထသော။ အမိတဂုဏ လက္ခိတံ

မနိုင်းယှဉ်အပ် ကြီးမြတ်သော အာသယာ နုသယဉာဏ် ယမကပါဋိဟာရိယဉာဏ် အစရှိသော ဂုဏ်တော် ကျေးဇူးတော် အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သည်လည်း ဖြစ်ထသော။ သေဋ္ဌ၊ ကောင်းမြတ်သော ဝိမုတ္တိ အရသာကို သတ္တဝါတို့အား တရားဟောတော်မူခြင်း၏ အစွမ်းဖြင့် ပေးတော်မူတတ်ထသော။ ဝန္ဒနေယျကံ၊ နတ်လူပြဟ္မာ သတ္တဝါ အပေါင်းတို့၏ ရှိသေမြတ်နိုး ရှိခိုးခြင်းကို ခံတော် မူထိုက်သည်လည်း ဖြစ်ထသော။ လောကဂ္ဂတံ၊ လူသုံးပါးတို့ထက်မြတ်သည်၏ အဖြစ်သို့။ ပတ္တံ၊ ရောက်တော်မူပြီးထသော ဘုရားသခင်ကို။ နမာမိ၊ သုံးတန်စေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ကြည်စွာသဒ္ဓါ ရှိခိုးပါ၏။

ကိလေသဝံသကံ၊ ရာဂ ဒေါသ စသည်များစွာ ကိလေသာကို သမုစ္ဆေဒသတ္တိဖြင့် ဖျက်ဆီးတော်မူတတ်ထသော။ သုဂမ္ဘီရံ၊ အတ္ထဂမ္ဘီရ, ဓမ္မဂမ္ဘီရ, ဒေသနာဂမ္ဘီရ, ပဋိဝေဓဂမ္ဘီရနှင့် ပြည့်စုံသည်ဖြစ်၍ အလွန် နက်နဲသည် တမူလည်းဖြစ်ထသော။ သုနိပုဏံ၊ သဗ္ဗညုတဉာဏ် အနာဝရဏဉာဏ်၏ အာရုံသာဖြစ်၍ အလွန်သိမ်မွေ့သည်တမူလည်း ဖြစ်ထသော။ သုဒေသိတံ၊ အစ အလယ် အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းစွာ ဟောတော် မူအပ်သည်လည်း ဖြစ်ထသော။ နိယျာနိကံ၊ ကျင့်ဆောင်သော ပုဂ္ဂိုလ်တို့ကို ဝဋ်ဆင်းရဲမှ ထွက်မြောက်စေတတ်သည် တမူလည်းဖြစ်

သသော။ သမ္မုဒ္ဓပူဇိတံ၊ ဘုရားမြတ်စွာသည် သမ္မာပဋိပတ် ကျင့်ဝတ်မြတ်ဖြင့် ပူဇော်အပ်သည် တမူလည်းဖြစ်ထသော။ ခမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်, ပရိယတ်ဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။ ဝန္ဒေ ဝန္ဒာမိ၊ ရှိခိုးပါ၏။

သီလာဒိဂုဏဂဏောန၊သီလအစရှိသောဂုဏ်အပေါင်းဖြင့်။ သုတံ၊ ကျော်စော ထင်ရှားသည်တမူလည်း ဖြစ်ထသော။ သြရသပုတ္တကံ၊ မြတ်စွာဘုရား၏ သားတော်အစစ် ရင်တော်နှစ်လည်း ဖြစ်တော်မူထသော။ ပုညက္ခေတ္တံ၊ ကောင်းမှုတည်းဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်မြေကောင်း သဖွယ်လည်း ဖြစ်တော်မူထသော။ ဒက္ခိဏေယျကံ၊ မြတ်သောအလှူကို ခံတော်မူထိုက်သည်တမူလည်း ဖြစ်ထသော။ ဂဏုတ္တမံ၊ မြတ်သော အ ရိ ယာ ပု ဂ္ဂိုလ် ရှစ် ယောက် တို့ ၏ အပေါင်းကို။ နမာမိ၊ ရှိခိုးပါ၏။

ဗလ ၅-တန်

အပယ်လေးဘုံ၌ဖြစ်သော ဆင်းရဲ, ပဋိသန္ဓေနေခြင်း ဆင်းရဲ, အိုခြင်းဆင်းရဲ, နာခြင်းဆင်းရဲ, သေခြင်းဆင်းရဲ အစရှိသော ဝဋ်ဒုက္ခမှ ထွက်လိုကုန်သည်ဖြစ်၍ သံသရာဘေးကို ကြောက်လေ့ရှိကုန်သော သူတော်ကောင်းတို့သည် ဘုရားသခင်၏ အဆုံးအမတော်ကို မှီခိုကြရသည်။ ယင်း

ကြောင့် ရတနာသုံးပါးကို မပြတ်ကိုးကွယ် ဆောက်တည်ခြင်း၊ ဘုရားသခင်သည် ဩဝါဒပေးတော်မူအပ်သော ဂဟဋ္ဌသီလ မြတ်တို့ကို မကျိုးမပေါက် မပြောက်မကျားရအောင် ခံယူ ကျင့်ဆောင် ဆောက်တည်ခြင်း, ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်း ခြင်း အစရှိသော အမှုတို့ကို သဒ္ဓါဗလ, ပညာဗလ, ဝီရိယဗလ, သမာဓိဗလ, သတိဗလ ဟု ဆိုအပ်သော ဗလငါးပါးနှင့် စုံလင်စွာ အားထုတ်ရာသည်။

ထိုငါးတို့တွင် သဒ္ဓါဗလ-ဟူသည်ကား ရတနာသုံးပါး ဂုဏ်၌ ယုံကြည်လေးမြတ်ခြင်းသည် သဒ္ဓါဗလ မည်၏။ ဖြစ်တတ်ပျက်တတ်သော သင်္ခါရတရားကို မပြတ်ဆင်ခြင် ခြင်းသည် ပညာဗလမည်၏။ အကုသိုလ်တရားတို့ကို မဖြစ် စိမ့်သောငှာ ပယ်ခြင်း၊ ကုသိုလ်တရားတို့ကို ပွားများအောင် အားထုတ်ခြင်းသည် ဝီရိယဗလမည်၏၊ တခုခုသော ကမ္မဋ္ဌာန်း ဘာဝနာ၌ အာရုံထား၍ ကျင့်ခြင်းသည် သမာဓိဗလမည်၏။ ဆိုခဲ့ပြီးသော တရားအပေါင်းတို့ကို မမေ့မလျော့ခြင်းသည် သတိဗလမည်၏ ဤကား ဗလငါးပါးတည်း။

## သူတော်ကောင်းတရား ဆုတ်ယုတ်ကြောင်း ၅-ပါး

ထိုဗလငါးပါးနှင့် စုံလင်ညီညွတ်စွာပဋိပတ်ကျင့်တရားကို အားထုတ်လိုသောသူတို့သည် ရှေးဦးစွာ သူတော်ကောင်း တရား၏ ဆုတ်ယုတ်ခြင်းအကြောင်းငါးပါးကို ပယ်ဖျောက်

ကုန် ရာ ၏။ သူ တော် ကောင်း တ ရား ဆုတ် ယုတ် ခြင်း ၏ အကြောင်းငါးပါးဟူသော်ကား (၁) အမှု၌ မွေ့လျော်သည်၏ အဖြစ်လည်းတပါး၊ (၂) စကား၌ မွေ့ လျော်သည်၏ အဖြစ်လည်းတပါး၊ (၃) အိပ်ကျူးခြင်း၌ မွေ့လျော်သည်၏ အဖြစ်လည်းတပါး၊ (၄) အပေါင်းအဖော်၌ မွေ့လျော်သည်၏ အဖြစ်လည်းတပါး၊ (၅) အကြင်အခြင်းဖြင့် ကိလေသာတို့မှ လွတ်သောစိတ်ကို မဆင်ခြင် ခြင်းလည်းတပါး။ ဤသို့အားဖြင့် ငါးပါးတည်း။ ထို့ကြောင့် ဘုရားသခင်သည်--

ပဉ္စိမေ ဘိက္ခဝေ ဓမ္မာ သဒ္ဓမ္မဿ ပရိဟာနာယ သံဝတ္တန္တိ၊ကတမေ ပဉ္စကမ္မာရာမတာ ဘဿာရာမတာ နိဒ္ဒါရာမတာ သင်္ဂဏိကာရာမတာ ယထာဝိမုတ္တံစိတ္တံန ပစ္စဝေက္ခတိ၊ ဣမေ ခေါ ဘိက္ခဝေ ပဉ္စဓမ္မာ သဒ္ဓမ္မဿ ပရိဟာနာယ သံဝတ္တန္တိ-ဟူ၍ ဟောတော် မူသည်။

သာဓကပါဠ်အနက်-

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေပဉ္စဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ ပဉ္စ၊ အဘယ်ငါးပါးတို့နည်းဟူမူကား-ကမ္မာရာမတာ အမှု၌ မွေ့လျော်သည်၏အဖြစ်လည်းတပါး၊ ဘဿာရာမတာ၊ စကား၌ မွေ့လျော်သည်၏အဖြစ်လည်းတပါး၊ နိဒ္ဒါရာမတာ၊

အိပ်ကျူးခြင်း၌ မွေ့လျော်သည်၏ အဖြစ်လည်းတပါး။ သင်္ဂဏိကာရာမတာ၊ အပေါင်းအဖော်၌ မွေ့လျော်သည်၏ အဖြစ်လည်းတပါး၊ ယထာ အကြောင်းအခြင်းအရာဖြင့်။ ဝိမုတ္တံ၊ ကိလေသာတို့မှလွတ်သော၊ စိတ္တံ၊ စိတ်ကို။ န ပစ္စ ဝေက္ခတိ၊ ပဆင်ခြင်။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဣဓမပဥ္စဓမ္မာ၊ ဤငါးပါးသော တရားတို့သည်။ သဒ္ဓမ္မဿ၊ သူတော်ကောင်းတရား၏။ ပရိဟာနာယ၊ ဆုတ်ယုတ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

## ပုဂ္ဂိုလ် ၅-မျိုး

ထိုသို့ ဟောတော်မူအပ်သော တရားဓမ္မ ဒေသနာ လာသည်ကို ထောက်၍ သံသရာဝဋ်ဆင်းရဲ၌ ပြင်းပြတာရှည်ကျင်လည်ရခြင်းဘေးကို ကြောက်ကုန်သော အမျိုးသားတို့အသည် ပရိယတ္တိ ဗဟုလ၊ သဇ္ဈာယဗဟုလ၊ ပညတ္တိဗဟုလ ဝိတက္ကဗဟုလ၊ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်ဟု ဆိုအပ်သော ပုဂ္ဂိုလ်အပြား၊ ငါးပါးတို့တွင် ဓမ္မဝိဟာရီပုဂ္ဂိုလ်အဖြစ်သို့ ရောက်အောင် နှလုံးသွင်း၍ ပဋိပတ် ကျင့်ဝတ်တရားကို အားထုတ်ကုန်ရာသည်။

ငါးပါးသောပုဂ္ဂိုလ်တို့တွင် ပိဋကတ်ကို နေ့ညမပြတ်သင်၍ သမာဒိ ဝိပဿနာ ကင်းသောသူသည် ဓမ္မဝိဟာရီပုဂ္ဂိုလ် မမည်၊ မရိယတ္တိ ဗဟုလ၊ သင်ခြင်းများသော ပုဂ္ဂိုလ်သာ

မည်၏၊ သင်ပြီးပိဋကတ်ကို ပညတ်သို့တင်၍ သူတပါးအား ဟောပြနိုင်သော်လည်း သမာဓိဝိပဿနာနှင့် မယှဉ်သည် ဖြစ်အံ့၊ ဓမ္မဝိဟာရီပုဂ္ဂိုလ်မမည်၊ ပညတ္တိဗဟုလ – ပညတ်များသော ပုဂ္ဂိုလ်သာမည်၏၊ သင်ပြီး ပိဋကတ်၏ အနက်အဓိပ္ပာယ်ကို စိတ်ဖြင့် ကြံသော်လည်း သမာဓိ ဝိပဿနာနှင့် မယှဉ်သည်ဖြစ်အံ့၊ ဓမ္မဝိဟာရီ ပုဂ္ဂိုလ်မမည်၊ ဝိတက္ကဗဟုလ– အကြံများသော ပုဂ္ဂိုလ်သာမည်၏၊ ပိဋကတ်ကို သင်ကြားပြီးလျှင် သမာဓိ ဝိပဿနာကို သိမ်းဆည်း အားထုတ်သော ပုဂ္ဂိုလ်သည်သာလျှင် ဓမ္မဝိဟာရီ ပုဂ္ဂိုလ်မည်၏။ ထို့ကြောင့် ဓမ္မဝိဟာရီပုဂ္ဂိုလ်မည်ထိုက်အောင် ပဋ္ဌိပတ် ကျင့်ဝတ်တရားကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ ပဋ္ဌိပတ်ကျင့်ဝတ်တရားကို သိဦးရာ၏။

## ကျင့်စဉ်အခြေခံအကြောင်းရင်း

သိရာသောနည်းအစဉ်ကား ဤသို့တည်း၊ မဂ်လေးပါး၏ အခြေကား ဝိပဿနာ ဉာဏ်ဆယ်ပါး၊ ဝိပဿနာ၏ အခြေကား သမာဓိနှစ်ပါး၊ သမာဓိ၏အခြေကား စိတ္တသုခ၊ စိတ္တသုခ၏အခြေကား သီလ၊ သီလ၏အခြေကား ဟိရိဩတ္တပ္ပ နှစ်ပါးတည်း၊ ပဋ္ဌိပတ်၏ အခြေကား သုတမယဉာဏ်ဟုဆိုအပ်သော တရားကျမ်းဂန်ကို သင်ကြား နာကြား မှတ်သား ဆောင်ရွက်ခြင်းပေတည်း။ တရားတော်ကို သင်ကြားနာခံ

ဆောင်ရွက်ခြင်းနှင့်စပ်သော သုတမယဉာဏ်နှင့် ပြည့်စုံသော သူသည်သာလျှင် ပဋိပတ်ကို ဖြည့်နိုင်ရာသည်၊ ပဋိပတ်တွင်လည်း မကောင်းမှုကို ရှက်တတ်သော ဟိရိတရား၊ မကောင်းမှုကို ကြောက်လန့်တတ်သော ဩတ္တပ္ပတရားနှင့် ပြည့်စုံသော သူသည်သာလျှင် သီလကို စောင့်ရှောက်နိုင်ရာသည်၊ စင်ကြယ်သော သီလနှင့် ပြည့်စုံသောသူသည်သာလျှင် စိတ်၏ ချမ်းသာခြင်းသုခကို ရနိုင်ရာသည်၊ စိတ္တသုခနှင့် ပြည့်စုံသော သူသည်သာလျှင် လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် တခုခုသော ကမ္မဋ္ဌာန်းကို အာရုံပြုခြင်း၏အစွမ်းဖြင့် ဖြစ်သော သမာဓိကိုရရာသည်၊ သမာဓိနှင့် ပြည့်စုံသော သူသည်သာလျှင် ဝိပဿနာ ဉာဏ်ကိုရရာသည်၊ ဝိပဿနာဉာဏ်နှင့် ပြည့်စုံသောသူသည်သာလျှင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကို ရရာသည်။ ဤကား ပဋိပတ်ကျင့်စဉ်တည်း။

## နိဗ္ဗာန်သို့ဦးတည်သောသီလ

ထိုပဋိပတ် ကျင့်စဉ်နည်းအတိုင်း သရဏဂုံ သီလမခံမီ သိမ်းဆည်းရသော ဟိရိဩတ္တပ္ပတရားနှစ်ပါးကို ရှေးဦးစွာ သိမ်းဆည်းရမည်၊ သိမ်းဆည်းပြီးမှ သရဏဂုံ သီလ ခံယူရမည်၊ သရဏဂုံ ဆောက်တည်ရာ၌လည်း ဘုရားသခင်၏ အရဟာတာစသော ဂုဏ်ကိုလည်းကောင်း၊ တရားတော်၏ သွာက္ခာတတာစသော ဂုဏ်ကိုလည်းကောင်း၊ သံဃာတော်၏

သုပ္ပဋိပန္နတာစသော ဂုဏ်ကိုလည်းကောင်း မတုန်မလှုပ် သက်ဝင်၍ ကြည်ညိုခြင်းသဒ္ဓါတရားကိုရှေ့သွားပြု၍ ရတနာ သုံးပါးသည် လောက သုံးပါးထက် အမြတ်ဆုံး ဖြစ်သည်၊ ရတနာသုံးပါးကို ကိုးကွယ်ရလျှင် အပါယ်ဆင်းရဲမှလွတ်၏၊ နိဗ္ဗာန်တိုင်အောင် ချမ်းသာကို ပေးတတ်၏ဟု နှလုံးသွင်း၍ မိမိသန္တာန်၌ ရုပ်နာမ်ခန္ဓာ၏ ဖြစ်ခြင်းပျက်ခြင်းကို ဉာဏ်ဖြင့် ရှုလျက် ခန္ဓာငါးပါးမှ ထွက်ရာ နိဗ္ဗာန်သို့ညွတ်သော စိတ်ကို ဖြစ်စေ၍၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ-စသည်ဖြင့် သရဏဂုံကို ဆောက်တည်ရာ၏၊ ဤသို့ ဆောက်တည်သော သရဏဂုံသည် သာလျှင် မဂ်ဖိုလ် နိဗ္ဗာန်၏ နီးစွာသော အကြောင်းဖြစ်၏။

သီလကို ဆောက်တည်ရာ၌လည်း ဘုရား အစရှိသော သူတော်ကောင်းတို့၏ သွားရာဖြစ်သော အကျင့်လမ်းကို အားထုတ်ပေတော့မည်ဟု နှလုံးပိုက်၍၊ သီလသည် မဂ်ဖိုလ် နိဗ္ဗာန်၏ အကြောင်းဖြစ်သော အကျင့်တွင် မြေကြီးနှင့် တူသည်ဖြစ်၍ သီလ၌ တည်သော်သာလျှင် သမာဓိစသော ကျင့်ဝတ် တည်နိုင်ရာသည်ဟု ဆင်ခြင်၍၊ မိမိခန္ဓာကိုယ်၏ တခဏမျှမတည်၊ ဖောက်ပြန်တတ်သောသဘောကို ဉာဏ်ဖြင့် ရှု၍ ခန္ဓာငါးပါးမှ လွတ်မြောက်ရာ၊ နိဗ္ဗာန်ကို အာရုံပြု၍ "ပါဏာတိပါတာ ဝေရမဏီ" စသည်ဖြင့် သိက္ခာပုဒ်သီလကို ဆောက်တည်ရာ၏။ ဤသို့ဆောက်တည်ရသော သီလသည် သာလျှင် မဂ်ဖိုလ် နိဗ္ဗာန်၏ အကြောင်းရင်းဖြစ်၏။

## သရဏဂုံသီလကို ဆောက်တည်နည်းကား

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဘန္တေ၊ အရှင်ဘုရား။တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသော သီလဟုဆိုအပ်သော။ ဓမ္မံ၊ ကျင့်ဝတ်သိက္ခာပုဒ်ကို။ယာစာမိ၊ တောင်းပါ၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အရဟတော၊ ရာဂ ဒေါသ အစရှိသော ပူပန် စေတတ်သော၊ ကိလေသာတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်ဖြတ်တော်မူပြီးထသော။သမ္မာသမ္ဗုဒ္ဓဿ၊ သင်္ခါရ ဝိကာရ လက္ခဏာ နိဗ္ဗာန် ပညတ် တည်းဟူသော ဉေယျဓမ် တရား ငါးပါးတို့ကို၊ ကိုယ်တော်တိုင် မှန်ကန်စွာ အကြွင်းမဲ့ သိတော်မူပြီးထသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ မေ၊ အကျွန်ုပ်၏။ နမော၊ ရှိခိုးခြင်းသည်။ အတ္ထု ဘဝတု၊ ဖြစ်ပါစေသတည်း။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ၊ သစ္စာလေးပါး တရားကို အရဟတ္တမဂ်ဉာဏ်ဖြင့် သိတော်မူပြီးသော ဘုရားသခင်ကို။ သရဏံ၊ သရဏံ ဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ ဓမ္မံ၊ မဂ် လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ်ဟု ဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို။ သရဏံ သရဏံ ဣတိ၊ ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။ သံဃံ၊ မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော်ကို။ သရဏံ ဣတိ– ကိုးကွယ်ရာဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ယော ဝဒတံ ပဝရော မနုဇေသု၊
သကျမုနိ ဘဂဝါ ကတ ကိစ္စော။
ပါရဂတော ဗလဝီရိယသမင်္ဂီ၊
တံ သုဂတံ သရဏတ္ထမုပေဟိ။
ရာဂ ဝိရာဂ မနေဇ မသောကံ၊
ဓမ္မ မ သင်္ခတ မပ္ပဋိကူလံ။
မဓုရမိမံ ပဂုဏံ သုဝိဘတ္တံ၊
ဓမ္မမိမံ သရဏတ္ထမုပေဟိ။
ယတ္ထ စ ဒိန္နမဟပ္ဖလမာဟု၊
စတူသု သုစိသု ပုရိသယုဂေသု။
အဋ္ဌ စ ပုဂ္ဂလ ဓမ္မဒသာ တေ၊
သံဃမိမံ သရဏတ္ထမုပေဟိ။

ဆတ္တာလုလင်အား ဘုရားသခင် မေးတော်မူသော ဆတ္တ-
မာဏဝက သုတ် ၌လာသော သရဏဂုံတည်း။ (ဝိမာန
၃ ၂၁၃)

သာဝကေပါဠိ၏အနက်ကား-မနုဿေသု၊ လူတို့တွင်။ ဒေဝါ၊
တရားမြွေ ဟောပြတတ်ကုန်သော သူတို့ထက်။ ပဝရော၊
အလွန်အကြူး အထူး သဖြင့် မြတ်တော် မူပေထသော။
ဘဂဝါ၊ ဣဿရိယ ယသ, မေ့သိရိ, ကာမ, ပယတ္တ-တည်းဟူ
သော ဘုန်းတော် ခြောက်ပါးနှင့်ပြည့်စုံတော်မူပြီးထသော။
ကတကိစ္စော၊ တပါးတပါးသောမဂ်၏ ဒုက္ခသစ္စာကို ပိုင်း
ခြား၍ သိခြင်း, သမုဒယသစ္စာကို ပယ်ခြင်း, နိရောဓသစ္စာကို
မျက်မှောက်ပြုခြင်း, မဂ္ဂသစ္စာကို ပွားစေခြင်း၏ အစွမ်းဖြင့်
ပြုအပ်ပြီးသော တဆယ့်ခြောက်ပါးသောမဂ်ကိစ္စ ရှိတော်
မူထသော။ပါရဂတော၊နိဗ္ဗာန်တည်းဟူသောကမ်းတဘက်သို့
ရောက်တော်မူပြီးထသော။ ဗလဝီရိယသမင်္ဂီ၊ ကာဠာဝက,
ဂင်္ဂေယျ-စသော ဆင်မျိုး၏ အစဉ်အတိုင်း၊ဆယ်ဆ ဆယ်ဆစီ
ဘက်သော အားရှိသော ဆဒ္ဒန်ဆင်မင်း ဆယ်စီးအားကို
ဆောင်တော် မူနိုင်သော ဆယ်ပါးသော ကာယဗလ၊
အကြောင်းဟုတ်သည် မဟုတ်သည်ကို သိသောဉာဏ်၊ ကံ၏
အကျိုးကို သိသောဉာဏ်၊ ကံကို သိသောဉာဏ်၊ အထူးထူး
သော သဘောရှိသော လောကကို သိသောဉာဏ်၊ သတ္တဝါ
တို့၏အလိုနှလုံးသွင်းကိုသိသောဉာဏ်၊ သတ္တဝါတို့၏ ဣန္ဒြေ

ရင့်မရင့်ကို သိသောဉာဏ်၊ ဈာန်စသည်ကို သိသောဉာဏ်၊ ရှေး၌ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့ဆင်ခြင်နိုင်သော ပုဗ္ဗေနိဝါသဉာဏ်၊ နတ်မျက်စိကဲ့သို့ အလွန်နီးသည် အလွန်ဝေးသည် အလွန်သိမ်မွေ့သည် အလွန်ကြီးသည် အစရှိသော ရူပါရုံကို မြင်ခြင်းငှါ စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊ ကာမာသဝ, ဘဝါသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝ တည်းဟူသော၊ အာသဝေါတရား လေးပါးတို့ကို ကုန်စေတတ်သော အာသဝက္ခယဉာဏ် တည်းဟူသော ဆယ်ပါးသောဉာဏ်ဗလ၊ သမ္မပ္ပဓာန်ကိစ္စကို ပြီးစေတတ်သော ဝီရိယတရားနှင့် ပြည့်စုံတော်မူပြီးထသော။ ယော သကျမုနိ အကြင် သာကီဝင်မင်းတို့၏ အထွဋ်အမြတ်ဖြစ်တော်မူသော ဘုရားသခင်သည်။ အတ္ထိ၊ ရှိ၏။ သုဂတံ၊ ကောင်းသော စကားကိုဆိုတော်မူတတ်ထသော။ တံ သကျမုနိံ၊ သာကီဝင်မင်းတို့၏ အထွဋ်အမြတ်ဖြစ်တော်မူသော ထိုဘုရားသခင်ကို။ သရဏံ၊ သရဏတ္ထံ၊ ကိုးကွယ်ခြင်းငှါ။ ဥပေပဟိ၊ ဆည်းကပ်ပါလေလော့။

ရာဂဝိရာဂံ၊ ရာဂကို ကင်းစေတတ်သော။ မဂ္ဂ၊ လေးပါးသော အရိယမဂ်တရားသည်လည်းကောင်း။ အနေဇံ၊ ဇောမည်သော တဏှာမှ ကင်းထသော။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိထသော။ မဂ္ဂဖိုလ်တရားသည်လည်းကောင်း။ အသင်္ခတံ၊ ကံ စိတ် ဥတု အာဟာရတည်းဟူသောအကြောင်းတရား လေးပါးတို့သည် မပြုပြင်အပ်သော။ အပ္ပဋိကူလံ၊

စက်ဆုပ်ဖွယ်မရှိသော။ ဓမ္မဉ္စ၊ နိဗ္ဗာန်တရားမြတ်သည်လည်း ကောင်း။ မစုရံ၊ သင်သောအခါ ကျင့်သောအခါ ဆင်ခြင်သောအခါ၌၊ကောင်းမွန်ထသော။ ပဂုဏံ၊ သဗ္ဗညုတဉာဏ်၏ မှီရာပညာကို ဖြစ်စေတတ်သောကြောင့် လေ့လာ အပ်ထသော။ သုဝိဘတ္တံ၊ ခန္ဓာ အစရှိသော ကုသိုလ် အစရှိသော ဥဒ္ဒေသ အစရှိသောအားဖြင့် ကောင်းစွာ ဝေဘန်အပ်ထသော။ ဣမဥ္စဓမ္မံ၊ ဤပရိယတ် တရားတော်မြတ်သည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဣမဥ္စ မမ္မံ၊ ဤဆယ်ပါးသော တရားတော်မြတ်ကိုလည်း။ သရဏတ္တံ၊ ကိုးကွယ်ခြင်းငှါ။ ဥပေဟိ၊ ဆည်းကပ်ပါလေလော့။

ယတ္ထ၊ အကြဲင်အရိယာ သံဃာတော်၌၊ ဝါ-အကြင် အရိယာ သံဃာတော်အား။ ဒိန္နံ၊ ပေးအပ်သော အလှူကို။ မဟပ္ဖလံ၊ များသောအကျိုးရှိ၏ဟူ၍။ ပဏ္ဍိတာ၊ဘုရားအစရှိသော ပညာရှိတို့သည်။ အာဟု၊ ဆိုကုန်၏။သုစီသု၊စင်ကြယ်သော အကျင့်ရှိကုန်သော။ စတူသု၊လေးယောက်ကုန်သော။ ပုရိသယုဂေသု၊ ယောကျ်ားမြတ် ပုဂ္ဂိုလ်အစုံတို့၌။ ဝိသုံ ဝိသုံ ဂဟဏေန၊ အသီးသီးယူသဖြင့်။ ဓမ္မဒသာ၊ သစ္စာလေးပါး တရားကို မြင်တတ် ကုန်သော။ တေအရိယာသံဃာ၊ ထို အရိယာ သံဃာတော်တို့သည်။ အဋ္ဌ စ ပုဂ္ဂလာ၊ ရှစ်ယောက်သော ပုဂ္ဂိုလ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣမံ

သံဃံ၊ ဤအရိယာ သံဃာတော်ကို။ သရဏတ္တံ၊ ကိုးကွယ်ခြင်းငှာ။ ဥပေဟိ၊ ဆည်းကပ်ပါလေလော့။

## သရဏဂုံဆောက်တည်နည်းအမျိုးမျိုး

(အဇ္ဇာဒိံ ကတွာ အဟံ အတ္တာနံ ဗုဒ္ဓဿ နိယျာတေမိ၊ ဓမ္မဿ နိယျာတေမိ၊ သံဃဿ နိယျာတေမိတိ မံ ဓာရေထ) ဟူ၍လည်း ဆောက်တည်ရာ၏၊ ဤသို့ ဆောက်တည်သော သရဏဂုံသည် အတ္တသန္နိယျာတန် သရဏဂုံမည်၏။

**အနက်ကား—**

အဟံ၊ ငါသည်။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍။ အတ္တာနံ၊ ကိုယ်ကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နိယျာတေမိ၊ ဆောင်နှင်းပါ၏။ ဓမ္မဿ၊တရားတော်အား။နိယျာတေမိ၊ ဆောင်နှင်းပါ၏။ သံဃဿ၊ သံဃာတော်အား။ နိယျာတေမိ၊ ဆောင်နှင်းပါ၏။ ဣတိ၊ဤသို့။ မံ၊ အကျွန်ုပ်ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်လော့။

(အဇ္ဇာဒိံ ကတွာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကော၊ဓမ္မဿ အန္တေဝါသိကော၊သံဃဿ အန္တေဝါသိကော မံ ဓာရေထ။) ဟူ၍လည်း ဆောက်တည်ရာ၏။ ဤသို့ဆောက်တည်သော သရဏဂုံသည် သိဿဘာဝူပဂမန သရဏဂုံ မည်၏။

အနက်ကား-

အဟံ၊ ငါသည်။ အဇ္ဇာဒိံကတွာ၊ ယနေ့ကို အစပြု၍။ ဗုဒ္ဓံ၊ မြတ်စွာဘုရား၏။ အန္တေဝါသိကော၊အတွင်းတပည့်တည်း။ ဓမ္မံ၊ တရားတော်၏။ အန္တေဝါသိကော၊အတွင်းတပည့်တည်း။ သံဃံ၊ သံဃာတော်၏။ အန္တေဝါသိကော၊ အတွင်းတပည့်တည်း။ ဣတိ၊ ဤသို့။ မံ၊ငါ့ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်လော့။

အဇ္ဇာဒိံကတွာ အဟံ ဗုဒ္ဓပရာယဏော၊ဓမ္မပရာယဏော၊ သံဃပရာယဏောတိ မံ ဓာရေထ။) ဟူ၍ ဆောက်တည်အပ်၏။ ဤသို့ဆောက်တည်သော သရဏဂုံသည် တပ္ပရာယဏတာ သရဏဂုံမည်၏။ အနက်ကား-

အဟံ၊ ငါသည်။ အဇ္ဇာဒိံကတွာ၊ ယနေ့ကိုအစပြု၍။ဗုဒ္ဓပရာယဏော၊ ဘုရားလျှင် လည်းလျောင်းရာရှိ၏။ဓမ္မပရာယဏော၊ တရားလျှင် လည်းလျောင်းရာ၏၊ သံဃပရာယဏော၊ သံဃာလျှင် လည်းလျောင်းရာရှိ၏။ ဣတိ၊ဤသို့။ မံ၊ငါ့ကို။ ဓာရေထ၊ မှတ်တော်မူပါကုန်လော့။

(အဇ္ဇာဒိံကတွာ အဟံ အဘိဝါဒန ပစ္စုဋ္ဌာန အဉ္ဇလိကမ္မ သာမိစိကမ္မံ ဗုဒ္ဓါဒီနံ ယေဝ တိဏ္ဏံ ဝတ္ထုနံ ကရောမီတိ မံ ဓာရေထ) ဟူ၍လည်း ဆောက်တည်ရာ၏။ဤသို့ဆောက်တည်သော သရဏဂုံသည် ပဏိပါတ သရဏဂုံမည်၏။

အနက်ကား–

အဟံ၊ ငါသည်။ အဇ္ဇာဒိံ ကတွာ၊ ယနေ့ကို အစပြု၍။ အဘိဝါဒန ပစ္စုဋ္ဌာန အဉ္ဇလိ ကမ္မသာ မိစိကမ္မံ၊ ရှိခိုးခြင်း နေရာမှထ၍ ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း အရိုအသေ ပြုခြင်းကို။ ဗုဒ္ဓါဒီနံ၊ ဘုရားအစရှိကုန်သော။ တိဏ္ဏံယေဝ ဝတ္ထူနံ၊ ရတနာသုံးပါးတို့အားသာလျှင်။ ကရောမိ၊ ပြုပါ၏။ ဣတိ၊ ဤသို့။ မံ၊ ငါ့ကို။ ဓာရေထ၊ မှတ်တော်မူပါကုန် လော့။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ–စသည်ဖြင့် ဆောက်တည်သော သရဏဂုံသည် ယခင်လေးပါးတွင် တပွရာ ယဏတာ နည်း၏။ ပဏ်ပါတလည်းမည်၏၊ ဤသို့ အသီးအသီး သရဏဂုံဆောက် တည်ရာ၌ မိမိခန္ဓာ ကာယ၏ ဖြစ်ခြင်း ပျက်ခြင်းကို ဉာဏ်ဖြင့် အဖန်တလဲလဲရှု၍ ငြီးငွေ့ခြင်းဖြင့် ခန္ဓာငါးပါးမှ ထွက်ရာ နိဗ္ဗာန်သို့ ရှေးရှု၍ ဆောက်တည်သောသရဏဂုံသည်သာလျှင် အထွဋ်အမြတ်ဖြစ်သည်၊ မဂ်ဖိုလ်နိဗ္ဗာန်၏ ကြောင်းဥပနိဿယ အကြောင်းရင်းလည်းဖြစ်၏။ အမှတ်မဲ့ ဆောက်တည်သော သရဏဂုံသည် ငရဲ၌ ကျင်လည်ခြင်း၏ အကြောင်းသာ ဖြစ်သည်။

အပါယဘယံ ဟိံသတိတိ သရဏံ။ ရတနာ သုံးပါး ရ၏။ သရဏဿ ဂမနံ သရဏဂမနံ။ ရတနာသုံးပါးသို့ ဆည်းကပ်ကြောင်း စေတနာရ၏။

အနက်ကား-

အပါယဘယံ၊ အပါယ်ဘေးကို။ ဟိံသတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သရဏံ၊ သရဏ မည်၏။ ။သရဏာသာ၊ရတနာသုံးပါးသို့။ ဂမန်၊ဆည်းကပ်ကြောင်းတည်း။ သရဏဂမန်၊ ရတနာသုံးပါးသို့ ဆည်းကပ်ကြောင်း။

(၁) ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

(၂) အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိ- ယာမိ။

(၃) ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

(၄) မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိ- ယာမိ။

(၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ- သိက္ခာပဒံ သမာဒိယာမိ။ဟူ၍ ပဥ္စသီလဟု ဆိုအပ်သော ငါးပါးသော သိက္ခာပုဒ်ကို ဆောက်တည် အပ်၏။ အနက်ကား-

ပါဏာတိပါတာ၊သူ၏အသက်ကို သတ်ခြင်းမှ။ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ခြင်းဟုဆိုအပ်သော သိက္ခာပုဒ်ကို။သမာဒိ- ယာမိ၊ ဆောက်တည်ပါ၏။

အဒိန္နာဒါနာ၊ အရှင်မပေးသော သူတပါးဥစ္စာကိုခိုးယူခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ကြဉ်ခြင်းဟုဆိုအပ်သောသိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားသော အကျင့်ကို ကျင့်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ကြဉ်ခြင်းဟုဆိုအပ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကိုပြောဆိုခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊ ကြဉ်ခြင်းဟုဆိုအပ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့ လျော့ ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ။ ဝေရ-မဏိ သိက္ခာပဒံ၊ ကြဉ်ခြင်းဟုဆိုအပ်သော သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

ဤသို့ သရဏဂုံ သီလကို ခံယူပြီးသောသူသည် မိမိကျင့်ဝတ်ဖြင့် ဘုရားကို ပူဇော်ရသော နည်းကား–

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဣမာယ ပဋိပတ္တိယာ ဇရာ မရဏမှာ ပရိ မုစ္စိဿာမိ။ ဤသို့နှုတ်တက်ရွတ်၍ဘုရားအား ပူဇော်ရာ၏။ အနက်ကား–

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ၊ လောကုတ္တရာ တရားကိုးပါးအား လျော်သော ဤအကျင့်ဝတ် ပဋိပတ်ဖြင့်။ ဗုဒ္ဓံ၊

မြတ်စွာဘုရားကို။ ပူဇေမိ၊ ပူဇော်ပါ၏။ ။ကာမာဃ ပဋိ–
ပတ္တိယာ၊ ဤကျင့်ဝတ် ပဋိပတ်ဖြင့်။ ဇရာ မရဏာမှာ၊အိုခြင်း
သေခြင်းမှ။ ပရိမုစ္စိဿာမိ၊ လွတ်ရပေတော့အံ့။ ။
ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းပြီးလျှင်လည်း ဤနည်းအတိုင်း
ပူဇော်ရာသည်။

ဥပေါသထ သီလကို ဆောက်တည်ရသော နည်းကား

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ
ဥပေါသထသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ
ဒေထ မေ ဘန္တေ။ အနက်ကား–

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊တပည့်တော်သည်။တိသရ-
ဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ အဋ္ဌင်္ဂ သမန္နာ-
ဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဥပေါသထသီလံ၊ဥပုသ်
သီလဟု ဆိုအပ်သော။ ဓမ္မံ၊ကျင့်ဝတ်ကို။ယာစာမိ၊တောင်း
ပါ၏။ ဘန္တေ၊အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ အနုဂ္ဂဟံ၊
ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ အင်္ဂါရှစ်ပါးနှင့်
ပြည့်စုံသော ဥပုသ်သီလကို။ ဒေထ၊ ပေးတော် မူပါကုန်
ဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အနက်–ရှေးနည်းတူ ဆိုပါလေ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ။

အနက်–ရှေးနည်းတူ ဆိုပါလေ။

ပါဏာတိပါတာ ဝေရမဏိ။ အဒိန္နာဒါနာ ဝေရမဏိ။ အဗြဟ္မစရိယာ ဝေရမဏိ။ မုသာဝါဒါ ဝေရမဏိ။ သုရာမေရယ မဇ္ဇ ပမာဒဋ္ဌာနာ ဝေရမဏိ။ ဝိကာလဘောဇနာ ဝေရမဏိ။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏိ။ ဥစ္စာသယန မဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

**အနက်ကား**။ ။ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းလည်းကောင်း။ အဒိန္နာဒါနာ၊ အရှင်မပေးသော သူတပါးဥစ္စာကို ခိုးယူခြင်းမှ၊ ဝေရမဏိ၊ ကြဉ်ခြင်းလည်းကောင်း။ အဗြဟ္မစရိယာ၊ မေထုန်မှီဝဲခြင်းဟု ဆိုအပ်သော မမြတ်သောအကျင့်ကို ကျင့်ခြင်းမှ၊ ဝေရမဏိ၊ ကြဉ်ခြင်းလည်းကောင်း။ မုသာဝါဒါ၊ မဟုတ်မမှန်သောစကားကို ဆိုခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းလည်းကောင်း။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းလည်းကောင်း။ ဝိကာလဘောဇနာ၊ နေ့လွဲသောအခါ၌ ဘောဇဉ်ငါးပါးကို စားခြင်းမှ။ ဝေရမဏိ၊ ကြဉ်ခြင်းလည်းကောင်း။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန

မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ၊ သာသနာတော်၏တံကျင်သဖွယ်ဖြစ်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့ကို ကြည့်ရှုခြင်း, နံ့သာထောင်ခြင်း၊ ပန်းနံ့သာပျောင်းတို့ကို ပန်ခြင်း, လိမ်းခြင်း, တန်းဆာဆင်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းလည်းကောင်း။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

## ဓုတင်ဆောက်တည်ပုံ

ဧကာသနိက်ဓုတင်, ပတ္တပိဏ်ဓုတင်ဆောက်တည်ရသော နည်းကား—

နာနာသနံ ဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ဂံ သမာဒိယာမိ။ ။အနက်ကား—နာနာသန ဘောဇနံ၊ အထူးထူးသော နေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂံ၊ တနေရာတည်း၌ စားခြင်းအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

## အခိပ္ပါယ်မှတ်ရန်

စားခွက်၌ စားအံ့ဟု လက်ချသောအခါမှစ၍ အသစ်ရောက်လာသော ဘောဇဉ်ကို မသုံးဆောင်မူ၍ ကျင့်ခြင်းသည် အမြတ်မည်၏။

စားခွက်၌ လက်ချ၍ စားသောက်သောအခါမှစ၍ ရေသောက်ခြင်းသို့မရောက်မီ အသစ်ရောက်လာသော ဘောဇဉ်ကို မသုံးဆောင်မူ၍ ကျင့်ခြင်းသည် အလတ်မည်၏။

ရေသောက်ပြီးနောက် နေရာမှ မရွေ့မီ အခြားကရောက်လာသော ဘောဇဉ်ကို သုံးဆောင်ခြင်းသည် အယုတ်မည်၏။ ဤကား ကောသနိက်ဓူတင် ဆောက်တည်ရာသောအင်္ဂါတည်း။

## ပတ္တပိဏ္ဍိက (ပတ္တပိဏ်ဓူတင်)ဆောက်တည်ပုံ

ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။

**အနက်ကား။** ။ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သော စားခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂံ၊ တခွက်တည်း၌ စားခြင်းအင်္ဂါကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

## အဓိပ္ပါယ်မှတ်ရန်

ပတ္တပိဏ်ဓူတင် ဆောက်တည်ရာ၌ ဘောဇဉ်ကို သုံးဆောင်သည့်ကာလ ထမင်းတုံး, အမဲတုံးကို သွားဖြင့်မကိုက်မူ၍ သုံးဆောင်ခြင်းသည် ဥက္ကဋ္ဌမည်၏၊ ဘောဇဉ်ကို သုံးဆောင်သည့်ကာလ အမဲ ငါးတို့ကို လက်တဖက်ဖြင့် မဆွဲငင်မူ၍ သွားဖြင့်သာ ကိုက်၍သုံးဆောင်ခြင်းသည် မဇ္ဈိမမည်၏၊ ဘောဇဉ်ကို သုံးဆောင်သည့်ကာလ အမဲ ငါးတို့ကို လက်

တဖက်ဖြင့် ဆွဲလျက် သွားဖြင့် ကျိတ်ဖြတ်၍ သုံးဆောင်ခြင်းသည် မုဒုမည်၏။ (ဤကား ပတ္တပိဏ်ဍုတင်ဆောက်တည်ရာသော နည်းတည်း။)

ဧကာသနိက်, ပတ္တပိဏ်ဍုတင်ကို ဆောက်တည်ရာ၌ ရသမျှသော ဘောဇဉ်ကိုသာ ရောင့်ရဲသဖြင့် သုံးဆောင်ခြင်းသည် သန္တုဋ္ဌိ မည်၏၊ ရသမျှသော ဘောဇဉ်တွင် လောလုပ္ပတဏှာ ပွားများကြောင်းဖြစ်သော အမြတ်တနိုးသော ဘောဇဉ်ကိုပယ်၍ မျှတရုံသော ဘောဇဉ်ကိုသုံးဆောင်ခြင်းသည် သလ္လေခမည်၏။ ဓုတင်ကိုမဆောင်မီက မိမိကိုယ်တိုင် မပြုပြင်မူ၍ အလိုအလျောက် ရရာသမျှသောဘောဇဉ်ကို သုံးဆောင်ခြင်းသည် သလ္လဟုက ဝုတ္တိမည်၏။ ဤကား သန္တုဋ္ဌိ, သလ္လေခ, သလ္လဟုကဝုတ္တိနည်းတည်း။

## သီလ ၄-မျိုး

သီလသည် ဟာနဘာဂိယသီလ၊ ဌိတိဘာဂိယသီလ၊ ဝိသေသဘာဂိယသီလ၊ နိဗ္ဗေဓဘာဂိယသီလဟူ၍ လေးပါး အပြားရှိသည်။

ထိုလေးပါးသော သီလတို့တွင် သီလခံယူပြီးလျှင် မဂ်ဖိုလ်မှ ဝေးလာဖြစ်သော ထမင်းစကား, ဟင်းစကား, ယောကျ်ားစကား, မိန်းမစကား စသော သုံးဆယ့်နှစ်ပါးသော တိရစ္ဆာနကထာစကားတို့ကို ပြောဆို၍ လွန်စေသော

သီလသည် ယုတ်သောအကျိုးရှိသော ဟာနဘာဂိယသီလ မည်၏၊ သီလခံယူပြီးလျှင် ကမ္မဋ္ဌာန်းကို နှလုံးမသွင်းမူ၍ သီလဖြင့်သာ ရောင့်ရဲသည်ဖြစ်၍ လွန်စေသောသီလသည် ဌိတိဘာဂိယ သီလမည်၏။

သီလခံယူပြီးလျှင် လေးဆယ်သော ကမ္မဋ္ဌာန်းတွင် တခုခုသော ကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် အပိုင်းအခြားကို လွန်စေသောသီလသည် ဝိသေသဘာဂိယသီလမည်၏၊ သီလခံယူပြီးလျှင် ကမ္မဋ္ဌာန်းကို နှလုံးသွင်းသဖြင့် သမာဓိကိုရပြီး ထိုသမာဓိကိုအခြေပြု၍မိမိခန္ဓာကိုယ်၌ ငြီးငွေ့သဖြင့် လက္ခဏာရေး သုံးပါးတင်၍ဆင်ခြင်နိုင်သောဉာဏ်ဖြင့် ခြံရံအပ်သောသီလသည် နိဗ္ဗေဓဘာဂိယသီလမည်၏။ ဤကား သီလအပြား လေးပါးတည်း။

## သမ္ပဇဉ်တရား လေးပါးကား

သတ္ထကသမ္ပဇဉ်, သပ္ပါယသမ္ပဇဉ်, ဂေါစရသမ္ပဇဉ်, အသမ္မောဟသမ္ပဇဉ် ဟူ၍ လေးပါးအပြားရှိ၏။

ထိုလေးပါးတို့တွင် အကျိုးရှိသည်ကိုသာ သိမ်းဆည်းခြင်းသည် သတ္ထကသမ္ပဇဉ်မည်၏၊ အကျိုးပင်ရှိသော်လည်း လျောက်ပတ်သည်ကိုသာ သိမ်းဆည်းခြင်းသည် သပ္ပါယသမ္ပဇဉ်မည်၏၊ ကမ္မဋ္ဌာန်းတည်းဟူသော အာရုံနှင့် မကင်း

အောင် နှလုံးသွင်းခြင်းသည် ဂေါစရ သမ္ပဇည မည်၏၊ သွားတတ်သော ပုဂ္ဂိုလ်, လာတတ်သော ပုဂ္ဂိုလ်, အိပ်တတ်သော ပုဂ္ဂိုလ်, နေတတ်သော ပုဂ္ဂိုလ်, အာရုံကို ခံစားတတ်သော ပုဂ္ဂိုလ်, ဟူ၍ ပရမတ္ထအားဖြင့် ထင်ရှားမရှိ၊ စင်စစ်သော်ကား စိတ္တဇဝါယောဓာတ် ပြန့်သောအားဖြင့်သာ ဖြစ်သည်ဟု သိမ်းဆည်းခြင်းသည် အသမ္မောဟ သမ္ပဇည မည်၏။ ဤကား သမ္ပဇညတရား လေးပါးတည်း။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ။
(ဝိသုဒ္ဓိမဂ် ၄ ၁-၁၀)

**အနက်ကား။** ။သာသနေ၊ သာသနာတော်၌။ ကုလပုတ္တာနံ၊ အမျိုးသားတို့၏၊ ယံ သီလံ၊ အကြင်သီလကို။ ဝိနာ၊ ကင်း၍။ ပတိဋ္ဌာ၊ ထောက်တည်ရာမည်သည်။ နတ္ထိ၊ မရှိ။ တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသ ပရိစ္ဆေဒံ၊ အကျိုးဆက်၏ အပိုင်းအခြားကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ဤမျှသောစည်းစိမ်ချမ်းသာကို ခံစားရသည်ဟု ရေတွက်ခြင်းငှါ တတ်နိုင်အံ့နည်း။

သီလသမော ဂန္ဓော နာမ နတ္ထိ။ သီလသမော၊ သီလနှင့်တူသော။ ဂန္ဓော နာမ၊ နံ့သာမည်သည်။ နတ္ထိ၊ မရှိ။ သီလဂန္ဓော၊ သီလတည်းဟူသော နံ့သာသည်။ အနုဝါတေ စ

လေကြေသို့ လည်းကောင်း။ ပဋိဝါတေ စ၊ လေညာသို့ လည်းကောင်း။ ဝါယတိ၊ လှိုင်၏။

သီလဂန္ဓော၊ သီလတည်းဟူသော နံ့သာသည်။ ဒသ ဒိသာ၊ ဆယ်ပါးသော အရပ်မျက်နှာသို့။ ဝါယတိ၊ လှိုင်၏။ သီလအလင်္ကာရော၊ သီလနှင့်တူသော တန်ဆာမည်သည်။ နတ္ထိ၊ မရှိ။ သီလပါထေယျံ၊ သီလနှင့်တူသော ရိက္ခာထုပ်သည်။ နတ္ထိ၊ မရှိ။ သီလပတိဋ္ဌာ၊ သီလနှင့်တူသောကိုးကွယ်ရာသည်။ နတ္ထိ၊ မရှိ။

သီလတိ ကာယကမ္မာဒီနိ သမာဒပေတီတိ သီလံ၊ သီလတိ ကုသလေ ဓမ္မေ ပတိဋ္ဌာပေတီတိ သီလံ။

**အနက်ကား**။ ။ယံ ဓမ္မ ဇာတံ၊ အကြင်တရားသဘောသည်။ ကာယကမ္မာဒီနိ၊ ကာယကံ အစရှိသည်တို့ကို။ သီလတိ သမာဒပေတိ၊ ကောင်းစွာထားတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ကာယကံ အစရှိသည်တို့ကိုကောင်းစွာထား တတ်သော သတ္တိကြောင့်။ တံ ဓမ္မ ဇာတံ၊ ထိုတရား သဘောသည်။ သီလံ နာမ၊ သီလမည်၏။ ဝါ၊ တနည်း ကား၊ ယံ ဓမ္မ ဇာတံ၊ အကြင်တရားသဘောသည်။ ကုသလေ ဓမ္မေ၊ ကုသိုလ်တရားတို့ကို။ သီလတိ ပတိဋ္ဌာပေတိ၊ တည်စေတတ်၏။ ဣတိ တသ္မာ၊ ထိုသို့ ကုသိုလ်တရားတို့ကို တည်စေတတ်သော သတ္တိကြောင့်။ တံ ဓမ္မ ဇာတံ၊ ထို

တရားသဘောသည်။ သီလံ နာမ၊ သီလမည်၏။ (သီလ စေတနာ ရ၏။)

သရဏဂုံသီလ မခံမီ ဆိုခဲ့ပြီးသော နည်းအတိုင်း ဟိရိ ဩတ္တပ္ပတရားနှစ်ပါးကို အတွင်းထားသဖြင့် စက္ခုန္ဒြေစသော ဣန္ဒြေခြောက်ပါးတွင် တပါးပါးသော ဣန္ဒြေကို လုံခြုံစွာ ထိန်းသိမ်းလျက် မိမိစိတ်ကို မဂ် ဖိုလ် နိဗ္ဗာန်သို့ ညွတ်စေ၍ သရဏဂုံ ဆောက်တည်ခြင်း, သီလ ဥပုသ်ခံယူခြင်းကို ပြုရာ၏။ ပြုပြီးသည်မှ နောက်၌ နေ့နာရီ ဆုံးသည့်တိုင်အောင် အိပ်ခြင်း ဣရိယာပုထ်ကိုပယ်၍ ထိုင်ခြင်း, စင်္ကြံသွားခြင်း နှစ်ပါးဖြင့်သာ နေ့နာရီကို လွန်စေသဖြင့် သမထကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ နေရာသည်။ ညဉ့် သုံးယာမ်တွင်လည်း ပထမယာမ်အတွင်း အိပ်ခြင်းကို ပယ်၍ ထိုင်ခြင်း စင်္ကြံသွားခြင်း နှစ်ပါးဖြင့်သာ လွန်စေလျက် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ နေရာသည်။

ဒုတိယယာမ်အတွင်း၌ကား ဣရိယာပုထ် မညီညွတ်ခြင်း, ရူပကာယ၏ နာကျင်ခြင်းကို ပယ်ဖျောက်ခြင်းငှါ အိပ်ခြင်း ဣရိယာပုထ်ကို ပြုရာ၏၊ တတိယယာမ်အတွင်းသို့ ရောက်လျှင် အိပ်ခြင်းဣရိယာပုထ်မှထ၍ ထိုင်ခြင်း စင်္ကြံသွားခြင်း နှစ်ပါးဖြင့်သာ လွန်စေလျက် အရုဏ်တက်သည့်တိုင်အောင် ကမ္မ-ဋ္ဌာန်းကို နှလုံးသွင်း၍ နေရာသည်။ ဤကား ဇာဂရိယာ နုယောအင်္ဂါတည်း။

## ဘောဇဉ်၌ အတိုင်းအရှည်ကို သိရာသည်ကား–

အာဟာရကို သုံးဆောင်သည့် ကာလအဆုံး၌ လေးလုပ်ငါးလုပ် တန်သည်ကို လျှော့၍စားပြီးလျှင် ရေကိုသာ သောက်ရာ၏၊ ဤကဲ့သို့ သုံးဆောင်သည်ရှိသော် ကမ္မဋ္ဌာန်း စီးဖြန်းသော ပုဂ္ဂိုလ်အား ချမ်းသာစွာနေခြင်းငှါ လျောက်ပတ်၏–ဟူ၍ ကျမ်းဂန်လာသည်။ ဤကား ဘောဇဉ်၌ အတိုင်းအရှည်ကို သိခြင်းအင်္ဂါတည်း။

## ကမ္မဋ္ဌာန်းနှင့်အချိန်ကို ခွဲဝေပြခြင်း

ဤသို့ သုံးသပ်မှ ဂရုဓမ္မဖြစ်မည်၊ ဥပုသ်သီလခံယူပြီးလျှင် ရှေးဦးစွာ နေ့တချက်တီးတိုင် သီလာနုဿတိ ကမ္မဋ္ဌာန်း တပါးတည်းကိုသာ သိမ်းဆည်းရာသည်၊ တချက်တီးကသည် နေ့နှစ်ချက်တီးတိုင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်၊ နှစ်ချက်တီးက သည် သုံးချက်တီးတိုင် မရဏဿတိကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်။ နေ့ သုံးချက်တီးကသည် နေ့နာရီဆုံးသည်တိုင်အောင် အနိစ္စအစရှိသော သဘောကို ဝိပဿနာဉာဏ်ဖြင့် သိမ်းဆည်းရာသည်။

ညဉ့်သုံးယာမ်တွင် ပဌမယာမ် အတွင်း၌ မေတ္တာကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်၊ ဒုတိယယာမ်အဘို့၌အိပ်ခြင်းကို ပြုရာ၏၊ တတိယယာမ်အဘို့၌ အာနာပါနကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်။ ။ဤ ဆိုအပ်ခဲ့ပြီးသော သီလာနုဿတိ

အစရှိသော ကမ္မဋ္ဌာန်းအစဉ်ကို ကာလအပိုင်းအခြားနှင့်တကွ အသီးအသီး ပိုင်းခြား၍ ပြုရာ၌ ဤ ပြစဉ်နည်းအတိုင်းပင် ဒေသနာတော်၌ တခုမှသည် တခု ကျင့်စဉ်နည်းရှိ၍ ပြလေသလောဟု တစုံတယောက်သောသူက မေးဘွယ်ရှိသည်တွင် သီလကိုခံယူပြီးလျှင် သီလာနုဿတိကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်ကို ဆိုရာ၌ သီလဝိသုဒ္ဓိကိုစွဲ၍ စိတ်ချမ်းသာခြင်းကို ရရာသည်၊ စိတ္တသုခရှိသောသူသည်သာလျှင် သမာဓိ၏အာရုံ ဖြစ်သော လေးဆယ်သောကမ္မဋ္ဌာန်းတို့တွင် မိမိစရိုက်နှင့် လျော်သော တခုခုသော ကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်။

သမာဓိရှိသောသူသည်သာလျှင် ယထာဘူတဉာဏ်ရရာသည်၊ ယထာဘူတဉာဏ်သည်သာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်၏ အခြေဖြစ်သည်ဟူ၍ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာစသော ကျမ်းဂန်တို့၌ လာသောကြောင့် ကျင့်စဉ် ပဋိပတ်နည်းသည် ကျမ်းဂန်နှင့်အညီဖြစ်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်ရာသည်။ အခါကို ပိုင်းခြားခြင်းမှာ ကျင့်အပ်သော ကမ္မဋ္ဌာန်းကို ဇာဂရိယာနုယောဂအင်္ဂါနှင့် ယှဉ်အပ်သည်ဖြစ်၍ သိရန် ဝေဘန်ခြင်းငှါ ပြသောအရာသာဖြစ်သည်။

စရိုက် ၆-ပါး

သမာဓိ၏ အာရုံဖြစ်သော လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် မိမိစရိုက်နှင့်လျော်သော တခုခုသော ကမ္မဋ္ဌာန်းကို

သိမ်းဆည်းရာ၏ဟူသောစကား၌ စရိုက်သည် ခြောက်ပါး အပြားရှိ၏။ ။ခြောက်ပါးဟူသော်ကား ရာဂစရိုက်လည်း တပါး၊ ဒေါသစရိုက်လည်း တပါး၊ မောဟစရိုက်လည်း တပါး၊ သဒ္ဓါစရိုက်လည်း တပါး၊ ဝိတက်စရိုက်လည်း တပါး၊ ပညာစရိုက်လည်း တပါး၊ဤသို့ ခြောက်ပါးအပြား ရှိ၏။

ထို ခြောက်ပါးတို့တွင် ရာဂစရိုက် ပြောသောသူအား အသုဘကမ္မဋ္ဌာန်းဆယ်ပါး၊ ကာယဂတာသတိကမ္မဋ္ဌာန်းသည် လျော်ပတ်၏။

ဒေါသစရိုက် ပြောသောသူအား ဗြဟ္မဝိဟာရတရား လေးပါး, နီလကသိုဏ်း, ပီတကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်းသည်လျော်ပတ်၏။

မောဟစရိုက်, ဝိတက်စရိုက်ပြောသောသူအား အာနာပါနကမ္မဋ္ဌာန်းသည် လျော်ပတ်၏။

သဒ္ဓါစရိုက် ပြောသောသူအား ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ, ကမ္မဋ္ဌာန်းသည် လျော်ပတ်၏။

ပညာစရိုက်ပြောသောသူအား ဥပသမာနုဿတိ,မရဏာ နုဿတိ, အာဟာရေပဋိကူလသညာ, စတုဓါတုဝဝတ္ထာန် ကမ္မဋ္ဌာန်းသည် လျော်ပတ်၏။

စရိုက်နှင့်လျော်စွာ သိမ်းဆည်းရာသော လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင်—

ကာယဂတာသတိ၊ အာနာပါနသတိ ကြဉ်သော အနု-သတိရှစ်ပါး၊ သညာတပါး၊ ဝဝတ္ထာန်တပါး၊ ဒုတိယအရူပ၊ စတုတ္ထအရူပ ဤတဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ရှေးအဘို့ နောက်အဘို့၌ ပရမတ်သာ အာရုံရှိကုန်၏။ ကသိုဏ်းဆယ်ပါး၊ အသုဘဆယ်ပါး၊ ကာယဂတာသတိ၊ အာနာပါနသတိ ဤနှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့သည် ရှေးအဘို့၌ ပရမတ်သာ အာရုံရှိ၏။ နောက်အဘို့၌ ပညတ်သာ အာရုံရှိကုန်၏။

ဗြဟ္မဝိဟာရလေးပါး၊ ပထမအရူပ၊ တတိယအရူပ ဤခြောက်ပါးသောကမ္မဋ္ဌာန်းတို့သည် ရှေးအဘို့ နောက်အဘို့၌ ပညတ်သာ အာရုံရှိကုန်၏။

ရှေးအဘို့ နောက်အဘို့ ပရမတ်သာ အာရုံရှိသော တဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် ဗုဒ္ဓါနုဿတိ ကမ္မ-ဋ္ဌာန်းကို သိမ်းဆည်းလိုသောပုဂ္ဂိုလ်သည် ဘုရားဂုဏ်တော် ကိုးပါးတွင် အရဟံဂုဏ်ကို သိမ်းဆည်းသည့်ကာလ ရှေးဦးစွာ ကိလေသာကို ဖျက်ဆီးတတ်သော အရဟတ္တမဂ်ဉာဏ်တည်း ဟူသော ပရမတ်ကို အာရုံပြု၍ သောဘဂဝါ ဣတိပိ အရဟံ ဟု သိမ်းဆည်းရာသည်။ သိမ်းဆည်းဖန်များ၍ ဥပစာရ

သမာဓိကို ရသည့်ကာလ အရဟတ္တမဂ်ဉာဏ်တည်း ဟူသော ပရမတ်သာ အာရုံရှိသည်။

သမ္မာသမ္ဗုဒ္ဓဂုဏ်ကို သိမ်းဆည်းသည့်ကာလ ရှေးဦးစွာ ဥာယျမိတရား ငါးပါးကို အကြွင်းမဲ့ သိတော်မူသော သဗ္ဗညုတဉာဏ်တည်းဟူသော ပရမတ်ကို အာရုံပြု၍ သော ဘဂဝါ ဣတိပိ သမ္မာ သမ္ဗုဒ္ဓေါ ဟု သိမ်းဆည်းရာသည်၊ သိမ်းဆည်းဖန်များ၍ ဥပစာရသမာဓိကို ရသည့်ကာလလည်း သဗ္ဗညုတဉာဏ်တည်းဟူသော ပရမတ်သာ အာရုံရှိသည်။ ကြွင်းသော ဘုရားဂုဏ် ခုနစ်ပါးကိုလည်း ဤနည်းတူ သိရာ၏။

ဓမ္မာနုဿတိကို သိမ်းဆည်းရာ၌လည်း ရှေးဦးစွာ ဓမ္မ ဂုဏ်ခြောက်ပါးတွင် ပထမ ဂုဏ်ပုဒ်ကို သိမ်းဆည်းသည့် ကာလ ပရိယတ္တိဓမ္မတည်းဟူသော ဝစီဘေဒသဒ္ဒကို အာရုံ ပြု၍လည်းကောင်း၊ မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော ပရမတ် ကို အာရုံပြု၍လည်းကောင်း, သွာက္ခာတော ဘဂဝတာ ဓမ္မောဟု သိမ်းဆည်းရာသည်။

နောက်အဘို့၌လည်း ဥပစာရသမာဓိသို့ ရောက်သည့် တိုင်အောင် သွာက္ခာတော ဘဂဝတာဓမ္မော စသည်ဖြင့် ပရိ-ယတ္တိဓမ္မတည်းဟူသော ဝစီဘေဒသဒ္ဒကို အာရုံပြု၍လည်း ကောင်း, မဂ် ဖိုလ် နိဗ္ဗာန်တည်းဟူသော ပရမတ်ကို အာရုံ

ပြု၍လည်းကောင်း သိမ်းဆည်းရာသည်။ ကြွင်းသော တရားဂုဏ်ကိုလည်း ဤနည်းတူ သိရာ၏။

သံဃာနုဿတိဂုဏ်ကို သိမ်းဆည်းလိုသော ပုဂ္ဂိုလ်သည် ရှေးဦးစွာ သံဃာတော်၏ ဂုဏ်ကိုးပါးတွင် ပထမဂုဏ်ပုဒ်ကို သိမ်းဆည်းသည့်ကာလ အရိယာပုဂ္ဂိုလ်၏ သန္တာန်၌ ရထိုက်သော ဖြောင့်မတ်စွာကျင့်ခြင်းတည်းဟူသော သီလစေတနာဟု ဆိုအပ်သော ပရမတ်ကိုသာ အာရုံပြု၍ သုပဋိပန္နောဘဂဝတော သာဝက သံဃောဟု သိမ်းဆည်းရာသည်။ နောက်အဘို့၌လည်း ဤနည်းအတိုင်း သိမ်းဆည်းရာ၏။ ကြွင်းသော သံဃာဂုဏ်ကိုလည်း ဤနည်းတူ သိရာ၏။

သီလာနုဿတိကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ ဝိရတီပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုသာ အာရုံပြု၍လည်းကောင်း, အဘော ဝတ မေ သီလာနိ အစရှိသဖြင့် သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌ ဥပစာရသမာဓိသို့ ရောက်သည့်တိုင်အောင် ဤနည်းတူ သိမ်းဆည်းရာသည်။

စာဂါနုဿတိကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ စွန့်ကြဲခြင်း စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကို အာရုံပြု၍ လာဘာဝတမေ-စသည်ဖြင့် သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း ဤနည်း သိမ်းဆည်းသင့်သည်။

ဒေဝတာနုဿတိကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ နတ်တို့၏သဒ္ဓါအစရှိသော ဂုဏ်ကျေးဇူးကို သက်သေ

အရာ၌ထား၍ မိမိ၏ သဒ္ဓါအစရှိသော ဂုဏ်ကျေးဇူးကို အာရုံပြု၍ သန္တိဒေဝါ စတုမဟာရာဇိကာ-စသည်ဖြင့် သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း ဥပစာရသမာဓိသို့ ရောက်သည့်တိုင်အောင် ဤနည်းတူ သိမ်းဆည်းသင့်သည်။

ပရဏနုဿတိကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ သတ္တဝါ၏သန္တာန်၌ တည်သော ဇီဝိတိန္ဒြေကို အာရုံပြု၍ အစုဝံ ဇီဝိတံ၊ ဓုဝံ မရဏံ- စသည်ဖြင့် သိမ်းဆည်းသင့်သည်၊ နောက်၌လည်း ဤနည်းတူ သိမ်းဆည်းသင့်သည်။

ပဋိကူလသညာကို သိမ်းဆည်းလိုသောသူသည်အာဟာရ၌ စက်ဆုပ်ရွံရှာဘွယ်ဟု မှတ်တတ်သော သညာစေတသိတ်ကို အာရုံပြု၍ အာဟာရေ ပဋိကူလသညာ-ဟု သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း ဤနည်းတူ သိမ်းဆည်းသင့်သည်။

ဝဝတ္ထာန်ကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ ဓါတ်လေးပါးကို အာရုံပြု၍ စတုဓါတု ဝဝတ္ထာန် ကောဒဝတ္ထာန်နာမ-ဟု သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း ဤနည်းတူ သိမ်းဆည်းသင့်သည်။

ဒုတိယ အရူပကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ ပထမအရူပဝိညာဏ်ကို အာရုံပြု၍ ဝိညာဏံ အနန္တံ ဟု သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း ဤနည်းအတူ သိမ်းဆည်းသင့်သည်။

စတုတ္ထ အရူပကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ တတိယ အရူပဝိညာဏ်ကို အာရုံပြု၍ သန္တမေတံ ပဏီတ မေတံ- ဟု သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း တတိယအရူပဝိညာဏ်ကိုအာရုံပြု၍ သန္တမေတံ ပဏီတမေတံ- ဟု သိမ်းဆည်းသင့်သည်။

ရှေ့အဘို့ ပရမတ်သာ အာရုံရှိ၍ နောက်အဘို့၌ ပညတ်သာ အာရုံရှိသော နှစ်ဆယ့်နှစ်ပါးသော ကမ္မဋ္ဌာန်းတို့တွင် ပထဝီကသိုဏ်းကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ ကသိုဏ်းဝန်း တည်းဟူသော ရူပါရုံကို စက္ခုဝိညာဏ်ဖြင့် ကြည့်၍ ပထဝီ ပထဝီ-ဟု သိမ်းဆည်းသင့်သည်၊ သိမ်းဆည်း ဖန်များ၍ နောက်အဘို့၌ ပဋိဘာဂနိမိတ်ဖြစ်သည့် ကာလ တည်မြဲဖြစ်သော ကသိုဏ်းဝန်း တည်းဟူသော ရူပါရုံကို ဖေါက်ထွင်း၍ အရောင်အဝါနှင့်တကွ မနောဒွါရ၌ ထင်ခြင်း သို့ ရောက်သော ပညတ်ပဋိဘာဂနိမိတ်ကို အာရုံပြု၍ သိမ်း ဆည်းသင့်သည်၊ ကျန် ကသိုဏ်းတို့မှာလည်း ဤနည်းတူ သိအပ်၏။

အသုဘဆယ်ပါးတွင်လည်း ဥဒ္ဓုမာတက အသုဘကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ ဖူးဖူးရောင်သော အကောင်ပုပ် တည်းဟူသော ရူပါရုံကို စက္ခုဝိညာဏ်ဖြင့် အာရုံပြု၍ ဥဒ္ဓုမာတကံ ဥဒ္ဓုမာတကံ- ဟု သိမ်းဆည်းရာ သည်။ နောက်အဘို့၌လည်း ရူပါရုံကို ဖေါက်ထွင်း၍

ဥဂ္ဂဟနိမိတ်အထူး ထင်စကောင်းသော ပညတ်, ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ သိမ်းဆည်းရာသည်၊ ကျန် ကိုးပါးမှာ လည်း ဤနည်းတူ သိမ်းဆည်းရာ၏။

အာနာပါနဿတိကို သိမ်းဆည်းလိုသောသူသည် ထွက်သက် ဝင်သက်၏ ထိပါးရာ ဖေါဿဗ္ဗာရုံကို ကာယဝိညာဏ်ဖြင့် အာရုံပြု၍ တခု နှစ်ခု စသည်ဖြင့် သိမ်းဆည်းရာသည်၊ နောက်အဘို့၌လည်း ထိုအာရုံကို ဖေါက်ထွင်း၍ တိမ်မီးခိုး အစရှိသည်ကဲ့သို့ထင်သော ပညတ်, ပဋိဘာဂနိမိတ်ကို အာရုံပြု၍ သိမ်းဆည်းရာသည်။ ရှေ့အဘို့ နောက်အဘို့၌ ပညတ်သာ အာရုံရှိသော ခြောက်ပါးသော ကမ္မဋ္ဌာန်းတို့တွင် မေတ္တာကမ္မဋ္ဌာန်းကို ပွားစေလိုသောသူသည် ရှေးဦးစွာ သတ္တဝါပညတ်ကို အာရုံပြု၍ သဗ္ဗေသတ္တာအဝေရာဟောန္တု-စသည်ဖြင့် သိမ်းဆည်းရာသည်။ နောက်အဘို့၌လည်း ထင်မြဲတိုင်းသော သတ္တဝါပညတ်ကိုပင်လျှင် အာရုံပြု၍ သိမ်းဆည်းသင့်သည်။

ပထမ အရူပကမ္မဋ္ဌာန်းကို သိမ်းဆည်းလိုသော သူသည် ရှေးအဘို့ အပိုင်းအခြားမရှိသော ကောင်းကင်ပညတ်ကို အာရုံပြု၍ အာကာသော အနန္တော-ဟု သိမ်းဆည်းသင့်သည်၊ နောက်အဘို့၌လည်း ကောင်းကင်ပညတ်ကို အာရုံပြု၍ သိမ်းဆည်းသင့်သည်။

တတိယအရူပကမ္မဋ္ဌာန်းကို သိမ်းဆည်းလိုသောသူသည် ရှေးဦးစွာ အာကာသာနဉ္စာယတနစျာန်စိတ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘာဝပညတ်ကို အာရုံပြု၍ နတ္ထိ ကိဉ္စိ-ဟု သိမ်းဆည်းရာသည်။ နောက်အဘို့၌လည်း နတ္ထိဘာဝပညတ်ကိုပင် အာရုံပြု၍ သိမ်းဆည်းရာသည်။ ။ဤကား ပရမတ်ပညတ်အာရုံနှစ်ပါးကို ရှေးနောက် မရောမယှက်စေ၍ ကျမ်းဂန်လာသည့်အတိုင်း သီးခြားဝေဘန်၍ပြသော နည်းတည်း။

## ပိဏ္ဍတ္ထဖြစ်သော အပေါင်းနည်းအစဉ်ကား

မဂ် ဖိုလ် နိဗ္ဗာန်ကို အလိုရှိသော သူတော်ကောင်းတို့ ဖြည့်ရာသောလမ်းစဉ်ကား သီလ သမာဓိ ပညာဟူ၍ သုံးပါးတည်း။ ထိုသုံးပါးတို့တွင် သီလ၏ နီးစွာသောအကြောင်းကား ဟိရိဩတ္တပ္ပ နှစ်ပါးတည်း။ သီလ၏ဒိဋ္ဌဓမ္မအာနိသင်ကား စိတ္တသုခတည်း။ သမာဓိ၏ နီးစွာသောအကြောင်းကား စိတ္တသုခတည်း။ ဝိပဿနာ၏ နီးစွာသော အကြောင်းကား သမာဓိတည်း။ ထို့ကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသောသူသည် ရှေးဦးစွာ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံစေရာ၏။ ဟိရိဩတ္တပ္ပနှင့် ပြည့်စုံသောသူသည်သာလျှင် သီလကို စောင့်ရှောက်နိုင်ရာ၏။ ။သီလ၌တည်သော သူသည်သာလျှင် မိမိသီလကို ဆင်ခြင်သည်ရှိသော် စိတ်၏ကြည်လင်ခြင်းကို

ရသည်ဖြစ်၍ နှလုံးသာယာခြင်းကျေးဇူးကို ရ၏၊ နှလုံးသာယာသည်ရှိသော် နှစ်သက် ဝမ်းမြောက်ခြင်း ပီတိပါမောဇ္ဇ ကျေးဇူးကို ရ၏။ နှစ်သက် ဝမ်းမြောက်ခြင်းကိုရသောသူသည် ကိုယ်စိတ်ငြိမ်းချမ်းခြင်းတည်းဟူသောပဿဒ္ဓိကျေးဇူးကိုရ၏၊ ကိုယ်စိတ်၏ ငြိမ်းချမ်းသောသူသည် စိတ်၏ချမ်းသာခြင်း စိတ္တသုခကိုရ၏။ စိတ္တသုခနှင့် ပြည့်စုံသောသူသည်သာလျှင် သမာဓိ၏အာရုံဖြစ်သော လေးဆယ်သောကမ္မဋ္ဌာန်းတို့တွင် မိမိစရိုက်နှင့်လျော်သော တခုခုသော ကမ္မဋ္ဌာန်းကို သိမ်းဆည်းရာသည်။ ကမ္မဋ္ဌာန်း တည်းဟူသောအာရုံ၌ တည်ကြည်ခြင်း သမာဓိရှိသောသူသည် "သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ" ဟူ၍ ဘုရားဟောတော်မူသောကြောင့် မိမိခန္ဓာကိုယ်၏ အနိစ္စသဘောဒုက္ခသဘော အနတ္တသဘောကို အမှန်အကန် သိမ်းဆည်းနိုင်သော ယထာဘူတဉာဏ်အလို့ငှါ မိမိခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးသို့ တင်၍ ဆင်ခြင်ရာသည်။ ။ဤကဲ့သို့ ဆင်ခြင်ဖန်များလတ်သည်ရှိသော် ဝဋ်တရား၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ကို ရ၏။ နိဗ္ဗိဒါဉာဏ်ကို ရသော သူသည်သာလျှင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရခြင်း၏ အကြောင်းဖြစ်သည်။ ဤကား အပေါင်းဖြစ်သော ပိဏ္ဍတ္ထ စကားတည်း။

## ဗုဒ္ဓါနုဿတိ အားထုတ်နည်း

လေးဆယ်သောကမ္မဋ္ဌာန်းတို့တွင် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်လိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်၌နေ၍ ဘုရားသခင်သည် ကိလေသာတပ်ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်ဖြတ်တော်မူသောကြောင့် အရဟ-မည်တော်မူ၏-ဟု ကိလေသာကို သတ်ဖြတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသောဂုဏ်ကို အာရုံပြု၍ "သော ဘဂဝါ ဣတိပိ အရဟံ, သော ဘဂဝါ ဣတိပိ အရဟံ"စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်းဟူသော ဉေယျဓမ်တရားငါးပါးကို သဗ္ဗညုတဉာဏ်ဖြင့် အကြွင်းမဲ့ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏ ဟု သဗ္ဗညုတဉာဏ်ကို အာရုံပြု၍ "သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ, သော ဘဂဝါ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ် အာသဝက္ခယဉာဏ် တည်းဟူသော ဝိဇ္ဇာသုံးပါး။ ။ ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, ပရစိတ္တ ဝိဇာနနဉာဏ်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ်,

ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ် တည်းဟူသော ဝိဇ္ဇာ ရှစ်ပါး။

သီလကို စောင့်ခြင်းဟု ဆိုအပ်သော သီလသံဝရ, ဣန္ဒြေ ခြောက်ပါးကို လုံခြုံစွာ ထိန်းသိမ်းခြင်းဟု ဆိုအပ်သော ဣန္ဒြိယေသု ဂုတ္တဒွါရတာ-ဘောဇဉ်၌ အတိုင်းအရှည်ကိုသိခြင်းဟု ဆိုအပ်သော ဘောဇနေမတ္တညုတာ၊ နိုးကြားခြင်းနှင့် ယှဉ်သော ဇာဂရိယာနုယောဂ၊ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပ, ဗဟုဿုတ, ဝီရိယ, သတိ, ပညာ- ဟု ဆိုအပ်သော သူတော်ကောင်း ဉစ္စာ ခုနစ်ပါး, စတုတ္ထနည်းအားဖြင့် ရူပါဝစရစျာန် လေးပါး-ဟု ဆိုအပ်သော စရဏ တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူ၏-ဟု နှလုံးသွင်း၍ "သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် အရိယမဂ်တည်းဟူသော တင့်တယ်သော ခရီးဖြင့် ကောင်းသောနိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သောကြောင့် သုဂတ-မည်တော်မူ၏ ဟု နှလုံးသွင်း၍ "သော ဘဂဝါ ဣတိပိ သုဂတော, သောဘဂဝါ ဣတိပိ သုဂတော" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်းပရိကမ် ကို ပြုရာ၏။

ဘုရားသခင်သည် သတ္တလောက, သင်္ခါရလောက, ဩကာသလောက တည်းဟူသော လောကသုံးပါးကို သဗ္ဗညုတ

ဉာဏ်တော်ဖြင့် သိတော်မူသောကြောင့် လောကဝိဒူ မည်တော်မူ၏ ဟု နှလုံးသွင်း၍ "သော ဘဂဝါ ဣတိပိ လောကဝိဒူ, သော ဘဂဝါ ဣတိပိ လောကဝိဒူ စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်းပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် သီလ, သမာဓိစသော ဂုဏ်တို့ကြောင့် တစုံတယောက်သောသူနှင့် တူတော်မမူသည်ဖြစ်၍ မယဉ်ကျေးသော လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ရထားထိန်းကဲ့သို့ ယဉ်ကျေးအောင် ဆုံးမတော် မူတတ်သောကြောင့် အနုတ္တရော ပုရိသ ဓမ္မသာရထိ မည်တော်မူ၏ဟု နှလုံးသွင်း၍ "သော ဘဂဝါ ဣတိပိ အနုတ္တရော ပုရိသ ဓမ္မသာရထိ" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် နတ်လူတို့ကို ဓာတိကန္တာရ, ဇရာကန္တာရ, ဗျာဓိကန္တာရ, မရဏကန္တာရ တည်းဟူသော လေးပါးသောခရီးခဲမှ ထုတ်ဆောင်ကယ်တင်တတ်သောကြောင့် သတ္ထာဒေဝမနုဿာနံ မည်တော်မူ၏ဟု နှလုံးသွင်း၍ "သော ဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ၊ သောဘဂဝါ ဣတိပိ သတ္ထာဒေဝ မနုဿာနံ" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် သစ္စာလေးပါးတရားကို အရဟတ္တမဂ်ဉာဏ်ဖြင့် သိတော်မူသောကြောင့် ဗုဒ္ဓ မည်တော်မူ၏ဟု

နှလုံးသွင်း၍ "သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ၊ သောဘဂဝါ ဣတိပိ ဗုဒ္ဓေါ" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာ၏။

ဘုရားသခင်သည် ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏ဟု နှလုံးသွင်း၍ "သော ဘဂဝါ ဣတိပိ ဘဂဝါ၊ သော ဘဂဝါ ဣတိပိ ဘဂဝါ" စသည်ဖြင့် အကြိမ်များစွာ စီးဖြန်းခြင်းပရိကမ်ကို ပြုရာ၏။

ဘုရားသခင်၏ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ သိမ်းဆည်းသော သူအား ဘုရားသခင်ဂုဏ်ကျေးဇူးကို အောက်မေ့သောခဏ၌ ရာဂထိုး ကျင့်သောစိတ်, ဒေါသထိုး ကျင့်သောစိတ်, မောဟထိုး ကျင့်သောစိတ်သည် မဖြစ်မူ၍ ဖြောင့်မတ် တည်ကြည်စိတ်သည်ဖြစ်၍ ဘုရားသခင်ဂုဏ်ကို အာရုံပြု၍ ဖြောင့်မတ်တည်ကြည်သော စိတ်ရှိသောသူအား ဘုရားဂုဏ်၌ ညွတ်သော ဝိတက်ဝိစာရတို့သည် ဖြစ်ကုန်၏။

ဘုရားဂုဏ်၌ အဖန်တလဲလဲ ဆင်ခြင်သုံးသပ်ခြင်းရှိသော သူအား နှစ်သက်ခြင်းပီတိ, ကိုယ်စိတ်၏ ငြိမ်းချမ်းခြင်း တည်းဟူသော ပဿဒ္ဓိ, ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်း တည်းဟူသော သုခ, ဘုရားဂုဏ်၌ မတုန်မလှုပ် တည်ကြည်ခြင်း တည်းဟူသော သမာဓိတရားတို့သည် အစဉ်အတိုင်းဖြစ်ကုန်၏။

ဘုရားဂုဏ်တော်၏ နက်နဲသောကြောင့်လည်းကောင်း, အထူးထူးအပြားပြားသော ဘုရားဂုဏ်တော်ကို **အောက်မေ့ခြင်း** အစရှိသည်၌ ညွတ်သောစိတ် ရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း အပ္ပနာသမာဓိသို့ မရောက်မူ၍ ဥပစာရသမာဓိသည်သာလျှင်ဖြစ်၏။

ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အားထုတ်သော ပုဂ္ဂိုလ်သည် ဘုရားဂုဏ်၌ ရိုသေကျိုးနွံခြင်းနှင့် ပြည့်စုံ၏၊ သဒ္ဓါ၏ပြန့်ပြောခြင်း, သတိ၏ ပြန့်ပြောခြင်း, ပညာ၏ ပြန့်ပြောခြင်း, ကောင်းမှု၏ ပြန့်ပြောခြင်းသို့ ရောက်၏။ အားကြီးသော ပီတိပါမောဇ္ဇနှင့်လည်း ပြည့်စုံ၏၊ ကြောက်ခြင်း၊ ထိတ်လန့်ခြင်း တည်းဟူသော ဘေးကိုလည်း သည်းခံနိုင်၏၊ ကိုယ်၏ ဆင်းရဲခြင်း, စိတ်၏ဆင်းရဲခြင်းကိုလည်း သည်းခံနိုင်၏။ ဘုရားသခင်နှင့် အတူတကွ ပေါင်းဖေါ်နေထိုင်ရ၏-ဟူသော အမှတ်သညာကိုလည်း ရ၏။ ဘုရားဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ခြင်းသတိ၏ ကိန်းအောင်းရာ ခန္ဓာကိုယ်သည့်လည်း စေတီအိမ်ကဲ့သို့ နတ်လူတို့သည် ပူဇော်ထိုက်၏၊ မိမိစိတ်သည်လည်း ဘုရားအဖြစ်၌ ညွတ်၏။ လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့ကြုံသည်ရှိသော် ဘုရားသခင်ကို မျက်မှောက် ဖူးမြင်ရသကဲ့သို့ ဟိရိဩတ္တပ္ပတရားသည် ရှေးရှုထင်၏၊ ပါရမီ မပြည့်စုံသေးသည်ဖြစ်၍ မဂ် ဖိုလ် နိဗ္ဗာန်ကိုပင်

မရသေးသော်လည်း သုဂတိဘုံသို့ လားရာသည်။ ဤကား ဗုဒ္ဓါနုဿတိ အာနိသင်တည်း။

## ဓမ္မာနုဿတိပွားများနည်း

ဓမ္မာနုဿတိကို ပွားစေလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ၌ နေ၍ ဆယ်ပါးသော ဓမ္မတို့တွင် ပရိယတ္တိဓမ္မသည် အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသည်၏အဖြစ် အတ္ထပဒ ခြောက်ပါး, သဒ္ဒပဒ ခြောက်ပါး, အလုံးစုံ ထက်ဝန်းကျင် ပြည့်စုံခြင်း, ပွတ်သစ်သော ခရုသင်းကဲ့သို့ စင်ကြယ်ခြင်း, မြတ်သောအကျင့်ကို ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် သွာက္ခာတ မည်၏ဟု နှလုံးသွင်း၍ "သွာက္ခာတော ဘဂဝ တာဓမ္မော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

လေးပါးသော အရိယမဂ်သည် အယုတ်တရားနှစ်ပါးသို့ မကပ်မူ၍ မဇ္ဈိမ ပဋိပဒါ အဖြစ်ဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် သွာက္ခာတ မည်၏ဟု နှလုံးသွင်း၍ "သွာက္ခာတော ဘဂဝ တာဓမ္မော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

လေးပါးသော အရိယဖိုလ်သည် ငြိမ်းပြီးသော ကိလေသာ တည်းဟူ၍ ကောင်းစွာ ဟောတော်မူအပ်သည်၏အဖြစ်

ကြောင့် သွာက္ခာတမည်၏ဟု နှလုံးသွင်း၍ "သွာက္ခာတော ဘဂဝတာ ဓမ္မော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

နိဗ္ဗာန်သည် မြဲသောသဘော, မသေသောသဘော, ကိုးကွယ်မှီရာသဘော၏ အစွမ်းဖြင့်ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် သွာက္ခာတမည်၏ဟု နှလုံးသွင်း၍ "သွာက္ခာတော ဘဂဝတာဓမ္မော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။ ။လေးပါးသော အရိယမဂ်သည် မိမိသန္တာန်၌ ရာဂအစရှိသော ကိလေသာ၏ မရှိခြင်း၏ ကိုယ်ကိုပြုတတ်သော အရိယာပုဂ္ဂိုလ်သည် ကိုယ်တိုင်ရှုအပ်သောကြောင့် သန္ဒိဋ္ဌိက မည်၏ဟု နှလုံးသွင်း၍ "သန္ဒိဋ္ဌိကော-သန္ဒိဋ္ဌိကော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

တနည်းလည်း ကိုးပါးသော လောကုတ္တရာတရားသည် ဘပါးသော ယုံကြည်ခြင်းဖြင့် ရောက်သည်၏အဖြစ်ကို စွန့်၍ အရိယာပုဂ္ဂိုလ်သည် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ကိုယ်တိုင်ရှုအပ်သောကြောင့် သန္ဒိဋ္ဌိကမည်၏ ဟု နှလုံးသွင်း၍ "သန္ဒိဋ္ဌိကော သန္ဒိဋ္ဌိကော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

လေးပါးသော အရိယမဂ်သည် မိမိဖြစ်သည်၏အခြားမဲ့၌ ဖိုလ်ဟူသောအကျိုးကို ပေးတတ်သည်၏အဖြစ်၊ အကျိုးပေးရာကာလ မခြားသောကြောင့် အကာလိကမည်၏ ဟု နှလုံးသွင်း၍ "အကာလိကော အကာလိကော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

ကိုးပါးသော လောကုတ္တရာတရားသည် သဘောအားဖြင့် ထင်ရှားရှိသည်ဖြစ်၍ တိမ်တိုက် အညစ်အကြေးမှ ကင်းသော လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ပဏ္ဍုကမ္ဗလာ၌ ထားအပ်သော ပတ္တမြားစစ်ကဲ့သို့လည်းကောင်း စင်ကြယ်သည်ဖြစ်၍ လာလှည့် ရှုလှည့်ဟူသော အစီအရင်ကို ထိုက်တော်မူသောကြောင့် ဧဟိပဿိက မည်၏ဟု နှလုံးသွင်း၍ "ဧဟိပဿိကော ဧဟိပဿိကော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

လေးပါးသောမဂ် လေးပါးသောဖိုလ်သည် မီးလောင်သော ပုဆိုးကိုလည်းကောင်း၊ မီးလောင်သော ဦးခေါင်းကိုလည်းကောင်း လျစ်လျူရှု၍သော်လည်း ဘာဝနာ၏အစွမ်းဖြင့် မိမိစိတ်၌ ကပ်၍ဆောင်ခြင်းကို ထိုက်သောကြောင့် ဩပနေယျိက မည်၏ဟု နှလုံးသွင်း၍ "ဩပနေယျိကော ဩပနေယျိကော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

ပွားစေအပ်သောမဂ်, ရအပ်သောဖိုလ်, မျက်မှောက်ပြုအပ်သော နိဗ္ဗာန်သည် မိမိစိတ်၌ ဥဂ္ဃဋိတညူပုဂ္ဂိုလ်, ဝိပဉ္စိတညူပုဂ္ဂိုလ်, နေယျပုဂ္ဂိုလ်တို့သည် ရှုအပ် ခံစားအပ်သောကြောင့် ပစ္စတ္တံဝေဒိတဗ္ဗမည်၏ဟု နှလုံးသွင်း၍ "ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူနိဟိ" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

သဒ္ဓါကြွာတော အစရှိသော တရားတော်၏ ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သောသူအား ထိုတရားတော်ဂုဏ်ကို အောက်မေ့သောအခါ၌ ရာဂထိုး ကျင့်သော စိတ် ဒေါသထိုး ကျင့်သောစိတ်, မောဟထိုး ကျင့်သောစိတ်သည် မဖြစ်စေမူ၍ ဖြောင့်မတ်တည်ကြည်သော စိတ်သည်ဖြစ်၍ တရားတော်ဂုဏ်၏ နက်နဲသောကြောင့်လည်းကောင်း အထူးထူးအပြားပြားသော ဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း နှလုံးသွင်းခြင်း ရှိအံ့ပ်သည်၏ အဖြစ်ကြောင့် လည်းကောင်း အပ္ပနာ သမာဓိသို့ မရောက်မူ၍ ဥပစာရသမာဓိ သာ ဖြစ်၏။

တရားတော်၏ ဂုဏ်ကျေးဇူးကို ချီးမြှောက်သိမ်းဆည်း ရသဖြင့်လည်း ဘုရား၌ ရိုသေကျိုးနွံခြင်း၊ တရားတော်၌ အလေးအမြတ်ပြုခြင်း၊ သဒ္ဓါတရား၏ ပွားများခြင်း သတိ၏ ပွားများခြင်း၊ ပညာ၏ပွားများခြင်းသို့ရောက်၏။ ပီတိပါမောဇ္ဇတရားနှင့် ပြည့်စုံ၏။ ကြောက်မက်ဘွယ်သော ဘေးကိုလည်း သည်းခံနိုင်၏။ ကာယိကဒုက္ခ၊ စေတသိကဒုက္ခကိုလည်း သည်းခံနိုင်၏။ တရားတော်နှင့် အတူတကွ ပေါင်းဖော်နေရ၏ ဟူသော အမှတ်သညာကိုလည်း ရ၏။ ဓမ္မဂုဏ်ကိုလည်း ရ၏။ ဓမ္မဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်း သတိ သမာဓိ၏ ကိန်းရာကိုယ်သည်လည်း စေတီအိမ်ကဲ့သို့ ပူဇော်ထိုက်၏။ လောကုတ္တရာတရား ကိုးပါးကိုရခြင်းငှာ မိမိစိတ်

သည် ညွှတ်၏။ တရားတော်၏ ဂုဏ်ကျေးဇူးကို အောက်မေ့သူအား လွန်ကျူးအပ်သော ဝတ္ထုနှင့် တွေ့ကြုံသော်လည်း ဟိရိဩတ္တပ္ပတရားသည် ရှေ့ရှုထင်၏။

ပါရမီ မပြည့်စုံသေး၍ မဂ်ဖိုလ်ကိုပင် မရသော်လည်း သုဂတိဘုံသို့ လားရာ၏။ ။ဤကား ဓမ္မာနုဿတိအကျိုး အာနိသင်တည်း။

## သံဃာနုဿတိ ပွားများနည်း

သံဃာနုဿတိကို ပွားလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်၌နေ၍ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်သည် မဆုတ်မနစ်သော အကျင့်၊ မဂ်ဖိုလ်အား လျော်သောအကျင့်၊ မဂ်ဖိုလ်နှင့် မဆန့်ကျင်သောအကျင့်, လောကုတ္တရာတရား ကိုးပါးအား လျော်သောအကျင့်ကို ကျင့်ဆဲဖြစ်သောကြောင့် သုပ္ပဋိပန္န မည်၏ဟု နှလုံးသွင်း၍ "သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။ ဖလဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်သည် ကောင်းသောအကျင့်ကို ကျင့်သဖြင့် ရအပ်သောဖိုလ်တည်းဟူသော အကျိုးကို ရတော်မူသည်၏အဖြစ်ကြောင့် သုပ္ပဋိပန္န မည်၏ ဟု နှလုံးသွင်း၍ "သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" ဟု အဖန် တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် ကာယကံ ဝစီကံ မနောကံ တို့၏ ကောက်ကျစ်ခြင်း ဒေါသကို ပယ်သဖြင့် ဖြောင့်မတ်စွာ ကျင့်ဆဲ ကျင့်ပြီးသည်၏အဖြစ်ကြောင့် ဥဇုပ္ပဋိပန္နမည်၏ဟု နှလုံးသွင်း၍ "ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် နိဗ္ဗာန်အကျိုးငှါ ကျင့်တော်မူသည်၏ အဖြစ်ကြောင့် ဉာယပ္ပဋိပန္န မည်၏ဟု နှလုံးသွင်း၍ "ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည် အရိုအသေပြုထိုက်အောင် ကျင့်သောကြောင့် သာမိစိပ္ပဋိပန္နမည်၏ဟု နှလုံးသွင်း၍ "သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် အဝေးမှဆောင်၍ သီလဝန္တပုဂ္ဂိုလ်တို့အား ပေးအပ်သောအလှူကို ခံတော်မူထိုက်သောကြောင့် အာဟုနေယျ မည်၏ဟု နှလုံးသွင်း၍ "သော ဘဂဝတော သာဝကသံဃော အာဟုနေယျော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် အရပ်ရှစ်မျက်နှာမှ လာကုန်သော ချစ်နှစ်လိုသော မိတ်ဆွေသဟာ မိတ်ဆွေခင်ပွန်းတို့၏ အကျိုးငှါ ရိုသေစွာပြုပြင်၍ ထားအပ်သော အာ

ဂန္တုကအလှူကို ခံတော်မူထိုက်သောကြောင့် ပါဟုနေယျ မည်၏ဟု နှလုံးသွင်း၍ "သော ဘဂဝတော သာဝကသံဃော ပါဟုနေယျော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည် တမလွန်လောကကို ယုံကြည်၍ ပေးအပ်သောအလှူဝတ္ထုကို ခံတော်မူထိုက်သော ကြောင့် "ဒက္ခိဏေယျော" ဟု အဖန်တလဲလဲ သိမ်းဆည်း ရာသည်။

အရိယာပုဂ္ဂိုလ်ရှစ်ယောက်သည် လက်အုပ်ချီမိုးရှိခိုးထိုက် သောကြောင့် အဉ္ဇလီ ကရဏီယေ မည်၏ ဟု နှလုံးသွင်း၍ "သော ဘဂဝတော သာဝကသံဃော အဉ္ဇလီ ကရဏီယော" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

အရိယာပုဂ္ဂိုလ် ရှစ်ယောက်သည် ကောင်းမှုတည်းဟူ သော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဘွယ် ဖြစ်သောကြောင့် အနုတ္တရ ပုညက္ခေတ္တမည်၏ ဟု နှလုံးသွင်း ၍ "အနုတ္တရံ ပုည က္ခေတ္တံ လောကဿ" ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

သံဃာတော်၏ ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက် မေ့ခြင်း သတိ၏ ကိန်းအောင်းရာဖြစ်သော ခန္ဓာကိုယ်သည် သံဃာတော် စည်းဝေးသော ဥပုသ်အိမ်ကဲ့သို့ ပူဇော်ခြင်းငှါ ထိုက်၏။ ။ဤကား သံဃာနုဿတိကို ပွားရာသော အစီ အရင်တည်း။

## သီလာနုဿတိကို ပွားများနည်း

သီလာနုဿတိကိုပွားလိုသောသူသည်ဆိတ်ငြိမ်ရာအရပ်၌နေ၍ (အဟော ဝတ မေ သီလာနိ အခဏ္ဍာနိ အဆိဒ္ဒါနိ အသဗလာနိ အကမ္မာသာနိ ဘုဇိဿာနိ ဝိညူပသတ္ထာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနိကာနိ)ဟု အဖန်တလဲလဲ သိမ်းဆည်းရာသည်။

**အနက်ကား။** ။အဟော ဝတ- အံ့ဘွယ်ရှိပေစွ၊ မေ-ငါသည်။ အခဏ္ဍာနိ၊ မကျိုးကုန်သော။ အဆိဒ္ဒါနိ၊ မပေါက်ကုန်သော။ အသဗလာနိ၊ မပြောက်ကုန်သော။ အကမ္မာသာနိ၊ မကြားကုန်သော။ ဘုဇိဿာနိ၊ တဏှာတည်းဟူသော အရှင်၏ ကျွန်အဖြစ်မှ လွတ်သည်ဖြစ်၍ တော်လှန်ကုန်သော။ ဝိညူပသတ္ထာနိ၊ ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌာနိ၊ တဏှာဒိဋ္ဌိတို့သည် မစွဲလမ်းအပ်ကုန်သော။ သမာဓိ သံဝတ္တနိကာနိ၊ သမာဓိကို ဖြစ်စေတတ်ကုန်သော။ သီလာနိ၊ သီလတို့ကို။ သုရက္ခိတာနိ၊ ကောင်းစွာ စောင့်ရှောက်ရပေကုန်ပြီ။ ။ဤကား သီလာနုဿတိကို သိမ်းဆည်းရာသော နည်းတည်း။

ဤသီလ၌ လေးပါးသော ဒေါသတို့တွင် အစ၌လည်းကောင်း၊ အဆုံး၌လည်းကောင်း၊ ပျက်သော သီလသည် ကျိုးသောသီလ မည်၏။ အလယ်၌ပျက်သော သီလသည်

ပေါက်သောသီလ မည်၏။ တခုခြား နှစ်ခုခြား ပျက်သော သီလသည် ပြောက်သောသီလမည်၏။ နှစ်ခု သုံးခု အစဉ် အတိုင်း ပျက်သောသီလသည် ကျားသောသီလမည်၏။ ။ ထိုလေးပါးသောအပြစ်မှ လွတ်သောသီလသည် စင်ကြယ် သော သီလမည်၏။

သီလာနုဿတိကို အားထုတ်သောသူသည် သိက္ခာ၌ ရိုသေခြင်းရှိ၏၊ သဘောတူသောဖြစ်ခြင်းရှိ၏၊ ကောင်းစွာ စေ့စပ်ခြင်း၌ မမေ့မလျော့၊ မိမိကိုယ်ကို စွပ်စွဲခြင်း၊ သူ တပါးတို့ စွပ်စွဲခြင်းစသောဘေးမှ ကင်း၏။ အဏုမြူမျှ လောက်သော အပြစ်တို့၌ပင်သော်လည်း မြင့်မိုရ်တောင် လောက်ကဲ့သို့ ကြီးစွာသောဘေးဖြင့် ရှုလေ့ရှိ၏။ သဒ္ဒါ, သတိ, ပညာ၏ပြန့်ပြောခြင်းသို့ ရောက်၏၊ သေသည်၏ အခြားမဲ့၌ သုဂတိဘုံသို့ လားရာ၏။ ဤကား သီလာနုဿတိ အာနိသင် အစီအရင်တည်း။

## စာဂါနုဿတိ ပွားများနည်း

စာဂါနုဿတိကို ပွားစေလိုသော သူသည် ဆိတ်ငြိမ်ရာ အရပ်၌နေ၍ (လာဘာ ဝတ မေ သုလဒ္ဓံ ဝတ မေ ယောဟံ မစ္ဆေရမလ ပရိယုဋ္ဌိတာယ ပဇာယ ဝိဂတ မလ မစ္ဆေ ရေန စေတသာ ဝိဟရာမိ၊ မုတ္တစာဂေါ ပယတပါဏိ ဝေါဿဂ္ဂရ တော ယာ စ ယောဂေါ ဒါန သံဝိဘာဂရတော) ဟု အဖန် တလဲလဲ သိမ်းဆည်းရာသည်။

**အနက်ကား။** ။မေ၊ ငါသည်။ လာဘာဝတ၊ ပေး လှူတတ်သော ဒါယကာ၏အဖြစ်ကို အရတော်စွ။ မေ၊ ငါ သည်။ သုလဒ္ဓံ ဝတ၊ လူ၏အဖြစ်ကို အရတော်စွ။ ယော အဟံ၊ အကြင်ငါသည်။ မစ္ဆေရမလ ပရိယုဋ္ဌိတာယ၊ ဝန်တို ခြင်း အညစ်အကြေးသည်။ နှိပ်စက်အပ်သော။ ပဇာယ၊ သတ္တဝါ၌။ ဝိဂတမလ မစ္ဆေရေန၊ ဝန်တိုခြင်း အညစ်အကြေး မှ ကင်းသော။ စေတသာ၊ စိတ်နှင့်။ မုတ္တစာဂေါ၊ လွှတ် လွှတ်စွန့်ကြဲခြင်း ရှိသည်ဖြစ်၍။ မယတပါဏိ၊ လှူဘွယ်ဝတ္ထု ကို လှူခြင်းငှါ စင်ကြယ်သောလက် ရှိသည်ဖြစ်၍။ ဝေါဿ- ဂ္ဂရတော၊ စွန့်ကြဲခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ယာ စ ယော ဂေါ၊ တောင်းလာသောသူတို့အား ပေးတတ်သော အားဖြင့်။ တောင်းခြင်းငှါ ခန့်သည်ဖြစ်၍။ ဒါနသံဝိဘာ ဂရတော၊ ပေးကမ်းဝေဖန်ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ဝိ- ဟာရာမိ၊ နေ၏။

စာဂါနုဿတိကို အားထုတ်သောသူသည် အတိုင်းထက် အလွန် စွန့်ကြဲခြင်း၌ ညွတ်သောစိတ် ရှိ၏၊ အားကြီးသော အလောဘနှင့် ပြည့်စုံ၏၊ မေတ္တာနှင့်လျော်သည်ကိုသာ ပြု လေ့ရှိ၏၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်၏၊ ပီတိ, ပါ မောဇ္ဇတရားသည် ပွားများ၏၊ စုတေသည်၏ အခြားမဲ့၌ သုဂတိဘုံသို့ လားရာ၏။ ဤကား စာဂါနုဿတိအာနိသင် အစီအရင်တည်း။

## ဒေဝတာနုဿတိ ပွားများနည်း

ဒေဝတာနုဿတိကို ပွားစေလိုသောသူသည် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ (သန္တိ ဒေဝါ စာတုမဟာရာဇိကာ သန္တိ ဒေဝါ တာဝတိံသာ ယာမာ တုသိတာ နိမ္မာနရတိနော၊ ပရနိမ္မိတ ဝသဝတ္တိနော၊ သန္တိဒေဝါ ဗြဟ္မကာယိကာ၊ သန္တိ ဒေဝါ တဒုတ္တရိ ယထာရူပါယ သဒ္ဓါယ သမန္နာဂတာ၊ တာ ဒေဝတာ ဣတော စုတာ တတ္ထ ဥပပန္နာ မယှမ္ပိ ယထာရူပါ သဒ္ဓါ သံဝိဇ္ဇတိ၊ ယထာရူပေန သီလေန ယထာရူပေန သု တေန ယထာရူပေ စာဂေန ယထာရူပါယ ပညာယ သမန္နာ ဂတာ၊ တာဒေဝတာ ဣတော စုတာ၊ တတ္ထ ဥပပန္နာ၊ မယှမ္ပိ တထာရူပါ၊ ပညာ, သံဝိဇ္ဇတိ) ဟု နှတ်တို့ သဒ္ဓါ အစရှိသော ဂုဏ်ကျေးဇူးကို သက်သေအရာ၌ထား၍ မိမိသဒ္ဓါ အစ ရှိ သော ဂုဏ်ကျေးဇူးကို အဖန်တလဲလဲ အောက်မေ့ရာသည်။

**အနက်ကား။** ။ယထာရူပါယ၊ အကြင်သို့ သဘော ရှိသော။ သဒ္ဓါယ၊ သဒ္ဓါတရားနှင့်။ သမန္နာဂတာ၊ ပြည့်စုံ ကုန်သော။ စာတုမဟာရာဇိကာ ဒေဝါ၊ စာတု မဟာရာ ဇိကာ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ယမာဒေဝါ၊ ယာမာ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တုသိတာဒေဝါ၊ တုသိတာ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ နိမ္မာနရတိနော ဒေဝါ၊ နိမ္မာနရတိနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ပရနိမ္မိတ

ဝသဝတ္တီနောဒေဝါ၊ ပရနိမ္မိတဝသဝတ္တီ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဗြဟ္မကာယိကာဒေဝါ၊ ဗြဟ္မာနတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တဒုတ္တရိဒေဝါ၊ ထိုထက်လွန်သော ဗြဟ္မာတို့သည်။ သန္တိ၊ ရှိကုန်၏။ တထာရူပါယ၊ ထိုသို့သဘောရှိသော။ သဒ္ဓါယ၊ သဒ္ဓါတရားနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော၊ ဤလူ့ပြည်မှ။ စုတာ၊ စုတေ့ကုန်သည်။ သမာနာ၊ ဖြစ်ကုန်လတ်သော်။ တတ္ထ၊ ထိုနတ်ပြည်၌၊ ဥပပန္နာ၊ ဖြစ်ကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ၊ ထိုသို့သဘောရှိသော။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ သံဝိဇ္ဇတိ၊ ရှိ၏။ ယထာရူပေန၊ အကြင်သို့သဘောရှိသော။ သီလေန၊ သီလနှင့်။ ယထာရူပေန၊ အကြင်သို့ သဘောရှိသော။ သုတေန၊ သုတနှင့်။ ယထာ-ရူပေန၊ အကြင်သို့သဘောရှိသော။ စာဂေန၊ စာဂနှင့်။ ယထာရူပါယ၊ အကြင်သို့သဘောရှိသော။ ပညာယ၊ ပညာဖြင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သော။ တာဒေဝတာ၊ ထိုနတ်တို့သည်။ ဣတော၊ ဤလူ့ပြည်မှ။ စုတာ၊ စုတေ့ကုန်သည်ရှိသော်။ တတ္ထ၊ ထိုနတ်ပြည်၌၊ ဥပပန္နာ၊ ဖြစ်ကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ၊ ထိုသို့သဘောရှိသော။ ပညာ၊ ပညာသည်။ သံဝိဇ္ဇတိ၊ ရှိ၏။ ဒေဝတာနုဿတိကို အားထုတ်သော ပုဂ္ဂိုလ်သည် နတ်တို့ လေးမြတ် ချစ်ကြည်၏၊ အတိုင်းထက်အလွန် ကြည်ညို၏၊ သဒ္ဓါ၏ ပြန့်ပြောခြင်း၊

ပညာ၏ ပြန့်ပြောခြင်းသို့ ရောက်၏၊ အားကြီးသော ပိတိပါမောဇ္ဇတရားနှင့် ပြည့်စုံ၏၊ သေသည်၏ အခြားမဲ့၌ သုဂတိဘုံသို့ လားရာ၏၊ ဤကား ဒေဝတာနုဿတိ အာနိသင် အစီအံရင်တည်း။

## ဥပသမာနုဿတိ ပွားများနည်း

ဥပသမာနုဿတိကို ပွားလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်သို့ကပ်၍ (ယာဝတာ ဘိက္ခဝေ ဓမ္မာ၊ သင်္ခတာ ဝါ အသင်္ခတာ ဝါ၊ ဝိရာ ဂေါ တေသံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒံ၊ နိမ္မထနေ၊ ဝိပါသဝိနယော၊ အာလယသမုဂ္ဃါတော ဝဋ္ဋုပစ္ဆေဒေါ တဏှက္ခ ယော ဝိရာဂေါ နိ ရောဓေ နိဗ္ဗာနံ-ဟူ၍ အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ်ကို ပြုရာသည်။

**အနက်ကား။** ။ဘိက္ခဝေ-ရဟန်းတို့။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သင်္ခတာ ဝါ ဓမ္မာ၊ သင်္ခတ တရားတို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ တာဝတာ တတ္တကာနံ၊ ထိုမျှလောက်ကုန်သော။ တေသံ၊ ထိုသင်္ခတ, အသင်္ခတ တရားတို့တွင်။ ဝိရာဂေါ၊ ရာဂ၏ကင်းရာဖြစ်သော နိဗ္ဗာန်ကို။ အဂ္ဂံ၊ မြတ်၏ဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ ယဒိဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ မဒနိမ္မထနော၊ ထောင်လွှားတတ်သောမာန်ကို ဖျက်ဆီးတတ်၏။ ပိပါသဝိနယော၊ ကာမဂုဏ်ငါးပါးတည်းဟူသော မွတ်သိပ်ခြင်းကို ဖျောက်

တတ်၏။ အာလယသမုဂ္ဂါတော၊ကာမဂုဏ်၌ ကပ်ငြိခြင်းကို သတ်ဖြတ်တတ်၏။ ဝဋ္ဋုပစ္ဆေဒေါဝဋ္ဋတရားကို ဖြတ်တတ်၏။ တဏှာက္ခယော၊ တဏှာ၏ ကုန်ရာ ကုန်ကြောင်းဖြစ်၏။နိရော- ဓော-ရာဂ၏ ချုပ်ရာချုပ်ကြောင်းဖြစ်၏။

ဥပသမာနုဿတိကို အားထုတ်သော ပုဂ္ဂိုလ်သည် ချမ်းသာစွာ အိပ်ရ၏၊ ချမ်းသာစွာ နိုးရ၏၊ ငြိမ်သက်သော ဣန္ဒြေရှိ၏၊ ငြိမ်သက်သောစိတ်ရှိ၏၊ ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံ၏၊ သူခပ်သိမ်းတို့ ကြည်ညိုဖွယ်ရှိ၏၊ အမြတ်ကိုသာ နှလုံးသွင်းလေ့ရှိ၏၊ သီတင်းသုံးဘော်တို့သည် ကျောက်ထီးကဲ့သို့ အလေးအမြတ်ပြု၏၊ ထိုဘဝ၌ အကြောင်းမညီညွတ်၍ မဂ်ဖိုလ်ကို မရသေးသော်လည်း သုဂတိဘုံသို့ လားရာ၏။ ဤကား ဥပသမာ နုဿတိ အာနိသင် အစီအရင်တည်း။

## မရဏာနုဿတိ ပွားများနည်း

မရဏာနုဿတိကို ပွားလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာ အရပ်၌ နေ၍ (အဒ္ဓုဝံ ဇီဝိတံ၊ ဓုဝံ မရဏံ၊ အဝဿံ မယာ မရိတဗ္ဗံ၊ မရဏပရိယောသာနံ မေ ဇီဝိတံ၊ ဇီဝိတ မေဝ အနိယတံ၊ မရဏံ နိယတံ)ဟု အကြိမ်များစွာ စီးဖြန်းခြင်း ပရိကမ် ကို ပြုရာ၏။

**အနက်ကား၊** ။မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ အဒ္ဓုဝံ၊ မမြဲ။ မရဏံ၊ သေခြင်းသည်။ ဓုဝံ၊ မြဲ၏။ မယာ၊

ငါသည်။ အဝသာ၊ မချွတ်။ ပရိတဗ္ဗံ၊ သေရအံ့သောတည်း။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ မရဏာပရိယောသာနံ၊ သေခြင်းလျှင် အဆုံးရှိ၏။ဇီဝိတမေဝ၊အသက်သည်သာလျှင်။ အနိယတံ၊ မမြဲ။ မရဏံ၊ သေခြင်းသည်။ နိယတံ၊ မြဲ၏။

မရဏာနုဿတိကို ပွားလိုသောသူသည် အဆောတလျင် သားရဲဘီလူး၊ မြွေ၊ ကင်း၊ သန်း၊ သူသတ်၊ ခိုးသူတို့သည် နှိပ်စက်သော်လည်း ကျောက်ရှိ ထိတ်လန့်ခြင်း ကင်းသည်ဖြစ်၍ မတွေ့ မဝေ စုတေရ၏၊ မျက်မှောက်ဘဝ၌ အကြောင်း မညီညွတ်၍ မင်္ဂဖိုလ်ကို မရသည်ဖြစ်အံ့၊ သေသည်၏အခြားမဲ့၌ သုဂတိဘုံသို့ လားရ၏။ ဤကား မရဏာနုဿတိ၏ အာနိသင် အစီအရင်တည်း။

မရဏာနုဿတိကို ပွားစေရာ၌ မရဏ ဟူသည်ကား ရဟန္တာတို့အား ဝဋ်ဆင်းရဲ၏ ပြတ်ခြင်း တည်းဟူသော သမုစ္ဆေဒမရဏ၊ သင်္ခါရတရားတို့ ဘင်ခဏဟု ဆိုအပ်သော ခဏိက မရဏ၊ သစ်ပင်သေသည်၊ ပြဒါးသေသည်၊ သံသေသည် အစရှိသော သမုတိမရဏလည်း ရှိသည်၊ ထိုမရဏကို အလိုမရှိအပ်၊ စင်စစ်သော်ကား ကာလ၊ မရဏ၊ အကာလ မရဏကိုသာ အလိုရှိအပ်၏။ ထိုနှစ်ပါးတို့တွင် ကာလမရဏသည် ကုသိုလ်ကံကုန်ခြင်းကြောင့်လည်း သေ၏၊ အသက်ကုန်ခြင်းကြောင့်လည်း သေ၏၊ အကာလမရဏသည် ကုသိုလ်ကံကို ဖြတ်တတ်သော အကုသိုလ်ဖြစ်သော ဥပစ္ဆေဒကကံ၏

အစွမ်းကြောင့် သေ၏၊ ထိုမရဏာနုဿတိကို ပွားလိုသော ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ကပ်၍ "မရဏံ မရဏံ" ဟူ၍လည်းကောင်း၊ ယောနိသော မနသိကာရကို ဖြစ်စေအပ်၏၊ အဘယ့်ကြောင့်နည်းဟူမူကား အယောနိသော မနသိကာရကို ဖြစ်စေသောသူအား အလိုရှိသောသူ၏ သေခြင်းကို အောက်မေ့ရာ၌ အမိသည် ချစ်လှစွာသောသား၏ သေခြင်းကို အောက်မေ့ရာ၌ စိုးရိမ်ခြင်းဖြစ်သကဲ့သို့ စိုးရိမ်ခြင်း သောကသည်ဖြစ်၏၊ အလိုမရှိအပ်သောသူ၏ သေခြင်းကို အောက်မေ့ရာ၌ ရန်သူ၏သေခြင်းကို အောက်မေ့ရာ၌ ဝမ်းမြောက်ခြင်း ဖြစ်သကဲ့သို့ ဝမ်းမြောက်ခြင်းဖြစ်၏၊ လျစ်လျူရှုအပ်သောသူ၏ သေခြင်းကို အောက်မေ့ရာ၌ သူသေကောင်ပုပ်ကို မြင်သောသူသည် ထိုသူသေကောင်ကို မြင်ရာ၌ သံဝေဂမဖြစ်သကဲ့သို့ ထိတ်လန့်ခြင်း သံဝေဂ မဖြစ်။ မိမိသေခြင်းကို အောက်မေ့ရာ၌ ကြောက်တတ်သောသဘောရှိသောသူအား ခါအပ်သောသံလျက်၊ လက်စွဲသောသူကို မြင်၍ ထိတ်လန့်ခြင်း သံဝေဂဖြစ်၏၊ ထိုအလုံးစုံသည် သတိသံဝေဂဉာဏ် ကင်းသောသူအားသာ ဖြစ်၏၊ ထို့ကြောင့် ထိုထိုအရပ်၌ သေလေသောသတ္တဝါကိုကြည့်၍ မြင်ဘူးသောသတ္တဝါတို့၏သေခြင်းကို ဆင်ခြင်သဖြင့် သတိသံဝေဂဉာဏ်ကို ယှဉ်စေ၍ "မရဏံ ဘဝိဿတိ" စသောနည်းဖြင့် အသင့်နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။ ဤသို့ ဖြစ်စေသောသူ

အား ခြောက်ပါးသော နိဝရဏတို့သည် တဒင်္ဂပဟာန်၏ အစွမ်းဖြင့် ကင်းကုန်၏၊မရဏာနုဿတိသည်လည်း ကောင်းစွာ တည်၏၊ ဥပစာရသမာဓိသို့လည်း ရောက်၏၊ဤမရဏာနုဿတိ ကို အားထုတ်သော ပုဂ္ဂိုလ်သည် မပြတ်သော အပ္ပမာဒ တရားနှင့် ပြည့်စုံ၏၊ ခပ်သိမ်းသောဘဝ၌ မမွေ့လျော်သော အမှတ်သညာကို ရ၏၊ ဇီဝိတိန္ဒြေ၌ တပ်ခြင်းကို ပယ်ရ၏၊ မကောင်းမှုကိုလည်း စက်ဆုပ်လေ့ရှိ၏၊ ပစ္စည်း ပရိက္ခရာ တို့ကို သိုမှီးခြင်းလည်း မရှိ၊ ဝန်တိုခြင်း တည်းဟူသော အညစ်အကြေးမှလည်း ကင်း၍ အနိစ္စသညာ၊ ဒုက္ခသညာ၊ အနတ္တသညာသည်လည်း ရှေးရှုထင်လာ၏။ ။ဤကား မရဏာနုဿတိ၏ အာနိသင် အစီအရင်တည်း။

**ကာယဂတာသတိကို သိမ်းဆည်းရာသောနည်းကား**

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော- ဟူ၍ တစ ပဉ္စကဲ၌ အနုလောမ နည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေ သာ–ဟူ၍လည်း တစပဉ္စက ပဋိလောမနည်းအားဖြင့် ငါး ရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ–ဟူ၍လည်း တစပဉ္စကဲ၌ အနုလောမ ပဋိ လောမ နည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်း ရာသည်။

မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္စံ၊ ဝက္ကံ–ဟူ၍ ဝက္ကပဉ္စကဥ္စလည်း အနုလောမအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်၊ ဝက္ကံ၊ အဋ္ဌိမိဉ္စံ၊ အဋ္ဌိ၊ နှာရု၊ မံသံ– ဟူ၍လည်း ဝက္က-ပဉ္စကဥ္စ ပဋိလောမနည်းအားဖြင့် ငါးရက်ပြည့်အောင် သိမ်းဆည်းရာသည်၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္စံ၊ ဝက္ကံ။ ဝက္ကံ၊ အဋ္ဌိမိဉ္စံ၊ အဋ္ဌိ၊ နှာရု၊ မံသံ–ဟူ၍လည်း ဝက္ကပဉ္စကဥ္စ အနုလောမ၊ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္စံ၊ ဝက္ကံ-ဟူ၍ တစပဉ္စက-ဝက္ကပဉ္စက နှစ်ခုစပ် အနု-လောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။ ။ဝက္ကံ၊ အဋ္ဌိမိဉ္စံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာဟူ၍လည်း တစပဉ္စက-ဝက္ကပဉ္စက နှစ်ခုစပ် ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္စံ၊ ဝက္ကံ။ ဝက္ကံ၊ အဋ္ဌိမိဉ္စံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ–ဟူ၍လည်း တစ-ပဉ္စက-ဝက္ကပဉ္စက နှစ်ခုစပ် အနုလောမ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ-ဟူ၍လည်း ပပ္ဖါသပဉ္စက၌ အနုလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ-ဟူ၍လည်း ပပ္ဖါသပဉ္စက၌ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒကံ-ဟူ၍ ပပ္ဖါသပဉ္စက၌ အနုလောမ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ-ဟူ၍လည်း ပဉ္စကသုံးခုစပ် အနုလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။ ။ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ-ဟူ၍လည်း ပဉ္စကသုံးခု ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော။ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ။ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊

ကေသာ-ဟူ၍လည်း ပဉ္စကသုံးခုစပ် အနုလောမ ပဋိလောမ နည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

အဋ္ဌိ၊ အဋ္ဌိဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ ဟူ၍ မတ္ထလုင်္ဂပဉ္စက၌လည်း အနုလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အဋ္ဌိဂုဏံ၊ အဋ္ဌိ-ဟူ၍လည်း မတ္ထလုင်္ဂပဉ္စက၌ ပဋိလောမ နည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

အဋ္ဌိ၊ အဋ္ဌိဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အဋ္ဌိဂုဏံ၊ အဋ္ဌိ-ဟူ၍လည်း မတ္ထလုင်္ဂပဉ္စက၌ အနုလောမ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္စံ၊ ဝက္ကံ။ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ။ အဋ္ဌိ၊ အဋ္ဌိဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ-ဟူ၍ ပဉ္စကလေးခုစပ်၍ အနုလောမနည်းအားဖြင့် ငါးရက် စေ့အောင် သိမ်းဆည်းရာသည်။

မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အဋ္ဌိဂုဏံ၊ အဋ္ဌိ။ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ။ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္စံ၊ အဋ္ဌိ၊ နှာရု၊ မံသံ။ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ—

ဟူ၍လည်း ပဉ္စကလေးခုစပ် ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ။ မတ္ထလုင်္ဂံ၊ ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ဝိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ–ဟူ၍လည်း ပဉ္စကလေးခုစပ် အနုလုံ ပဋိလုံနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ–ဟူ၍ မေဒဆက္ကဋ္ဌ အနုလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းရာသည်။

မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ–ဟူ၍လည်း မေဒဆက္ကဋ္ဌ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ။ မေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ-ဟူ၍လည်း မေဒဆက္ကဋ္ဌ အနုလောမ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ-ဟူ၍ ပဉ္စက လေးပါး ဆက္ကတပါးပေါင်း၍ အနုလောမနည်းဖြင့်လည်း ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။ ။မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ပိတ္တံ၊မတ္ထလုင်္ဂံ၊ကရီသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ-ဟူ၍လည်း ပဉ္စကလေးပါး ဆက္ကတပါးပေါင်း၍ ပဋိလောမနည်းအားဖြင့် ငါးရက် စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ။ မေဒေါ၊ သေဒေါ၊လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊ မတ္ထလုင်္ဂံ၊ ကရီ-သံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ-ဟူ၍လည်း ပဉ္စကလေးပါး၊

ဆက္ကတပါးပေါင်း၍ အနုလောမ–ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာနိကာ၊ လသိကာ၊ မုတ္တံ–ဟူ၍လည်း မုတ္တဆက္က၌ အနုလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

မုတ္တံ၊ လသိကာ၊ သိင်္ဃာနိကာ၊ ခေဠော၊ ဝသာ၊ အဿု–ဟူ၍လည်း မုတ္တဆက္က၌ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာနိကာ၊ လသိကာ၊ မုတ္တံ။ မုတ္တံ၊ လသိကာ၊ သိင်္ဃာနိကာ၊ ခေဠော၊ ဝသာ၊ အဿု–ဟူ၍လည်း မုတ္တဆက္က၌ အနုလောမ-ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာနိကာ၊ လသိကာ၊ မုတ္တံ-ဟူ၍လည်း ပဥ္စက လေးပါး ဆက္ကနှစ်ပါးပေါင်း၍ အနုလောမနည်း အားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

မုတ္တံ၊ လသိကာ၊ သိင်္ဃာနိကာ၊ ခေဠော၊ ဝသာ၊ အဿု၊ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊ မတ္ထ-

လုင်္ဂ၊ ကရိသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ-ဟူ၍လည်း စဥ္စကလေးပါး- ဆက္ကနှစ်ပါးပေါင်း၍ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရိသံ၊ မတ္ထလုင်္ဂ၊ ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာနိကာ၊ လသိကာ၊ မုတ္တံ။ မုတ္တံ၊ လသိကာ၊ သိင်္ဃာနိကာ၊ ခေဠော၊ ဝသာ၊ အဿု၊ မေဒေါ၊ သေဒေါ၊ လောဟိတံ၊ ပုဗ္ဗော၊ သေမှံ၊ ပိတ္တံ၊ မတ္ထလုင်္ဂ၊ ကရိသံ၊ ဥဒရိယံ၊ အန္တဂုဏံ၊ အန္တံ၊ ပပ္ဖါသံ၊ ပိဟကံ၊ ကိလောမကံ၊ ယကနံ၊ ဟဒယံ၊ ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ-ဟူ၍လည်း စဥ္စကလေးပါး ဆက္ကနှစ်ပါးပေါင်း၍ အနုလောမ၊ ပဋိလောမနည်းအားဖြင့် ငါးရက်စေ့အောင် သိမ်းဆည်းရာသည်။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖါသံ၊ အန္တံ အန္တဂုဏံ ဥဒရိယံ ကရိသံ

မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ။
အဿု ဝသာ ခေဠော သိင်္ဃာနိကာ လသိကာ မုတ္တန္တိ။
(ဒွတ္တိံသကာယ ကမ္မဋ္ဌာန်းပါဠိတော်)

အနက်ကား။ ။ဣမသ္မိံ ကာယေ၊ ဤကိုးပါးသော အပေါက်မှ မပြတ်ယိုစီးသည်ဖြစ်၍ စက်ဆုပ် ရွံ့ရှာဘွယ် ရှိလျက် တလံမျှလောက်သော မဟာဘုတ်လေးပါးကိုမှီသော ဤရူပကာယ ခန္ဓာကိုယ်၌။ ကေသာ၊ နံပါးနှစ်ဘက်မှ နားပန်စရှေ့မှ နဖူးပြင် နောက်မှ နောက်ဘက်တွင်းဖြင့် ပိုင်းခြားအပ်သော ဦးခေါင်းခွံကို ရစ်လွှမ်းသောအရေ၌ ရောက်လျက် ရှည်သောစင်းရိုးသဏ္ဌာန်နှင့်တူသော မည်းနက်သော အဆင်းရှိသော နှစ်ကုဋေငါးသန်းသော ဆံတို့သည်လည်းကောင်း။ လောမာ၊ ဆံတို့၏တည်ရာ ဦးခေါင်း၊ ခြေဘဝါး၊ လက်ဘဝါးပြင်ကိုထား၍ များသောအားဖြင့် ကြွင်းသောကိုယ်အပြင်ကို ရစ်လွှမ်းလျက်တည်သောအရေ၌ ရောက်၍ အောက်သို့ညွှတ်သော ထန်းမြစ်သဏ္ဌာန်နှင့်တူသော ဖျော့တော့ ညိုသောအဆင်းရှိသော ကိုးသိန်းကိုးသောင်းသော အမွေးတို့သည်လည်းကောင်း။ နခါ၊ ခြေချောင်း လက်ချောင်းတို့၏ အဖျား၌ရောက်လျက် ငါးကြေးသဏ္ဌာန်နှင့်တူသော ဖြူသောအဆင်းရှိသော နှစ်ဆယ်သော ခြေသည်း လက်သည်းတို့သည်လည်းကောင်း။ ဒန္တာ၊ အောက်

မေး အထက်မေး နှစ်ပါး၌တည်လျက် ဘူးစေ့သဏ္ဍာန် ကြက်ရိုးငုံ သဏ္ဍာန်နှင့် တူသော ဖြူသောအဆင်းရှိသော သုံးဆယ့်နှစ်ချောင်းသော သွားတို့သည် လည်းကောင်း။ တစော၊ တကိုယ်လုံးကို ဖုံးလွှမ်းတည်လျက် တပေါင်းတည်း ရှိ၍ လုံးအပ်သည်ရှိသော် ဇီးစေ့ခန့်မျှရှိသော အသီးအသီး ပိုးအိမ်သဏ္ဍာန်၊ ခြေနင်းသဏ္ဍာန်၊ ထမင်းထုပ်သော ထန်း ရွက်သဏ္ဍာန် အစရှိသည်နှင့်တူသော မီးလောင်၍ ဖူးဖူး ပေါက်သောအခါ အရေကျက်သောအခါ ဖြူသောအဆင်း ထင်ရှားသော အပေါ်ရေ, အတွင်းရေသည်လည်းကောင်း။ မံသ၊ သုံးရာ့နှစ်ဆယ်သော အရိုးတို့ကို လိမ်းကျံ၍ တည်လျက် အသီးအသီး ထန်းရွက်ဖြင့် ထုပ်အပ်သောထမင်းထုပ်သဏ္ဍာန် ကျောက်သားသဏ္ဍာန် အစရှိသည်နှင့် တူသော နီသော အဆင်းရှိသော ကိုးရာသောအသားတစ်သည်လည်းကောင်း။ နှာရု၊ ကိုယ်အလုံး၌ အရိုးတို့ကိုဖွဲ့လျက်တည်၍ အသီးအသီး ချည်ကြိုးသဏ္ဍာန်, နွယ်ပုတ်သဏ္ဍာန်, စောင်းညှို့သဏ္ဍာန် အစရှိသည်နှင့်တူသော ဖြူသောအဆင်းရှိသော ကိုးရာသော အကြောတို့သည် လည်းကောင်း။ အဋ္ဌိ၊ သာမညအားဖြင့် အလုံးစုံသော ကိုယ်၌တည်လျက် အသီးအသီး ခပေါင်းစေ့ သဏ္ဍာန်, ပိန္နဲစေ့သဏ္ဍာန်, ထက်စည်သဏ္ဍာန် အစရှိသည်နှင့် တူသော ဖြူသောအဆင်းရှိသော သုံးဆယ့်နှစ်ချောင်းသော သွားကိုထား၍ တပါးသော၊ ခြောက်ဆယ့်လေးချောင်းသော

လက်ရိုး၊ ခြောက်ဆယ့်လေးချောင်းသောခြေရိုး၊ အသားကို မှီ၍ နူးညံ့သိမ်မွေ့သော ခြောက်ဆယ့်လေးချောင်းသော အရိုး၊ နှစ်ချောင်းသော ဖနောင့်ရိုး၊ တဖက်တဖက်သော ခြေ၌ နှစ်ချောင်းနှစ်ချောင်းသော ဖမျက်ရိုး၊ နှစ်ချောင်း နှစ်ချောင်းသော မြင်းခေါင်းရိုး၊ တချောင်းတချောင်းသော ပဆစ်ရိုး၊ တချောင်းတချောင်းသော ပေါင်ရိုး၊ နှစ်ချောင်း နှစ်ချောင်းသော ခါးရိုး၊တဆယ့်ရှစ်ချောင်းသောကျောက် ဆစ်ရိုး၊ နှစ်ဆယ့်လေးချောင်းသော နံရိုး၊ တဆယ့် လေးချောင်းသော ရင်ရိုး၊ တချောင်းသော ရင်ညွန့်ရိုး၊ နှစ်ချောင်းသော မြှပ်ရိုး၊ နှစ်ချောင်းသော ဗိရင်လက်ပြင်ရိုး၊ နှစ်ချောင်းသော လက်မောင်းရိုး၊ တဖက်တဖက်သောလက်၌ နှစ်ချောင်းနှစ်ချောင်းသောလက်ဖျံရိုး၊ ခုနစ်ချောင်းသော လက်ရိုး၊ နှစ်ချောင်းသောမေးရိုး၊ တချောင်းသောနှာခေါင်း ရိုး၊ နှစ်ချောင်းသော မျက်ကွင်းရိုး၊ နှစ်ချောင်းသောနားရိုး၊ တချောင်းသော နဖူးရိုး၊တချောင်းသော ထိပ်ရိုး၊ကိုးချောင်း သော ခေါင်းခွံရိုးအားဖြင့် သုံးရာသော အရိုးသည်လည်း ကောင်း။ အဋ္ဌိမိဉ္စံ၊ အရိုးတို့၏အတွင်း၌တည်လျက် ဝါးကျည် ၌ထည့်၍ ပေါင်းအပ်သော ကြိမ်ညွန့်သဏ္ဌာန် နှင့်တူသော ဖြူသောအဆင်းရှိသော ရိုးတွင်းခြင်ဆီသည် လည်းကောင်း။ ဝက္ကံ၊ ရေချိုတွင်းမှထွက်သော တခုသော အဖြစ်ဖြင့် အတန်ငယ်တက်၍ နှစ်ဖြာကွဲသော ရှိသော

အကြောဖြင့် ဖွဲ့အပ်သည်ဖြစ်၍ နှလုံးသားကို ခြံရံ၍ တည်လျက် တည္ဘာတည်း၌ နှစ်လုံးပြွတ်သီးသော သရက်သီးသဏ္ဌာန်နှင့်တူသော ဇဥ်းငယ်နီသော အဆင်းရှိသည်ဖြစ်၍ တခုသော အည္ဘာရှိသော အသားစိုင်နှစ်စိုင်ဟုဆိုအပ်သော အညိုသည်လည်းကောင်း။ ဟဒယံ၊ ကိုယ်အတွင်း၌ သားမြွတ်နှစ်လုံးတို့၏အလယ်၌တည်လျက် အပေါ်ကားပွင့်ချပ်ကိုခွါ၍ စောက်ထိုးထားအပ်သော ပဒုမ္မာကြာငုံသဏ္ဌာန်နှင့်တူသော အတွင်းကား သပ္ပတ်ခါးသီး၏ အတွင်းသဏ္ဌာန်နှင့်တူသည်ဖြစ်၍ နီသောအဆင်းရှိသော နှလုံးခွံသားသည်လည်းကောင်း။ ယကနံ၊ နှစ်လုံးသော သားမြွတ်တို့၏အတွင်း၌ လက်ျာနံပါးကို မှီ၍တည်လျက် အည္ဘာတခုအဖျား နှစ်ခုရှိသော ပင်လယ် ကသစ်ရွက် သဏ္ဌာန်နှင့်တူသည့် ဖြစ်၍ ဖျော့ တော့ နီ သော အဆင်း ရှိ သောအစုံရှိသော အသားများတည်း ဟူသော အသည်းသည်လည်းကောင်း။ ကိလောမကံ၊ အညှို နှစ် လုံး ကို ဖုံးလွှမ်း၍တည်လျက် မိမိတည်ရာသဏ္ဌာန်နှင့် တူသည်ဖြစ်၍ ဖြူသောအဆင်းရှိသော ဖုံးကွယ်သော အသားဖျဉ်း တည်းဟူသော အမြှေး၊ ကိုယ်အလုံး၌ အရေ၏အောက်မှ မှေးယှက်၍ တည်လျက် မိမိတည်ရာသဏ္ဌာန်နှင့် တူသည်ဖြစ်၍ဖြူသောအဆင်းရှိသော မဖုံးကွယ်သော အသားဖျဉ်းတည်းဟူသော အမြှေးဟု ဆိုအပ်သော နှစ်ပါးသော အမြှေးသည်

လည်းကောင်း။ ပိဟကံ၊ နှလုံးခွံ၏ အသား၏ လက်ဝဲနံပါး၌ အစသစ်၏တည်ရာ အူမ၏ အထက်နံပါးကိုမှီလျက် တည်၍ လက်,ခုနစ်သစ်ပမာဏဖြင့်တွဲအပ်သော နွားနှောက်ငယ်၏ လျှာသဏ္ဌာန်နှင့်တူသော ညိုသောအဆင်းရှိသော ဝမ်းလျှား အသားတည်းဟူသောအဖျဉ်းသည်လည်းကောင်း။ ပပ္ဖါသံ၊ ကိုယ်အတွင်း သားမြွတ် နှလုံးတို့၏အကြား၌ နှလုံးအသည်းကို ဖုံးလွှမ်း၍ တွဲလွဲဆွဲ၍တည်သော မညီမညွတ်ပြတ်သော ထူသော မုံ့ယှက်သဏ္ဌာန်နှင့် တူသောအဆင်းရှိသော သုံးဆယ့်နှစ်ဆုတ်သော အသားများ တည်းဟူသော အဆုတ်သည်လည်းကောင်း။ အန္တံ၊ အထက်ကား လည်ချောင်း၊ အောက်ကား ကျင်ကြီးကြောင်း အဆုံးရှိသော ကိုယ်အတွင်း၌ တည်သည်ဖြစ်၍ သွေးတည်ရာကျင်း၌ ခွေ၍ထားအပ်သော ဦးခေါင်းပြတ်သော မြွေသဏ္ဌာန်နှင့်တူသော ဖြူသော အဆင်းရှိသော ယောကျ်ားအား သုံးဆယ့်နှစ်တောင်၊ မိန်းမ အား နှစ်ဆယ့်ရှစ်တောင်ဖြစ်၍ နှစ်ဆယ်တပတ်ခွေ၍နေသော အူမသည်လည်းကောင်း၊ အန္တဂုဏံ၊ ယန္တရားကို ငင်သောအခါ ယန္တရားကြိုးတို့သည် ယန္တရားပျဉ်ချပ်တို့ကို ဖွဲ့သကဲ့သို့ ပေါက်တူး ပုဆိန်မှ စသည်တို့ကို ပြုသောသူ၏ အူခွေတို့ကို တဖက်သို့မလျှောကြစေဘဲ အသားအားလျော်စွာ ကောင်းစွာဖွဲ့၍ နှစ်ဆယ့်တပတ်သော အူခွေတို့၏အကြား၌တည်လျက် မျောက်လှေကူး မှော်မြစ်သဏ္ဌာန်

နှင့်တူသော ဖြူသောအဆင်းရှိသော အူသိမ်သည်လည်း ကောင်း။ ဥဒရိယံ၊ အပကား ပြေပြစ်၍ အတွင်းကား မြေမှုန့်ရောက်သွား ဖုံကပ်လိမ်းသည်ဖြစ်၍ ညစ်ညူးသော ခင်းနီးကဲ့သို့ မသန့်ရှင်းသည်ဖြစ်၍ နှစ်ဘက်အစွန်းကို ကိုင် သဖြင့် ညစ်အပ်သော စိုသောပုဆိုး၏ အလယ်ပုံ ပုံရောင် သည်နှင့်တူသော အအူပြားတည်းဟူသော ဝမ်း၌တည်လျက် ရေစစ်ပုဝါ၌ လျှော့လျှော့ဖွဲ့အပ်သော သံလုံးသဏ္ဌာန်နှင့် တူသည်ဖြစ်၍ မျိုအပ်သော အာဟာရ၏ အဖြူအနီစသော အဆင်းရှိသော စားအပ်၊သောက်အပ်၊ခဲအပ်လျက်အပ်သော အစာသစ်သည်လည်းကောင်း။ ကရီသံ၊ ရွှေမှချက်အောက်၊ နောက်မှအောက်ဆုံး ကျောက်ဆစ်ရိုးတို့၏အလယ်၊ အူမ အဆုံး အစောက် လက်ရှစ်သစ်မျှရှိသော ဝါး ကျည် နှင့် တူသော အစာအိမ်၌တည်လျက် ဝါးကျည်၌ နယ်၍ ထည့် အပ်သော မြေနှဲသဏ္ဌာန်နှင့်တူသည်ဖြစ်၍ များသောအား ဖြင့် မျိုအပ်သော အစာ၏ အဝါ၊ အရွှေစသော အဆင်း ရှိသော အစာဟောင်းတည်းဟူသော ကျင်ကြီးသည်လည်း ကောင်း။ မတ္ထလုင်္ဂံ၊ ပေါင်း၍ထားအပ်သော လေးခုသော မှိုညက်စိုင်ကဲ့သို့ ဦးခေါင်းခွံ၏အတွင်း၌ ချုပ်ကြောင်း လေး ခုကိုမှီလျက် တပေါင်းတည်း တည်သည်ဖြစ်၍ တည်ရာ သဏ္ဌာန်နှင့်တူသော ဖြူသောအဆင်းရှိသော ခြင်ဆီတို့၏ အစုတည်းဟူသော ဦးနှောက်သည် လည်းကောင်း။ ပိတ္တံ၊

နှလုံးသားအဆုံးတို့၏အလယ် အသည်းကိုမှီ၍ တည်သော သပွတ်ခါးသီး၏ အတွင်းနှင့်တူသော သည်းခြေအိမ်၌ တည်လျက် မိမိတည်ရာသဏ္ဍာန်နှင့်တူသည်ဖြစ်၍ ခွဲနှစ် နောက်ကျသော သစ်မည်စည်စေ့ဆီ အဆင်းရှိလျက် အအိမ်ဖြင့်ဖွဲ့အပ်သော ဗဒ္ဓသည်းခြေ၊ ဆံ၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား။ အသားမှလွတ်သောအရပ် ခက်ထန်ခြောက်သွေ့သော အရေကိုထား၍ ရေပေါ်၌ ဆီပေါ်သကဲ့သို့ တကိုယ်လုံးကိုနှံ့စေ၍ တည်လျက် မိမိတည်ရာသဏ္ဍာန်နှင့်တူသည်ဖြစ်၍ ညှိုးနွမ်းနှောင့်ရှက်သော ပန်းအဆင်းရှိသော အအိမ်ဖြင့်မဖွဲ့အပ်သော အဗဒ္ဓသည်းခြေတည်း ဟူသော နှစ်ပါးသော သည်းခြေသည်လည်းကောင်း။ သေမှ၊ ဝမ်းရေအပြား တည်းဟူသော အူမ၌တည်လျက် မိမိတည်ရာသဏ္ဍာန်နှင့်တူသည်ဖြစ်၍ ဖြူသောအဆင်းရှိသော သြမကတ သပိတ်မျှလောက်သော သလိပ်သည်လည်းကောင်း။ ပုဗ္ဗော၊ ဆူးငြောင့် ခလုတ်ထိရာ မီးလောင်ရာ အမာပေါက်ရာ လှုယ်အရပ်၌တည်လျက် မိမိတည်ရာသဏ္ဍာန်နှင့်တူသည်ဖြစ်၍ ဖက်ရွက်ယောက် အဆင်းရှိသော သွေးပုပ်စုခြင်းကြောင့်ဖြစ်သော ပြည်သည်လည်းကောင်း။ လောဟိတံ၊ ဆံ၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အသားအရပ်မှ လွတ်သော ခက်ထန်ခြောက်သွေ့သော အရေကိုထား၍ အကြောကိုရှောက်သဖြင့် ကိုယ်အလုံးကိုနှံ့စေ၍ တည်လျက်

မိမိတည်ရာသဏ္ဌာန်နှင့် တူသည်ဖြစ်၍ ကြည်သော ချိတ်ရည်
အဆင်းရှိသော ရွှေ့လျားသော အသွေး အသည်းတည်ရာ၏
အောက်အဖို့ကို ချိစေသဖြင့် အထက်သို့ အတန်ငယ် ယိုလျက်
နှလုံးအညွှ၊ အဆုတ်တို့ကို စွတ်စေ၍တည်သော မိမိတည်ရာ
သဏ္ဌာန်နှင့်တူသည်ဖြစ်၍ ထပ်ထပ်သော ချိတ်ရည်အဆင်း
ရှိသော တသပိတ်ပြည့်လောက်ရုံမျှ မရွေ့လျားသော သွေး
တည်းဟူသော နှစ်ပါးသော သွေးသည် လည်းကောင်း။
သေဒေါ၊ နေပူ မီးပူ ဥတုဖေါက်ပြန်ခြင်း စသည်တို့ကြောင့်
ကိုယ်၏ပူလောင်သောအခါ ရေမှဆယ်၍ မညီမညွတ် ဖြတ်
သော ကြာစွယ် ကြာရင်း ကုမုဒြာကြာရိုးစသည်ကဲ့သို့ အလုံး
စုံသော ဆံ, အမွေးတို့မှ ယိုစီးလျက် မိမိတည်သဏ္ဌာန်နှင့်
တူသော နှမ်းဆီကြည်အဆင်းရှိသော အာပေါဓါတ်တည်း
ဟူသော ချွေးသည်လည်းကောင်း။ မေဒေါ၊ ဆူသောသူအား
တကိုယ်လုံးနှံ့၍ ကြုံသောသူအား မြင်းခေါင်းရိုး စသည်ကို
မှီ၍တည်လျက် ဝါသော ဖွဲ့ဖြူပုဆိုးသဏ္ဌာန်နှင့်တူသည်ဖြစ်၍
နနွင်းကဲ့သို့ ဝါးသောအဆင်းရှိသော ထပ်ထပ်သောအစေး
တည်းဟူသော အဆီခဲသည်လည်းကောင်း။ အဿု၊ မျက်
နှက် တွင်း၌တည်လျက် မိမိတည်ရာ သဏ္ဌာန်နှင့်တူသည်ဖြစ်၍
နှမ်းဆီကြည်အဆင်းရှိသော ငိုကြွေးမြည်တမ်း ရယ်ပန်းကြီး
သောအခါ ယိုစီးသော အာပေါဓါတ် တည်းဟူသော
မျက်ရည်သည်လည်းကောင်း။ ဝသာ၊ များသောအားဖြင့်

လက်ဖဝါး, ခြေဖဝါးအပြင် လက်ဖမိုးအပြင်၊ နှာခေါင်း, နဖူး,ပခုံးစွန်းတို့၌တည်လျက် ရေချိုးသောအခါ ကြည်သော ရေအိုး၏ အပေါ်၌လည်း၍ တမ်းသော ပျံ့သော ဆီပေါက် သဏ္ဌာန်နှင့်တူသည်ဖြစ်၍ အုန်းဆီအင်းရှိသော ကြည်သော အစေးတည်းဟူသော ဆီကြည်သည်လည်းကောင်း။ ခေဠော၊ ပါးစောင်နှစ်ဘက်၏ နံပါးမှသက်၍ လျှာ၌တည်လျက် အမြှုပ်သဏ္ဌာန်နှင့် တူသည်ဖြစ်၍ ဖြူသောအဆင်းရှိသော အမြှုပ်နှင့်ရောသော အာပေါဓါတ်တည်းဟူသော တံတွေး သည်လည်းကောင်း။ သိင်္ဃာနိကာ၊ နှာခေါင်းအတွင်း၌ တည်လျက် မိမိတည်ရာသဏ္ဌာန်နှင့်တူသည်ဖြစ်၍ ထန်းစေ့နှ အဆင်းရှိသဖြင့် ဦးနှောက်မှ ယိုစီးသော နှပ်သည်လည်း ကောင်း။ လသိကာ၊ ပုန်းတောင်းဝင်ရိုးတို့၏ ကောင်းစွာ လည်ခြင်းကိစ္စကို ပြီးစေတတ်သော ဆီကဲ့သို့ အရိုးတို့၏ ကောင်းစွာလည်ခြင်း၊ လိမ်းကျံခြင်းကိစ္စကို ပြီးစေလျက် တရော့ရှစ်ဆယ်သော အရိုးဆက်တို့၏ အတွင်း၌ တည်သဖြင့် မိမိတည်ရာသဏ္ဌာန်နှင့် တူသည်ဖြစ်၍ မဟာလှေကားစေ့ အဆင်းရှိသော ပြေပြစ်သော အစေးသည်လည်းကောင်း။ မုတ္တံ၊ ထိုအိမ်၏အတွင်း၌တည်လျက် အောက်သို့ မျက်နှာပြု၍ ထားအပ်သော ရေအိုး၏အတွင်း၌ရှိသော ရေသဏ္ဌာန်နှင့်တူ သဖြင့် ပင်လုံပုက်၍စစ်အပ်သော ပဲကြီးပျား ရေအဆင်း ရှိသော ကျင်ငယ်သည်လည်းကောင်း။ ဣတိဣမေဒွတ္တိံသ·

ကောဏ္ဍသာ၊ ဤသုံးဆယ့်နှစ်ပါးသော အစုတို့သည်။ ပဋိ-ကူလသညတာ၊ စက်ဆုပ်ရွံရှာဘွယ်သော အဖြစ်ဖြင့် တည်ကုန်သည်ဖြစ်၍။ အတ္ထိ သန္တိ၊ ရှိကုန်၏။ ဣတိ၊ ဤသို့။ ပဏ္ဍိ-တေန၊ ပညာရှိသော။ ကုလပုတ္တေန၊ အမျိုးသားသည်။ အဘိဏှံ၊ နေ့ညမပြတ်။ ပုနပ္ပုနံ၊ အဖန်တလဲလဲအားဖြင့်။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

## ကာယဂတာသတိ၏ အာနိသင်

ကာယဂတာသတိကို သိမ်းဆည်းရာ၌ ထိုကာယဂတာ သတိ၏ အာနိသင်ကို ဘုရားဟောတော်မူတိုင်း အမြွက်သိရာ၏၊ အဘယ်သို့ သိရာသနည်းဟူမူကား—

ကာယဂတာသတိကမ္မဋ္ဌာန်းသည် ဘုရားပွင့်သည်မှတပါး ဖြစ်ဘူးသောအရာမည်သည် မရှိ၊ အထူးအားဖြင့် ဘုရား ချီးမွမ်းတော်မူသည်ကား—ချစ်သားတို့ တခုသောတရားကို ပွားစေအပ်သည်ရှိသော် များစွာသော သံဝေဂအကျိုးငှါလည်းကောင်း၊ များစွာသော စီးပွားအလို့ငှါလည်းကောင်း၊ များစွာသော ယောဂလေးပါး၏ ကုန်ခြင်း အကျိုးငှါလည်းကောင်း၊ များစွာသော သတိသမ္ပဇည အကျိုးငှါလည်းကောင်း၊ များစွာသော မဂ်ဉာဏ် ဖိုလ်ဉာဏ်အမြင်ကိုရခြင်းငှါလည်းကောင်း၊ မျက်မှောက်သောဘဝ၌ ချမ်းသာစွာ နေခြင်း အကျိုးငှါလည်းကောင်း၊ ဝိဇ္ဇာ ဝိမုတ္တိဖိုလ်ကို မျက်

မှောက် ပြုခြင်းငှာလည်းကောင်း ဖြစ်၏။ တခုသောတရားဟူသည် အဘယ်နည်းဟူမူကား ကာယဂတာသတိ ကမ္မဋ္ဌာန်းတည်း။ ချစ်သားတို့ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို သုံးဆောင်ရသောသူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မည်ကုန်၏၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို မသုံးဆောင်ရသော သူတို့သည် အမြိုက်နိဗ္ဗာန်ကို သုံးဆောင်ရသည် မမည်ကုန်၊ ဤသို့ ဘုရားသခင်သည် အထူးထူးသော အခြင်းအရာတို့ဖြင့် ချီးမွမ်းတော်မူ၏။

ဣမေ ဘိက္ခဝေ အစရှိသောနည်းဖြင့် အာနာပါနပဗ္ဗ၊ ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗ၊ ပဋိကူလ မနသိကာရပဗ္ဗ၊ ဓါတု မနသိကာရပဗ္ဗ၊ နဝသိဝထိကပဗ္ဗ ဟု ဆိုအပ်သော တဆယ့်လေးပါးသော ပဗ္ဗတို့၏ အစွမ်းဖြင့် ကာယဂတာသတိကို ဟောတော်မူ၏၊ ထို ကာယဂတာသတိ၌ ဣရိယာပထပဗ္ဗ၊ သမ္ပဇညပဗ္ဗ၊ ဓါတုမသိကာရပဗ္ဗ-တို့ကို ဝိပဿနာ၏ အစွမ်းဖြင့် ဟောတော်မူအပ်ကုန်၏၊ နဝသိဝထိက ပဗ္ဗ တို့ကို ဝိပဿနာဉာဏ် ဆယ်ပါးတို့တွင် အာဒီနဝါ နုပဿနာ၏ အစွမ်းဖြင့် ဟောတော်မူအပ်ကုန်၏။

ထို နှစ်ပါးတို့တွင် အာနာပါနပဗ္ဗသည်ကား အာနာပါနသတိ၏အစွမ်းဖြင့် အသီးသောကမ္မဋ္ဌာန်းတည်း။

ကေသာ၊ လောမာ အစရှိသော ဒွတ္တိံသာကာယ ကမ္မဋ္ဌာန်းကိုသာလျှင် ဤအရာ၌ ကာယဂတာသတိဟု အလိုရှိ

အပ်၏၊ ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို ပွားလိုသော ပုဂ္ဂိုလ်သည် ကလျာဏမိတ္တသို့ ဆည်းကပ်၍ ကမ္မဋ္ဌာန်းကို ယူ အပ်၏၊ ကမ္မဋ္ဌာန်းပေးသော ဆရာသည်လည်း နှစ်ပါးသော ဥဂ္ဂဟ ကောသလ္လဉာဏ်၊ ဆယ်ပါးသော မနသိကာရ ကော သလ္လဉာဏ်ကို ကြားအပ်၏။

ဝစသာ၊ မနသာ၊ ဝဏ္ဏတော၊ သဏ္ဌာနတော၊ ဒိသတော၊ ဩကာသတော၊ ပရိစ္ဆေဒတော-ဟူသော အဋ္ဌကထာပါဠိနှင့် အညီ နှုတ်ဖြင့်သရဇ္ဈာယ်ခြင်း၊ စိတ်ဖြင့် သရဇ္ဈာယ်ခြင်း၊ အဆင်းအားဖြင့် လည်းကောင်း၊ သဏ္ဌာန်အားဖြင့် လည်း ကောင်း၊ အရပ်အားဖြင့်လည်းကောင်း၊ တည်ရာအားဖြင့် လည်းကောင်း၊ အပိုင်းအခြားအားဖြင့်လည်းကောင်း၊ ဤ ပါးသော ကောသလ္လဉာဏ်ကို ကြားအပ်၏၊ ဤကာယ ဂတာ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသောကာလ၌ ပိဋကသုံးပုံ ကိုပင် အောင်နိုင်စေကာမူ ရှေးဦးစွာ နှုတ်ဖြင့် သရဇ္ဈာယ် ခြင်းကို ပြုအပ်၏။

ပြုသောပုဂ္ဂိုလ်သည်လည်း တစပဉ္စက ဝက္ကပဉ္စက၊ ပပ္ဖါသ ပဉ္စက၊ မတ္ထလုင်ပဉ္စက၊ မေဒဆက္က၊ မုတ္တဆက္ကတို့ကို ပိုင်းခြား၍ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော-ဟူ၍ အနုလုံအား ဖြင့်လည်းကောင်း၊တစော၊ ဒန္တာ၊ နခါ၊လောမာ၊ ကေသာ- ဟူ၍ ပဋိလုံအားဖြင့်လည်းကောင်း အစဉ်အတိုင်း မုတ္တဆက္က ဆုံးသည်တိုင်အောင် သရဇ္ဈာယ်ခြင်းကိုပြုအပ်၏၊ အဘယ်-

နည်းဟူမူကား နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် ကမ္မဋ္ဌာန်း အစဉ်အတိုင်း လေ့လာသည် မည်၏၊ မိမိစိတ်သည်လည်း ထိုမှ ဤမှ မပြန့်လွင့်မူ၍ လက်ချောင်းကဲ့သို့လည်းကောင်း၊ စောင်းရမ်းတိုင် အစဉ်ကဲ့သို့လည်းကောင်း ထင်ရှားကုန်၏၊ နှုတ်ဖြင့်သရဇ္ဈာယ်ခြင်းကို ပြုအပ်သကဲ့သို့ စိတ်ဖြင့်သရဇ္ဈာယ် ခြင်းကိုလည်း ပြုအပ်ကုန်၏၊ အဘယ့်ကြောင့် နည်း ဟူမူ ကား နှုတ်ဖြင့်သရဇ္ဈာယ်ခြင်းသည် စိတ်ဖြင့်သရဇ္ဈာယ်ခြင်း၏ အကြောင်းဖြစ်၏၊ စိတ်ဖြင့် သရဇ္ဈာယ်ခြင်းသည် အနိစ္စ အစရှိသော လက္ခဏာကို ထိုးထွင်း၍သိခြင်း၏ အကြောင်း ဖြစ်၏။ အဆင်းအားဖြင့်ကား ဆံ၊ အမွေး၊ ခြေသည်းလက် သည်း အစရှိသည်တို့၏ အဆင်းကို ပိုင်းခြားအပ်၏၊ သဏ္ဌာန် အားဖြင့်ကား ထို ဆံ အစရှိသည်တို့၏ တူသောသဏ္ဌာန်ကို ပိုင်းခြားအပ်၏၊ အရပ်အားဖြင့်ကား ဤခန္ဓာကိုယ်၌ ချက်မှ အထက်သည် အထက်အရပ် မည်၏၊ ချက်မှ အောက်သည် အောက်အရပ် မည်၏။

ထို့ကြောင့် ဤမည်သော ကောဋ္ဌာသသည် ဤမည် သော အရပ်၌ တည်၏ဟု တည်ရာအရပ်ကို ပိုင်းခြားအပ် ၏၊ အ ပိုင်း အ ခြား အား ဖြင့် ကား ပိုင်းခြားခြင်းသည် သဘောတူသောအပိုင်းအခြား၊ သဘောမတူသော အပိုင်း အခြားဟူ၍ နှစ်ပါးအပြား ရှိသည်၊ ထိုနှစ်ပါးတို့တွင် ဤ မည်သော ကောဋ္ဌာသသည် အောက်အရပ်၌လည်းကောင်း၊

F 6

အထက်အရပ်၌လည်းကောင်း၊ ဖီလာအရပ်၌ လည်းကောင်း ဤမည်သောအဖို့ဖြင့် ပိုင်းခြား၍တည်၏ဟု သဘောတူသော အပိုင်းအခြားကို သိအပ်၏၊ ဆံသည် အမွေးမမည်၊ အမွေးသည် ဆံမမည် ဟု သဘောမတူသော အပိုင်းအခြားကို သိအပ်၏၊ ဤခုနစ်ပါးသော ကောသလ္လဉာဏ်ကို ပြည့်စုံစေပြီး၍ အစဉ်အားဖြင့် လည်းကောင်း၊ မလျင်လွန်းသောအားဖြင့် လည်းကောင်း၊ မနှေးလွန်းသောအားဖြင့် လည်းကောင်း၊ ပျံ့လွင့်ခြင်းကို ပယ်သောအားဖြင့်လည်းကောင်း၊ ပညတ်ကို လွန်သောအားဖြင့်လည်းကောင်း၊ အစဉ်ကို လွှတ်သောအားဖြင့်လည်းကောင်း၊ အပ္ပနာအားဖြင့်လည်းကောင်း သုံးပါးသော သုတ္တန်အားဖြင့်လည်းကောင်း ဤဆယ်ပါးသော မနသိကာရ ကောသလ္လကို ကြားအပ်၏။

ထိုဆယ်ပါးတို့တွင် အစဉ်အားဖြင့် နှလုံးသွင်းရာသည်ကား ဤဒွတ္တိံသကာယကမ္မဋ္ဌာန်းကို သရဇ္ဈာယ်သောအခါမှစ၍ အစဉ်အတိုင်း နှလုံးသွင်းအပ်၏၊ တခုခြား နှလုံးမသွင်းအပ်၊ အဘယ်ကြောင့်နည်းဟူမူကား တခုခြား နှလုံးသွင်းသည်ရှိသော် ပင်ပန်းသောစိတ် ရှိသည်ဖြစ်၍ ဘာဝနာမပြည့်စုံနိုင်သောကြောင့်တည်း။

အစဉ်အားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်သည်လည်း မလျင်လွန်းသောအားဖြင့် နှလုံးသွင်းအပ်၏၊ အဘယ့်ကြောင့်နည်းဟူမူကား လျင်လွန်းသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်

အား ဥပမာဆိုသည်ရှိသော် သုံးယူဇနာရှိသောခရီးကို သွားသော သူသည် လမ်းခရီးကို မမှတ်မူ၍ လျင်စွာ လျင်စွာ အကြိမ်တရာပင် သွားသော်လည်း ခရီး၏ကုန်ခြင်းသို့သာ ရောက်လေ၏၊ စင်စစ်သော်ကား သွားတိုင်းသွားတိုင်း မေး၍ သွားရသကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်း၏အဆုံးသို့ ရောက်လေသော်လည်း မထင်ရှားသည်ဖြစ်၍ ဧျာန်မဂ်ဖိုလ်အထူးကို မဆောင်နိုင်၊ ထို့ကြောင့် မလျင်လွန်းသောအားဖြင့် နှလုံးသွင်းရာသည်ကား အလွန်နှေးလွန်းသောအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ဥပမာဆိုသည်ရှိသော် သုံးယူဇနာရှိသော ခရီးကို တနေ့ချင်းသွားလိုသောသူအား သစ်ပင်၊ တောင်၊ တဖက်ဆည်ကန် စသည်တို့၌ မွေ့လျော်ပျော်ပါး၍ နေငြားအံ့၊ ခရီး၏ဆုံးခြင်းသို့ မရောက်နိုင်၊ နှစ်ရက် သုံးရက် လွန်မှသာလျှင် ရောက်သကဲ့သို့ ထို့အတူ ကမ္မဋ္ဌာန်းသည် အဆုံးသို့ မရောက်နိုင်၊ ဧျာန်မဂ်ဖိုလ်ကို ရခြင်း၏အကြောင်းလည်း မဖြစ်၊ ထို့ကြောင့် မနှေးလွန်းသောအားဖြင့် နှလုံးသွင်းအပ်၏။

ပျံ့လွင့်ခြင်းကို ပယ်သောအားဖြင့် နှလုံးသွင်းရာသည်ကား ကမ္မဋ္ဌာန်းကိုလွတ်၍ အထူးထူးသောအာရုံ၌ မိမိစိတ်၏ ပျံ့လွင့်ခြင်းကို ပယ်အပ်၏၊ အဘယ်ကြောင့်နည်းဟူမူကား- ပျံ့လွင့်သော အာရုံကို မတားမြစ်သောသူအား ဥပမာ ဆိုသည်ရှိသော် တဖဝါးဆန့်သောကမ်းပါးပြတ်သို့ သွား

သောသူအား နှင်းသွားသောခြေကို မမှတ်မူ၍ ထိုမှ ဤမှ ကြည့်သည်ရှိသော် ဖဝါးလုမ်းအကြိမ်သည် ချွတ်ယွင်းသည် ဖြစ်၍ အသူတရာနက်သောကမ်းပါး၌ ကျသကဲ့သို့ ထို့အတူ အပဥ္စ ပုံ့လွှင့်သောအာရုံကို ယူသည်ရှိသော် ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်သည်ဖြစ်သောကြောင့် ပုံ့လွှင့်သည်ကို ပယ်သော အားဖြင့် နှလုံးသွင်းအပ်၏။

ပညတ်ကို လွန်သောအားဖြင့် နှလုံးသွင်းရာသည်ကား– ကေသာ၊ လောမာ အစရှိသော ပညတ်ကိုလွန်၍ ပဋိကူလဟု စိတ်ကိုထားအပ်၏၊ အဘယ်ကြောင့်နည်းဟူမူကား– ဥပမာ ဆိုသည်ရှိသော် ရေရခဲသောကာလ လူတို့သည် တောအရပ်၌ ရေကိုမြင်၍ ထိုမြင်ရာအရပ်၌ ထန်းရွက်အစရှိသော တစုံတခု သော အမှတ်သညာကိုစွဲ၍ ထိုအမှတ်သညာဖြင့်လာ၍ ရေကို ချိုးကုန်၊ သောက်ကုန်၏၊ အကြင်အခါ၌ လူတို့ မပြတ်သွား လာခြင်းကြောင့် လာတိုင်း လာတိုင်းသော ခြေရာသည် ထင် ရှား၏၊ ထိုအခါ၌ အမှတ်သညာဖြင့် ပြုဘွယ်ကိစ္စမရှိ၊ အလို ရှိတိုင်းသောခဏ၌ သွား၍ သွား၍ ရေကိုချိုးကုန်၊ သောက် ကုန်သကဲ့သို့ ထို့အတူ ရှေးအဘို့၌ ကေသာ လောမာဟု ပညတ်၏အစွမ်းဖြင့် နှလုံးသွင်းသောသူအား ပဋိကူလသညာ သည် ထင်ရှား၏၊ ထိုအခါ ကေသာ လောမာ ဟူသော ပညတ်ကိုလွန်၍ ပဋိကူလအဖြစ်၌သာလျှင် မိမိစိတ်ကို ထား

အပ်၏၊ အစဉ်ကိုလွှတ်သောအားဖြင့် နှလုံးသွင်းရာသည် ကား–

အစဉ်အားဖြင့် ကမ္မဋ္ဌာန်း စီးဖြန်းသောအမှုနှင့်ယှဉ်သောပုဂ္ဂိုလ်အား ကေသာဟူ၍ နှလုံးသွင်းခြင်းသည် အစဉ်လျှောက်၍ မုတ္တံ ဟူသောအဆုံး ကောဋ္ဌာသသို့ တည်၏၊ မုတ္တံ ဟူ၍နှလုံးသွင်းသော ပုဂ္ဂိုလ်၏ နှလုံးသွင်းခြင်းသည် အစဉ်လျှောက်၍ ကေသာဟူသော အစ ကောဋ္ဌာသသို့ တည်၏၊ ထိုအခါ အချို့သော ကောဋ္ဌာသတို့သည် ထင်ကုန်၏၊ အချို့သော ကောဋ္ဌာသတို့သည် မထင်ကုန်၊ ထိုသို့ထင်သော ကောဋ္ဌာသတို့၌သာလျှင် နှလုံးသွင်းခြင်းအမှုကို ပြုအပ်ကုန်၏၊ နှစ်ပါးသော ကောဋ္ဌာသတို့သည် ထင်ကုန်သည်ရှိသော် ထိုနှစ်ပါးတို့တွင် တခုသော ကောဋ္ဌာသတို့သည် လွန်၍ ထင်ကုန်သည်ဖြစ်အံ့၊ ထိုအလွန်ထင်သော တခုသော ကောဋ္ဌာသကိုသာလျှင် နှလုံးသွင်းသဖြင့် သမာဓိကို ဖြစ်စေအပ်၏။

သုံးပါးသောသုတ္တန်ဟူသည်ကား–အဓိစိတ္တလည်းတပါး၊ သီတိဘာဝလည်းတပါး၊ ဗောဇ္ဈင်္ဂ ကောသလ္လလည်းတပါး၊ ဤသုံးပါးသော သုတ္တန်တို့ကို ဝီရိယနှင့် သမာဓိတို့ ယှဉ်စေခြင်းငှါ သိအပ်၏၊ ထိုသုံးပါးတို့တွင် အဓိစိတ္တဟု ဆိုအပ်သော သမာဓိကို အားထုတ်သောပုဂ္ဂိုလ်သည် ရံခါ သုံးပါးသော နိမိတ်ကို နှလုံးသွင်းအပ်ကုန်၏၊ ရံခါ သမာဓိနိမိတ်ကို နှလုံးသွင်းအပ်၏၊ ရံခါ ဝီရိယနိမိတ်ကို နှလုံးသွင်းအပ်၏၊ ရံခါ

ဥပေက္ခာနိမိတ်ကို နှလုံးသွင်းအပ်၏၊ အကယ်၍ သမာဓိနိမိတ်ကိုသာ နှလုံးသွင်းငြားအံ့၊ မိမိစိတ်သည် ပျံ့လွင့်ခြင်းငှါ ဖြစ်ရာ၏၊ အကယ်၍ ဥပေက္ခာ နိမိတ်ကိုသာ နှလုံးသွင်းငြားအံ့၊ မိမိစိတ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းငှါ မဘည်တံ့နိုင်။ ဤကား အဓိစိတ္တသုတ္တန်တည်း။

သီတိဘာဝ သုတ္တန်ဟူသည်ကား-- ချစ်သား ရဟန်းတို့ ခြောက်ပါးသောတရားနှင့် ပြည့်စုံသောသူသည် အတုမရှိသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏။ ခြောက်ပါးသော တရားဟူသည် အဘယ်နည်း- ချစ်သားရဟန်တို့ အကြင်အခါ စိတ်ကို နှိပ်အပ်၏၊ ထိုအခါ စိတ်ကို နှိပ်၏၊ အကြင်အခါ စိတ်ကို ချီးပင့်အပ်၏၊ ထိုအခါ စိတ်ကိုချီးပင့်၏၊ အကြင်အခါ စိတ်ကိုရွှင်စေအပ်၏၊ ထိုအခါ စိတ်ကို ရွှင်စေ၏၊ အကြင်အခါ စိတ်ကိုလျစ်လျူရှုအပ်၏၊ ထိုအခါ စိတ်ကိုလျစ်လျူရှု၏၊ မြတ်သောတရားကိုလည်း နှလုံးသွင်း၏၊ နိဗ္ဗာန်၌ ညွတ်သည်လည်းတပါး၊ ချစ်သားရဟန်းတို့ ဤခြောက်ပါးသောတရားနှင့် ပြည့်စုံသောသူသည် အတုမရှိသော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ ထိုက်၏၊ ဤကား သီတိဘာဝသုတ္တန်တည်း။

ဗောဇ္ဈင်္ဂကောသလ္လသုတ္တန် ဟူသည်ကား အကြင်အခါ စိတ်သည် တွန့်၏။ ထိုအခါ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို ပွားစေခြင်းငှါ၏ အခါမဟုတ်၊ ဤကား ဗောဇ္ဈင်္ဂကောသလ္လတည်း။

ဤအရာ၌ ဝဏ္ဏ, သဏ္ဌာန, ဒိသ, ဩကာသ, ပရိစ္ဆေဒအားဖြင့် စက်ဆုပ်ဘွယ်ရှိသည်၏အဖြစ်ကို ပိုင်းခြားအပ်၏၊ ထိုငါးပါးတို့တွင် ဆံသည်အဆင်းအားဖြင့် ပုတီးနက်စေ့အဆင်းကဲ့သို့ မည်းသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် စင်းရိုးကဲ့သို့ လုံးရပ်သဏ္ဌာန်ရှိ၏၊ အရပ်အားဖြင့် အထက်အရပ်၌ တည်၏၊ တည်ရာအားဖြင့် ရှေ့မှနဖူးပြင် နောက်ဖယ်တွင်းဖြင့် ပိုင်းခြားအပ်သော ဦးခေါင်းခွံကို ရစ်လွှမ်း၍ တည်သောအရေ၌ တည်၏၊ အပိုင်းအခြားအားဖြင့်ကား ဆံသည် အောက်အဘို့၌ အမြစ်ဖြင့် အထက်အဘို့၌ ကောင်းကင်ဖြင့် ဖီလာအဘို့၌ အချင်းချင်းဖြင့် ပိုင်းခြားအပ်၏။ ထိုနောင် အဆင်းအားဖြင့် လည်းကောင်း သဏ္ဌာန်အားဖြင့် လည်းကောင်း စက်ဆုပ်ဘွယ်ရှိသည်၏အဖြစ်ကို ပိုင်းခြားအပ်၏။

ထိုငါးပါးတို့တွင် ဆံသည် ပြကတေ့အားဖြင့် နှစ်သက်ဘွယ်ထင်သော်လည်း ယာဂုခွက်, ထမင်းခွက်တို့၌ ဆံ-ကို မြင်သည်ရှိသော် သတ္တဝါတို့သည် ဆံပင်နှင့်ရောသော ယာဂု, ထမင်းဟူ၍ စက်ဆုပ်ကုန်၏၊ ထို့ကြောင့် ဆံသည် အဆင်းအားဖြင့် စက်ဆုပ်ဘွယ်ရှိ၏၊ ညဉ့်အခါ၌ စားသောက်သည်ရှိသော် ဆံနှင့်တူသော လျှော်မျှင်ကို တို့ထိမိ၍လည်း ဆံအမှတ်ဖြင့် စက်ဆုပ်ကုန်၏၊ ဤသို့ ဆံသည် သဏ္ဌာန်အားဖြင့် စက်ဆုပ်ဘွယ်ရှိ၏။ ဤဆံကို လျှော်ခြင်း, ဖီးခြင်း, ဆီလိမ်းခြင်းကို မပြုသည်ရှိသော် ထိုဆံ၏အနံ့သည် အလွန်စက်ဆုပ်

ဘွယ်ရှိ၏။ ဥပမာဆိုသည်ရှိသော် တမျက်ချေးစွန့်ရာအရပ်၌ ဖူးဖူးရောင်သောမည်းသောအဆင်းရှိသောခွေးသည် အဆင်းအားဖြင့် ထန်းသီးမှည့်အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် မုရိုးစည်သဏ္ဌာန်ရှိ၏၊ အစွယ်သည်လည်း မုလေးငုံနှင့်တူ၏၊ ထိုခွေး၏ အဆင်းသဏ္ဌာန်သည်လည်း စက်ဆုပ်ဘွယ် မရှိသော်လည်း အနံ့အားဖြင့် စက်ဆုပ်ဘွယ်ရှိသကဲ့သို့ ထို့အတူ ဆံသည် အဆင်းသဏ္ဌာန်အားဖြင့် စက်ဆုပ်ဘွယ် မရှိသော်လည်း အနံ့အားဖြင့် စက်ဆုပ်ဘွယ်ရှိ၏။ တည်ရာအားဖြင့် ကား မစင်တိုပြင်ရှိရာ အရပ်၌ ရွာ၏အကျိုးဆက်အားဖြင့် ပေါက်ရောက်ကုန်သော ဟင်းရွက်တို့သည် စားကောင်းသော်လည်း ရွာသူတို့ စက်ဆုပ်ကုန်သည်ဖြစ်၍ မသုံးဆောင်သကဲ့သို့ ထို့အတူ ဆံသည်လည်း ပြည်,သွေး,ကျင်ကြီး ကျင်ငယ်,သလိပ်,သည်းခြေ စသည်တို့၏ အကျိုးဆက်အားဖြင့် ဖြစ်သောကြောင့် စက်ဆုပ်ဘွယ်ရှိ၏။ ဆံမည်သည် ဥပမာဆိုသည်ရှိသော် မစင်စု၌ ပေါက်ရောက်သော အမှိုက်ကဲ့သို့ ထို့အတူ ကျင်ကြီး ကျင်ငယ်အစုရှိသော သုံးဆယ့်တပါးသော မစင်စု၌ ပေါက်ရောက်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသည်၏အဖြစ်ကို မှတ်အပ်၏။

ဤသို့ ပဋိကူလဟူ၍ အဖန်တလဲလဲ နှလုံးသွင်းသောသူအား အစဉ်သဖြင့် ဥပစာရသမာဓိ၊ အပ္ပနာသမာဓိသည် ဖြစ်၏။ ထိုသမာဓိဖြစ်ရာ၌ ကေသာ လောမာ အစရှိသည်

တို့၏ အဆင်းသဏ္ဌာန်အရပ်, တည်ရာ,အပိုင်းအခြား အစွမ်းဖြင့် ထင်ခြင်းသည် ဥဂ္ဂဟနိမိတ်မည်၏။ ကေသာ လောမာ အစရှိသည်တို့ကို ပဋိကူလ၏အစွမ်းဖြင့် ထင်ခြင်းသည် ပဋိ-ဘာဂနိမိတ်မည်၏။

ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို သိမ်းဆည်းသော သူသည် မမွေ့လျော်ခြင်းအာရုံ၌ မမွေ့လျော်ခြင်းကို သည်းခံနိုင်သည်ဖြစ်အံ့၊ မိမိသန္တာန်၌ဖြစ်သော မမွေ့လျော်ခြင်းကို နှိပ်စက်၍နေရ၏၊ ကြောက်ခြင်း, ထိတ်လန့်ခြင်းကိုလည်း သည်းခံနိုင်၏။

ကြောက်ခြင်း, ထိတ်လန့်ခြင်းကိုလည်း သည်းခံနိုင်သည် ဖြစ်အံ့၊ မိမိသန္တာန်၌ဖြစ်သော ကြောက်ခြင်း ထိတ်လန့်ခြင်း ကို နှိပ်စက်၍နေရ၏။ အချမ်းနှင့်အပူ စသည်ကိုလည်း သည်းခံနိုင်၏၊ ဤကား ကာယဂတာသတိ၏ အာနိသင် အစီအရင်တည်း။

သုံးဆယ့်နှစ်ပါးသောအစုတွင် အဋ္ဌကလာပ်ရုပ် ရှစ်ခု ရသင့်၏။ ကြွင်းသော နှစ်ဆယ်သောရုပ်သည်လည်း အဋ္ဌ-ကလာပ်နှင့် ကင်း၍ မဖြစ်ကောင်းသောကြောင့် ပေါင်း နှစ်ဆယ့်ရှစ်ခုသောရုပ်ကို ရသင့်၏။ ထိုရုပ်သည် အာရုံသာ ဖြစ်ခဲ့သည်။ အာရမ္မဏိကဖြစ်သော စိတ်,စေတသိက်, နာမ် တရားနှင့် မကင်းစကောင်းသောကြောင့် စိတ်, စေတသိက် ကိုလည်း ရသင့်၏။

ထိုစိတ်,စေတသိက်ကို ခန္ဓာဖွဲ့သော်လေးပါး,ရုပ်နှစ်ဆယ့်ရှစ်ခုကို ခန္ဓာဖွဲ့သော်တပါး, ပေါင်း ခန္ဓာငါးပါးရသင့်၏။ ထိုခန္ဓာငါးပါးတို့တွင် ရူပက္ခန္ဓာသည် အဝိဇ္ဇာ, တဏှာ, ကံ, အာဟာရ, ဤလေးပါးကြောင့်ဖြစ်၏။ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာသည် အဝိဇ္ဇာတဏှာ, ကံ, ဖဿ ဤလေးပါးကြောင့်ဖြစ်၏။ ဝိညာဏက္ခန္ဓာသည် အဝိဇ္ဇာ, တဏှာ, ကံ, နာမ် ရုပ်, ဤလေးပါးကြောင့်ဖြစ်၏။ ခန္ဓာငါးပါး၏ ဖြစ်ကြောင်းဖြစ်သော လေးပါးလေးပါးစီသော တရားသည်လည်း အနိစ္စသာ, ဒုက္ခသာ,အနတ္တသာတကားဟု ဆင်ခြင်ရာသည်၊ ထိုလေးပါးသော အကြောင်းကြောင့် ဖြစ်သော ခန္ဓာငါးပါးသည်လည်း အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောသာတကားဟု ဆင်ခြင်ရာသည်။

## အာနာပါနကမ္မဋ္ဌာန်း ပွားများနည်း

အာနာပါန ကမ္မဋ္ဌာန်းကို သိမ်းဆည်းလိုသောသူသည် မသိမ်းဆည်းမီ ရှေးဦးစွာ ကျင့်ရာသောနည်းကို သိရာ၏။ သိရာသော နည်းအစဉ်ကား ဤသို့တည်း၊ အာနဟူသည်ကား ထွက်သက်တည်း။ ပါန ဟူသည်ကား ဝင်သက်တည်း၊ ထွက်သက်ဝင်သက်ဟူသည်လည်း ပရမတ္ထအားဖြင့် စိတ္တဇဝါယောဓာတ်တည်း။ ထွက်သက်၏အစကား ချက်, အလယ်ကား ရင်, အဆုံးကား နှာ, ခေါင်းဖျား နှုတ်သီးဖျားတည်း။ ဝင်-

သက်၏အစကား နှာခေါင်းဖျား၊ နှုတ်သီးဖျား၊ အလယ်ကား ရင်၊ အဆုံးကား ချက်တည်း။ ထိုကမ္မဋ္ဌာန်းကို သိမ်းဆည်းသည့်ကာလ ဆိတ်ငြိမ်ရာ၌ ထက်ဝယ်နေပြီးလျှင် မိမိစိတ်ကို နှာခေါင်းဝ နှုတ်ခမ်းဝ၌ တံခါးစောင့်သော ယောကျ်ားကဲ့သို့ သတိတည်းဟူသော ကြိုးဖြင့် ဖွဲ့စည်းပြီးလျှင် ငါးကြိမ်အောက် ရေတွက်ခြင်းကိုမပြုအပ်၊ ဆယ်ကြိမ်ထက်လည်း ရေတွက်ခြင်းကိုမပြုအပ်၊ စင်စစ်သော်ကား တခု၊ နှစ်ခု၊ သုံးခု၊ လေးခု၊ ငါးခုဟူ၍လည်းကောင်း၊ တခု၊ နှစ်ခု (လ) ခြောက်ခုဟူ၍လည်းကောင်း၊ တခု၊ နှစ်ခု (လ) ခုနစ်ခု ဟူ၍ လည်းကောင်း၊ တခု၊ နှစ်ခု (လ) ရှစ်ခုဟူ၍လည်းကောင်း၊ တခု၊ နှစ်ခု (လ) ကိုးခုဟူ၍လည်းကောင်း၊ ရေတွက်ရာ၏။ ရေတွက်သည့်ကာလ စပါးခြင်သော ယောကျ်ားကဲ့သို့ ရှည်စွာသော ထွက်သက်ဝင်သက်ကို ဖြစ်စေ၍ နှေးနှေး ရေတွက်ရာ၏။ ဤကဲ့သို့ ရေတွက်ဖန် များလတ်သည်ရှိသော် ကြမ်းတမ်းရုန့်ရင်းသော ထွက်သက် ဝင်သက်သည် သိမ်မွေ့ခြင်းသို့ ရောက်ရာ၏။ သိမ်မွေ့သည့်ကာလ နှေးနှေးရေတွက်ခြင်းကို ပယ်၍ နွားကျောင်းသား၏ ရေတွက်ခြင်းကဲ့သို့ လျင်စွာ လျင်စွာ ရေတွက်ရာ၏။ ဤကဲ့သို့ ရေတွက်ဖန် များလတ်သော် ထိုအာနာပါနကို အာရုံပြု၍ဖြစ်သော သမာဓိသည် တည်သည်သာလျှင်ဖြစ်၏။ မိမိ၏ ကရဇကာယဟု ဆိုအပ်သော ရုပ်သည်လည်း ဝါဂွမ်းဆိုင်ကဲ့သို့ ပေါ့ပါးခြင်း၊ အခွန့်

ရှည်သောခရီးကို မပင်မပန်း သွားနိုင်ခြင်း၊ ရူပကာယ၏ ကျင်နာခြင်းမှ ကင်းခြင်း၊ ဝဏ္ဏရုပ်၏ ကြည်လင်ခြင်းသို့ ရောက်၏။ ဤကား အာနာပါနကမ္မဋ္ဌာန်းကို သိမ်းဆည်း ရာသောနည်းတည်း။

ဝိပဿနာသို့တက်ရာနည်းကား။ ။အာနာပါန၏ အရ ဖြစ်သော ထွက်သက် ဝင်သက်ဟုဆိုအပ်သော စိတ္တဇဝါယော ဓာတ်သည် မိမိချည်းသာ မဖြစ်စကောင်း၊ ကြွင်းသော မဟာဘုတ်သုံးပါး ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာနှင့်တကွ ဖြစ် စကောင်းသောကြောင့် နှစ်ဆယ်သော ရုပ်တို့ကိုလည်း ရသင့် ၏။ ဤနှစ်ဆယ်သောရုပ်သည် ရူပက္ခန္ဓာမည်၏။ ထိုရူပက္ခန္ဓာ သည် အာရုံသာဖြစ်ခဲ့သည်။ အာရမ္မဏိကဖြစ်သော တရားကို ဆုံးစမ်းသည်ရှိသော် လောကီစိတ်မျှစ်ဆယ့်တခု၊ စေတသိက် ငါးဆယ်နှစ်ခုဟု ဆိုအပ်သော နာမ်တရားကိုလည်း ရသင့် ၏။ ထိုနာမ်တရားတို့တွင် ဝေဒနာစေတသိက်သည် ဝေဒ- နာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည် ၏။ ဝေဒနာ သညာမှကြွင်းသော စေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။ လောကီစိတ်ရှစ်ဆယ့်တခုသည် ဝိညာ- ဏက္ခန္ဓာမည်၏။ ဤခန္ဓာငါးပါးသည် တခဏမျှ မတည်တံ့ မူ၍ ကုန်တတ်၊ ပျက်တတ်သော သဘောကြောင့် အနိစ္စ မည်၏။ ဥပါဒ်၊ ဌီ၊ ဘင်တို့ဖြင့် မပြတ်နှိပ်စက်အပ်သည်

ဖြစ်၍ ဒုက္ခမည်၏။ ငါ၏ခန္ဓာငါးပါးသည် မပျက်စီးပါစေလင့်ဟု တောင့်တသော်လည်း တောင့်တတိုင်းမတည်၊ ဖြစ်ပြီးသောခန္ဓာငါးပါးသည် ပျက်စီးချိန်တိုင်လျှင် အလိုအလျောက် ပျက်စီးသည်ဖြစ်၍ အလိုသို့ မလိုက်တတ်သောကြောင့် အနတ္တမည်၏ဟု အဖန်တလဲလဲ ရှုရသည်။ ရှုဖန်များလတ်သည်ရှိသော် ခန္ဓာငါးပါးဟုဆိုအပ်သော ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ကိုရခြင်း၏အကြောင်းရင်းဖြစ်၏။ ဤကား ဝိပဿနာသို့ တက်ရာသော နည်းတည်း။

## လက္ခဏာရေးသုံးပါးကို သိမ်းဆည်းနည်း

လက္ခဏာရေးသုံးပါးကို သိမ်းဆည်းရာသောနည်းကား– ရူပံ အတီတာနာဂတ ပစ္စုပ္ပန္နံ၊ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန အနတ္တာ၊ အသာရကဋ္ဌေန၊ ဝေဒနာ အတီတာ နာဂတ-ပစ္စုပ္ပန္နာ၊ အနိစ္စာ ခယဋ္ဌေန (လ) အနတ္တာ အသာရကဋ္ဌေန၊ သညာ အတီတာ နာဂတပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန (လ) အနတ္တာ အသာရကဋ္ဌေန၊ ဝိညာဏံ အတီတာနာဂတ ပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန (လ) အနတ္တာ အသာရကဋ္ဌေန။

**အနက်ကား။** ။အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ ရူပံ၊ ရုပ်နှစ်ဆယ့်ရှစ်ပါးဟုဆိုအပ်သော ရူပက္ခန္ဓာသည်။ ခယဋ္ဌေန၊ ကုန်တတ်သော

သဘောကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။ ဘယဋ္ဌေန၊ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရမှ ကင်းသောသဘောကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

အတီတာနာဂတပစ္စုပ္ပန္နာ၊ သော။ ဝေဒနာ၊ ဝေဒနာ စေတသိက်ဟုဆိုအပ်သော ဝေဒနာက္ခန္ဓာသည်။ ခယဋ္ဌေန- ကြောင့် အနိစ္စာမည်၏။ ဘယဋ္ဌေန-ကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန- ကြောင့် အနတ္တာ၊ အနတ္တာ အနတ္တမည်၏။

အတီတာနာဂတပစ္စုပ္ပန္နာ သော။ သညာ၊ သညာ စေတသိက်ဟု ဆိုအပ်သော သညာက္ခန္ဓာသည်။ ခယဋ္ဌေန- ကြောင့် အနိစ္စာ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန-ကြောင့် ဒုက္ခာ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန-ကြောင့်။ အနတ္တာ၊ အနတ္တမည်၏။

အတီတာနာဂတပစ္စုပ္ပန္နာ-သော။ သင်္ခါရာ၊ ဝေဒနာ သညာမှကြွင်းသော စေတသိက်ငါးဆယ်ဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာသည်။ ခယဋ္ဌေန- ကြောင့်။ အနိစ္စာ-၏ ဘယ- ဋ္ဌေန-ကြောင့် ဒုက္ခာ၊ ဒုက္ခမည်၏။ အသာရကဋ္ဌေန-ကြောင့် အနတ္တာ၊ အနတ္တမည်၏။

အတီတာနာဂတပစ္စုပ္ပန္နံ၊ သော။ ဝိညာဏံ၊ လောကီစိတ် ရှစ်ဆယ့်တခုဟုဆိုအပ်သော ဝိညာဏက္ခန္ဓာသည်။ခယဋ္ဌေန-

ကြောင့် အနိစ္စ-၏ ဘယဋ္ဌေန-ကြောင့် ဒုက္ခ-၏ အသာရ-ကဋ္ဌေန-ကြောင့် အနတ္တာ-အနတ္တမည်၏။

အစိပ္ပါယ်ဆင်ခြင်ရာသောနည်းကား။ ။ခန္ဓာတို့သည် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူ၍ ငါးပါးအပြားရှိကုန်၏။ ထိုငါးပါးတို့တွင် ရုပ်နှစ်ဆယ့်ရှစ်ခုသည် ရူပက္ခန္ဓာမည်၏။ လောကီစိတ် ရှစ်ဆယ့်တခုနှင့်ယှဉ်သော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏၊ လောကီစိတ် ရှစ်ဆယ့်တခုနှင့်ယှဉ်သော သညာစေတသိက်သည် သညာက္ခန္ဓာမည်၏၊ ဝေဒနာ၊ သညာမှ ကြွင်းသော စေတသိတ်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏၊ လောကီစိတ်ရှစ်ဆယ့်တခုသည် ဝိညာဏက္ခန္ဓာမည်၏။

ထို ခန္ဓာငါးပါးတို့သည် ကုန်တတ် ပျက်တတ်သော သဘောကြောင့် အနိစ္စမည်၏၊ ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော သဘောကြောင့် ဒုက္ခမည်၏၊ ကိုယ်ဟူသော အနှစ်သာရမှ ကင်းသောသဘောကြောင့် အနတ္တမည်၏ဟု အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုဆင်ခြင်၏၊ ထိုအခါ ခန္ဓာငါးပါးဟု ဆိုအပ်သော ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်ကိုရ၏။

အဘယ်သို့ လက္ခဏာရေး သုံးပါးသို့တင်၍ ဆင်ခြင်ရာသနည်းဟူမူကား– ခန္ဓာငါးပါးတွင် ရှေးဘဝ၌ ဖြစ်သော ရူပက္ခန္ဓာသည် ရှေးဘဝ၌ပင် ကုန်ခြင်း၊ ချုပ်ခြင်းသို့ ရောက်

ရလေသည်၊ ဤပစ္စုပ္ပန်ဘဝသို့ တစုံတခုသော ရုပ်သည်မျှ လိုက်၍ ဖြစ်သည်မဟုတ်၊ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော ရုပ်သည်လည်း ဤပစ္စုပ္ပန်ဘဝ၌ပင် ချုပ်ခြင်း ကုန်ခြင်းသို့ ရောက်ရလေသည်၊ အခြားမဲ့ ဖြစ်လတ္တံ့သော ဘဝသို့ တစုံတခုသော ရုပ်သည်မျှ လိုက်၍ဖြစ်သည်မဟုတ်၊ ထိုထိုဘဝ၌ဖြစ်၍ ထိုထိုဘဝ၌ပင် ချုပ်ခြင်း ကုန်ခြင်းသို့ ရောက်ရလေသည်၊ ထို့ကြောင့် ဤ ရူပက္ခန္ဓာသည် အနိစ္စသော ဖြစ်သည်ဟု ဆင်ခြင်ရာသည်။

ငါသည် ပျက်လတ္တံ့၊ ငါ၏ရူပက္ခန္ဓာသည် ပျက်လတ္တံ့ဟု ဆင်ခြင်သောသူအား ကြောက်ခြင်း ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သောကြောင့် ဒုက္ခမည်၏ဟု ဆင်ခြင်ရာသည်၊ ငါသည် မပျက်ပါစေလင့်၊ ငါ၏ရူပခန္ဓာသည်လည်း မပျက်ပါစေလင့်ဟု ဘောင့်တသော်လည်း တောင့်တသော သူ၏အလိုသို့ မလိုက်တတ်သောကြောင့် အနတ္တမည်၏ဟု ဆင်ခြင်ရာသည်။

တနည်းလည်း ဥပါဒ်သို့ ရောက်သော ရူပက္ခန္ဓာသည် ဥပါဒ်တွင် စဉ်းငယ်မျှ မရပ်တန့်မူ၍ ဥပါဒ်ခဏမှ ဌီခဏသို့ ပြောင်းရွှေ့ရလေသည်၊ ထို့ကြောင့် ရူပခန္ဓာသည် အနိစ္စသာတကားဟု အဖန်တလဲလဲ ရှုရာသည်၊ ဤရူပခန္ဓာသည် ဥပါဒ်၊ ဌီ၊ ဘင် တို့ဖြင့် မပြတ်နှိပ်စက်အပ်သည်ဖြစ်၍ ဒုက္ခသာတကားဟု အဖန်တလဲလဲ ရှုရာသည်၊ ဥပါဒ်သို့ ရောက်သော ရူပက္ခန္ဓာသည် ဌီသို့မရောက်စေခြင်းငှါ တားမြစ်နိုင်သူ

အစိုးရသူမရှိ၊ ဌီသို့ရောက်ချိန်တိုင်လျှင် ရောက်ရလေသည်၊ ဌီသို့ရောက်သော ရူပခန္ဓာသည် ဘင်ခဏသို့ မရောက်စေခြင်းငှါ တားမြစ်နိုင်သူ အစိုးရသူ မရှိ၊ ဘင်ခဏသို့ ရောက်ချိန်တိုင်လျှင် ဘင်ခဏသို့ ရောက်ရလေသည်၊ ထို့ကြောင့် ရူပ-က္ခန္ဓာသည် အလိုသို့ မလိုက်တတ်သည်ဖြစ်၍ အနတ္တသာတကားဟု အဖန်တလဲလဲ ရှုရာသည်၊ ဤနည်းအတူ ကြွင်းသော နာမက္ခန္ဓာ လေးပါးတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကိုလည်း အဖန်တလဲလဲ ရှုဆင်ခြင်ရာသည်၊ ဤကဲ့သို့ ဆင်ခြင်ဖန်များလတ်သည်ရှိသော် ခန္ဓာငါးပါးဟု ဆိုအပ်သော ဝဋ္ဋဒုက္ခကို မီးလောင်သောအိမ်ကဲ့သို့ ထင်သည်ဖြစ်၍ ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့ခြင်း နိဗ္ဗိဒါဉာဏ်သည် ဖြစ်၍ ကိလေသာတို့မှ စင်ရာစင်ကြောင်းဖြစ်သော အရိယမဂ်နိဗ္ဗာန်ကို ရခြင်း၏အကြောင်းဖြစ်၏၊ ဤကား နိဗ္ဗာန်သို့ ရောက်ကြောင်းကို သိမ်းဆည်းရာ၌ အသီးအသီး ဖြည့်ရာသည်ကို ပြဆိုသော အဝယဝတ္ထု အစဉ်တည်း။

## တနည်းလက္ခဏာရေးသုံးပါးတင်၍ သိမ်းဆည်းပုံ

(အတ္တဘာဝေသု ပရိယာပန္နာ၊ အတ္တဘာဝ ပရိယာပန္နာ၊ အတ္တဘာဝေသု-အတ္တဘောတို့၌၊ ပရိယာပန္နာ-အကျုံးဝင်ကုန်သည်တည်း၊ အတ္တဘာဝ ပရိယာပန္နာ-အတ္တဘော၌ အကျုံးဝင်ကုန်သည်။ အရကား-အရူပ ပုဂ္ဂိုလ်မှကြွင်းသော အလုံးစုံသောပုဂ္ဂိုလ်ရ၏။

(ကာမေ ဣစ္ဆတီတိ ဣစ္ဆိ၊) ကာမေ-ကာမဂုဏ် တို့ကို၊ ဣစ္ဆတိ-အလိုရှိတတ်၏။ ဣတိ တသ္မာ-ထို့ကြောင့်၊ဣစ္ဆိ-ဣစ္ဆိ

မည်၏။ မာတာပိတူနံ ဟာဒယံ ပူရေတီတိ ပုရိသော၊) မာတာပိတူနံ-အမိအဘတို့၏၊ ဟာဒယံ-ကို၊ ပူရေတိ-ပြည့်စေတတ်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ပုရိသော-မည်၏။

(အရေကိလေသေ ဝိဒ္ဓံသေန္တီတိ အရိယာ၊) အရေကိလေသေ-ရန်သူဖြစ်သော ကိလေသာတို့ကို၊ ဝိဒ္ဓံသေန္တိ-သမုစ္ဆေဒပဟာနသတ္တိဖြင့် ဖျက်ဆီးတတ်ကုန်၏။ ဣတိ တသ္မာ-ထို့ကြောင့်၊ အရိယာ-အရိယာတို့ မည်၏။။ နအရိယာ အနရိယာ၊) အရိယာ-ကိလေသာတို့ကို ဖျက်ဆီးတတ်ကုန်သည်။ န-မဟုတ်ကုန်၊ အနရိယာ-ကိလေသာတို့ကို ဖျက်ဆီးတတ်ကုန်သည် မဟုတ်ကုန်။

(ဒိဗ္ဗန္တိ ပဉ္စဟိ ကာမဂုဏေဟိ ကီဠန္တီတိ ဒေဝါ၊) ပဉ္စဟိ ကာမဂုဏေဟိ-ကာမဂုဏ် ငါးပါးတို့ဖြင့်၊ ဒိဗ္ဗန္တိ-ကီဠန္တိ မြူးထူးမွေ့လျော်တတ်ကုန်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ဒေဝါ-တို့မည်၏။ (မနော ဥဿံ ဧတေသန္တီတိ မနုဿာ၊) ဧတေသံ-ထိုလူတို့အား၊ ဥဿံ-မင်တည်းဟူသော သီတင်းသုံးခြင်း၏ အစွမ်းအားဖြင့် မြတ်သော၊ မနော-စိတ်သည်၊ အတ္ထိ-ရှိ၏။ ဣတိတသ္မာ-ထို့ကြောင့်၊ မနုဿာ-တို့မည်၏။ ဝိနိပတန္တိ ဝိဂစ္ဆန္တီတိ ဝိနိပါတိကာ၊) ဝိနိပတန္တိ ဝိဂစ္ဆန္တိ-စည်းစိမ်မှ ရံခါကင်းတတ်ကုန်၏။ ဣတိတသ္မာ-ထို့ကြောင့်၊ ဝိနိပါတိကာ-ဝိနိပါတိကတို့ မည်၏။ (ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်အမည်။)

ဒိသာဝဖရဏာ မေတ္တာတွင် ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အရိယာ-ဟု ပရိကမ်ပြု၍ ပွားစေရာ၌ ဟေဋ္ဌိမဒိသာကို သက်ာမကင်းရှိကြသည်မှာ အပါယ်လေးဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်တယောက်၊ လူ့ဘုံ၊ စတုမဟာရာဇ်ဘုံ၌ ဒုဂ္ဂတိအဟိတ် ပုဂ္ဂိုလ်ကြဉ်သော ပုထုဇဉ်ပုဂ္ဂိုလ် သုံးယောက်၊ အရိယာ ရှစ်ယောက်၊ အထက်နတ်ပြည် ငါးထပ်၌ ဒွိဟိတ် တိဟိတ် နှစ်ယောက်၊ အရိယာရှစ်ယောက်၊ အသညသတ်ဘုံ၌ သုဂတိ အဟိတ်တယောက်၊ သုဒ္ဓါဝါသငါးဘုံ၌ အနာဂါမိဖလဋ္ဌာန် အရဟတ္တမဂ္ဂဋ္ဌာန်, အရဟတ္တဖလဋ္ဌာန် သုံးယောက်၊ အရူပ လေးဘုံ၌ တိဟိတ်တယောက်၊ သောတာပတ္တိ မဂ္ဂဋ္ဌာန် တယောက်ကြဉ်သော အရိယာခုနစ်ယောက် ရကြောင်းကို ကျမ်းဂန်၌လာသည်။ အောက်အရပ်၌ အရိယာရှိ မရှိကို သံသယ ဖြစ်ကောင်းတော့မည် မဟုတ်ပြီ။ ယခင်ပုဂ္ဂိုလ် စသည် ရသင့်တိုင်းကိုသာ သန္နိဋ္ဌာန်ကျကျ မှတ်သင့်သည်။ အကယ်၍ အောက်အရပ်ကို လူတို့နေရာကိုသာ ပမာဏပြု၍ လူတို့နေရာမှ အောက်ကို ယူငြားအံ့။ အပါယ်လေးဘုံ၌ အရိယာမရှိသည်ဖြစ်လျက် ဟေဋ္ဌိမာယ ဒိသာယ သဗ္ဗေ အရိယာ -ဟု ပရိကမ်ပြု၍ ပွားစေရာ၌ အပါယ်လေးဘုံ၌ အရိယာရှိရာ ရောက်ခဲ့သည်။ ရောက်လျှင်လည်း ဒေသနာ တော်ချင်း ဆန့်ကျင်သည်ဖြစ်ရာ၏။ သည်သာမဟုတ်သေး၊ ခန္ဓသာဒေဝါ၌လည်း နည်းတူ ဆန့်ကျင်ရာ၏၊ သည်သာ

မဟုတ်သေး၊ အထက်အရပ်၌လည်း ဥပရိမာယ ဒိသာယ သဗ္ဗေ မနုဿာ-ဟု ပရိကမ်ပြုရာ၌လည်း လူ့ဘုံမှ အထက်အရပ်၌ လူသည်ရှိသည်ဖြစ်ရာ၏။ ထို့ကြောင့် ဟေဋ္ဌိမ ဥပရိမအရပ်ကို လူတိုင်း နေရာတွင်အတိုင်း ထားသင့်သည် မဟုတ်၊ ပုဂ္ဂိုလ်ရကောင်းသော ဌာနအရပ်ကို အစွဲပြု၍ သာလျှင် ဟေဋ္ဌိမ ဥပရိမအရပ်ကို ပိုင်းခြားသင့်သည်။ ဗြဟ္မပြည်ကို ထောက်၍ နတ်ပြည်ကို ဟေဋ္ဌိမ၊ နတ်ပြည်ကိုထောက်၍ လူ့ပြည်ကို ဟေဋ္ဌိမ၊ အပါယ်လေးဘုံကိုထောက်၍ လူ့ပြည်ကို ဥပရိမ၊ ဤသို့ အခိုက်အတန့်ကိုသာ ယူသင့်သည်ဟု ယူသင့်ကြောင်းကိုလည်း ကျမ်းဂန်လာသည်။ လူ့ဘုံကိုသာ အစွဲပြု၍ယူလျှင် ဒေသနာတော်ချင်း ဆန့်ကျင်သောကြောင့် မသင့်ဖြစ်သည်။

ဓမ္မစကြာတရားတော်တွင် ဟီနော ဂမ္မော စသည်ဖြင့် ဟောတော်မူရာ ရွာသူတို့၏ ယုတ်မာသော အလေ့အကျင့်သည် အရိယာတို့၏ အမှုအရာမဟုတ် ဆိုရာ၌ အိမ်ယာထောင်ခြင်းအမှုကို အရိယာတို့၏ အမှုအရာမဟုတ်ဟု ဟောတော်မမူ၊ စင်စစ်သော်ကား- ကာမသုခလ္လိကာနုယောဂေါ-ဟူသော ပါဠိတော်နှင့်အညီ သာသနာပကာလ ရသေ့တို့သည် မိစ္ဆာဝါဒဖြင့် ကာမဂုဏ်ချမ်းသာကို ခံစားရသော ဝဋ်မှ စင်ကြယ်၏ဟု နှလုံးသွင်း၍ ရသေ့မဓာထောင်လည်းကောင်း ငါးရာလည်းကောင်း မွေးမြူပြီးလျှင် ကာမဂုဏ်ငါးပါးကို

များစွာ မှီဝဲသုံးဆောင်ကုန်၏။ ဤကဲ့သို့ သုံးဆောင်ခြင်းသည် ယုတ်မာသောအကျင့်၊ ရှာသူတို့အကျင့်၊ ပုထုဇဉ်တို့၏အကျင့် ဖြစ်သည်။ ငါဘုရားသည် သုမေဓာရသေ့ အဖြစ်မှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် ဤအကျင့်သို့ ကပ်တော်မမူ၊ မဖြူမ ပဋ္ဌိပတ်ဖြင့်သာ လာတော်မူကြောင်းကိုကျမ်းဂန်၌လာသည်။ ထို့ကြောင့် အိမ်ရာထောင်ခြင်း အမှုသက်သက်ကို မယူသင့်၊ အိမ်ရာထောင်ခြင်းအမှုကိုပြုလျှင် ဝဋ်မှ စင်ကြယ်၏ဟု မိစ္ဆာ အယူဖြင့် အားထုတ်လေ့လာကျင့်သည်ကိုသာ ယူသင့်သည်။ ထိုယုတ်မာသောအကျင့်ကို မဆိုထားဘိဦး၊ ဘုရားအလောင်း တော်သည် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း အိမ်ရာ ထောင်ခြင်းအမှုကို ပြုသော်လည်း ကာမသုခလ္လိကာနုယောဂ မိစ္ဆာအယူသို့ ကပ်တော်မမူဟု သန္နိဋ္ဌာန်ကျကျ မှတ်ရာသည်။

သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ပုဂ္ဂလာ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ။ (အနောဒိဿပုဂ္ဂိုလ် ငါးပါး)

သဗ္ဗာ ဣတ္ထိယော သဗ္ဗေ ပုရိသာ သဗ္ဗေ အရိယာ သဗ္ဗေ အနရိယာ သဗ္ဗေ ဒေဝါ သဗ္ဗေ မနုဿာ သဗ္ဗေ ဝိနိပါတိကာ၊ (ဩဒိဿ ပုဂ္ဂိုလ် ခုနစ်ပါး) နှစ်ရပ်ကိုပေါင်းလျှင် ပုဂ္ဂိုလ် တကျိပ်နှစ်ပါးရ၏။ အရပ်ကား-

ပုရတ္ထိမာယ ဒိသာယ ပစ္ဆိမာယ ဒိသာယ ဥတ္တရာယ ဒိသာယ ဒက္ခိဏာယ ဒိသာယ ပုရိတ္ထိမာယ အနုဒိသာယ

ပစ္ဆိမာယ အနုဒိသာယ ဥတ္တရာယ အနုဒိသာယ ဒက္ခိဏာယ အနုဒိသာယ ဟေဋ္ဌိမာယ ဒိသာယ ဥပရိမာယ ဒိသာယ—ဟူ၍ အရပ်ဆယ်မျက်နှာ။

အဝေရာ ဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာ ဟောန္တု သုခီအတ္တာနံ ပရိဟရန္တုဟူ၍ မေတ္တာလေးပါး။ ဒုက္ခာ မုစ္စန္တု-ကရုဏာတပါး။ ယထာလဒ္ဓ သမ္ပတ္တိတော-မာဝိဂစ္ဆန္တု မုဒိတာတပါး။ ကမ္မဿကာ ဥပေက္ခာတပါး။ ဤသို့ဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တကျိပ်နှစ်ပါး၊ အရပ်ဆယ်မျက်နှာ၊ ဗြဟ္မဝိဟာရလေးပါး၊ အစဉ်ကို နှလုံးထား၍ မေတ္တာသမထကို သိမ်းဆည်းရာသော နည်းကား (သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊သဗ္ဗေသတ္တာ အဗျာပဇ္ဇာ ဟောန္တု၊ သဗ္ဗေ သတ္တာ အနီဃာ ဟောန္တု၊ သဗ္ဗေ သတ္တာ သုခီအတ္တာနံ ပရိဟရန္တု၊ ဤနည်းအတိုင်း ဝိနိပါတိကတိုင်အောင် ပုဂ္ဂိုလ်တပါးတပါးကို မေတ္တာလေးပါး လေးပါးစီနှင့်ပို့လေ။

အရပ်ဆယ်မျက်နှာမှာလည်း တမျက်နှာ တမျက်နှာ၌ ပုဂ္ဂိုလ်တကျိပ်နှစ်ပါး၌ မေတ္တာလေးပါးစီနှင့်ပို့လေ၊ ဤနည်းအတိုင်း ပို့လျှင် အရပ်လွတ်ပုဂ္ဂိုလ် တဆယ့်နှစ်ပါးက မေတ္တာလေးဆယ့်ရှစ်ပါးရ၏။

အရပ် ဆယ်မျက်နှာ၌ ပုဂ္ဂိုလ်တဆယ့်နှစ်ပါးက မေတ္တာလေးရာ့ရှစ်ဆယ်ရ၏။ အရပ်လွတ် မေတ္တာလေးဆယ့်ရှစ်ပါး

နှင့် အရပ်ဆယ်မျက်နှာ မေတ္တာ လေးရာ့ရှစ်ဆယ်နှစ်ရပ်ကို ပေါင်းလျှင် ငါးရာနှစ်ဆယ့်ရှစ်ရ၏။

ကရုဏာ မုဒိတာ ဥပေက္ခာ ဤသုံးပါးသော ဗြဟ္မဝိဟာရ တရားစုမှာ ပုဂ္ဂိုလ်တပါး၌ တပါးစီချင်းသာ ရသည်ဖြစ်၍ အရပ်လွှတ် ပုဂ္ဂိုလ်တကျိပ်နှစ်က၊ ကရုဏာ တဆယ့်နှစ်။ ။ အရပ်ဆယ်မျက်နှာ ပုဂ္ဂိုလ်တဆယ့်နှစ်က ကရုဏာ တရာ့နှစ်ဆယ်။ ကရုဏာပေါင်း တရာ့သုံးဆယ့်နှစ်။ ၎င်းနည်းတူ မုဒိတာပေါင်းလည်း တရာသုံးဆယ်နှစ်၊ ဥပေက္ခာပေါင်းလည်း တရာ့သုံးဆယ်နှစ်စီချည်း ရသည်ဖြစ်၍ ဗြဟ္မဝိဟာရ တရားလေးပါး၌ ကိုးရာနှစ်ဆယ့်လေးရ၏။ မေတ္တာ၏အာရုံကား သုခိတ ဒုက္ခိတ သတ္တဝါ နှစ်ပါးတည်း။ ကရုဏာ၏ အာရုံကား ဒုက္ခိတ သတ္တဝါတပါးတည်း။ မုဒိတာ၏ အာရုံကား သုခိတ သတ္တဝါ တပါးတည်း၊ ဥပေက္ခာ၏ အာရုံကား ဒုက္ခိတ သုခိတ သတ္တဝါ တပါးတည်း၊ ဥပေက္ခာ၏အာရုံကား ဒုက္ခိတ သုခိတ သတ္တဝါ နှစ်ပါးတည်း။

မေတ္တာ၏ နီးသော ရန်သူ ဂေဟာဿိတတဏှာ၊ဝေးသော ရန်သူ ဗျာပါဒ၊ကရုဏာ၏ နီးသောရန်သူသောက၊ဝေးသော ရန်သူ ဝိဟိံသာ၊ မုဒိတာ၏နီးသောရန်သူ ပဟာသ၊ဝေးသော ရန်သူ အရတိ၊ ဥပေက္ခာ၏ နီးသောရန်သူ မောဟ။ဝေးသော ရန်သူ ပဋိဃ။ ဤကား ဗြဟ္မဝိဟာရတရား လေးပါး၌တပါး

တပါးသော အာရုံ နီးသောရန်သူ ဝေးသောရန်သူကို ခွဲခြမ်း၍ပြသော နည်းတည်း။

တနည်းလည်း သဗ္ဗေ သတ္တာ သုခိနော ဟောန္တု၊ သဗ္ဗေ သတ္တာ ခေမိနော ဟောန္တု၊ သဗ္ဗေ သတ္တာ သုခိတတ္တာ ဟောန္တု၊ ဧကနည်း။

တသာဝါ ထာဝရာ ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ၊ ဒိဋ္ဌာ ဝါ အဒိဋ္ဌာ ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ၊ ဒူရေ ဝ သန္တာ ဝါ အဝိဒူရေစ သန္တိ ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ၊ ဘူတာ ဝါ သမ္ဘဝေသီ ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။ ဒွိကနည်း။

ဒီဃာ ဝါ မဇ္ဈိမာ ဝါ ရဿက ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ၊ မဟန္တာ ဝါ မဇ္ဈိမာ ဝါ အဏုကာ ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ၊ ထူလာ ဝါ မဇ္ဈိမာ ဝါ အဏုကာ ဝါ ဣမေပိ သဗ္ဗေ သတ္တာ ဘဝန္တု သုခိတတ္တာ။ တိကနည်း။

မာတာပိတု အာစရိယာ ဉာတိမိတ္တ သမူဟာ အမှာကံ ဥပဋ္ဌာကာ မမကာယေ အာရက္ခ ဒေဝတာ၊ ဣမသ္မိံ ဂေဟေ အာရက္ခ ဒေဝတာ; ဣမသ္မိံ ဂါမေ အာရက္ခ ဒေဝတာ ဣမသ္မိံ နဂရေ အာရက္ခ ဒေဝတာ ဘုမ္မဋ္ဌ ဒေဝတာ ရုက္ခဋ္ဌ

ဒေဝတာ အာကာသဋ္ဌ ဒေဝတာ သက္ကရာဇာ ယမရာဇဝ် အဝေရာ ဟောန္တု အဗျာပဇ္ဇာ ဟောန္တု အနီဃာ ဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။ ဤကား မေတ္တာသုတ်မှ ထုတ်၍ ပို့အပ်သော မေတ္တာတည်း။

အနက်ကား။ သဗ္ဗေ–ခပ်သိမ်းကုန်သော။ သတ္တာ-တို့သည်။ သုခိနော-ချမ်းသာကုန်သည်။ ဟောန္တု-ဖြစ်စေကုန်သတည်း။ သဗ္ဗေ-ခပ်သိမ်းကုန်သော။ သတ္တာ-တို့သည်။ ခေမိနော-ဘေးကင်းကုန်သည်။ ဟောန္တု-သတည်း။ သဗ္ဗေ-ကုန်သော၊ သတ္တာ-တို့သည်။ သုခိတတ္တာ-ချမ်းသာကိုယ်စိတ်ရှိကုန်သည်။ ဟောန္တု-ကုန်သတည်း။ တသာဝါ-ထိတ်လန့်ကုန်သော သတ္တဝါတို့သည်လည်းကောင်း။ ထာဝရာဝါ–မထိတ်လန့်ကုန်သော သတ္တဝါတို့သည်လည်းကောင်း။ သဗ္ဗေ-ကုန်သော။ ဣမေပိသတ္တာ-ဤသတ္တဝါ အပေါင်းတို့သည်လည်း သုခိတတ္တာ- ချမ်းသာသောကိုယ်စိတ် ရှိကုန်သည်။ ဘဝန္တု-ဖြစ်စေကုန်သတည်း။ ဒိဋ္ဌာဝါ-မြင်ကောင်းသော သတ္တဝါတို့သည်လည်းကောင်း၊ အဒိဋ္ဌာဝါ–မမြင်ကောင်းသောသတ္တဝါတို့သည်လည်းကောင်း၊လ၊ဘဝန္တု–သတည်း။

ဒူရေဝသန္တာဝါ-အဝေး၌တည်သောသတ္တဝါတို့သည်လည်းကောင်း။ အဝိဒူရေဝ သန္တဝါ-အနီး၌ တည်ကုန်သောသတ္တဝါတို့သည်လည်းကောင်း၊လ၊ဘဝန္တု-ကုန်သတည်း။ ဘူတာဝါ–ထင်ရှားသော သတ္တဝါတို့သည်လည်းကောင်း။သမ္ဘဝေသီဝါ-

အမိဝမ်း၌ ကိန်းကုန်သော သတ္တဝါတို့ သည်လည်းကောင်း ၊လ၊ဘဝန္တု-သတည်း။ ဒီဃာဝါ-ရှည်သော သတ္တဝါတို့သည် လည်းကောင်း။ မဇ္ဈိမာဝါ-မရှည်မတိုသော သတ္တဝါတို့သည် လည်းကောင်း။ရဿကာဝါ-တိုသော သတ္တဝါတို့ သည်လည်း ကောင်း၊ သဗ္ဗေ-ကုန်သော၊လ၊ဘဝန္တု-သတည်း။မဟန္တာဝါ-ကြီးသော သတ္တဝါတို့သည်လည်းကောင်း။မဇ္ဈိမာဝါ- မကြီး မငယ်သော သတ္တဝါတို့သည်လည်းကောင်း၊ အဏုကာဝါ- ငယ်သော သတ္တဝါတို့ သည်လည်းကောင်း၊ သဗ္ဗေ-ကုန်သော၊ လ၊ ဘဝန္တု -သတည်း။ ထူလာဝါ -ဆူသော သတ္တဝါတို့ သည်လည်းကောင်း။ မဇ္ဈိမာဝါ၊ မဆူမကြုံသော သတ္တဝါ တို့သည်လည်းကောင်း။ အဏုကာဝါ၊ ကြုံသော သတ္တဝါ တို့သည်လည်းကောင်း။ သဗ္ဗေ၊ ကုန်သော။ လ၊ ဘဝန္တု- သတည်း။

မာတာပိတု၊ အမိဘတို့သည်လည်းကောင်း။ အာစရိ-ယာ၊ ဆရာတို့သည်လည်းကောင်း။ ဝါ- မာတာပိတုအာစရိ-ယာ၊ အမိအဘ ဆရာတို့သည်လည်းကောင်း။ ဉာတိသမူဟာ၊ ဆွေမျိုးအပေါင်းတို့သည်လည်းကောင်း။ အမှာကံ၊ငါတို့၏။ ဥပဋ္ဌကာ၊အလုပ်အကျွေးဖြစ်သောသူတို့သည်လည်းကောင်း။ မမကာယေ၊ ငါ၏ကိုယ်၌။ အာရက္ခဒေဝတာ၊ စောင့်ရှောက် ပေးသော နတ်တို့သည် လည်းကောင်း။ ဣမသ္မိံ ဂေဟေ၊ ဤအိမ်၌။ အာရက္ခ ဒေဝတာ၊ စောင့်ရှောက်ပေးသော

နတ်တို့သည်လည်းကောင်း။ ဣမသ္မိံ ဂါမေ၊ ဤရွာ၌။ အာ-ရက္ခ ဒေဝတာ၊ လည်းကောင်း။ ဣမသ္မိံ နဂရေ၊ ဤမြို့၌။ အာရက္ခဒေဝတာ၊ လည်းကောင်း။ ဘုမ္မဋ္ဌဒေဝတာ၊ မြေ၌တည်သော နတ်တို့သည်လည်းကောင်း။ ရုက္ခ ဒေဝတာ၊ သစ်ပင်၌တည်သော နတ်တို့သည်လည်းကောင်း။ အာကာ-သဋ္ဌ ဒေဝတာ၊ ကောင်းကင်၌တည်သော နတ်တို့သည် လည်းကောင်း။ သက္ကရာဇာ၊ သိကြားမင်းသည်လည်းကောင်း။ ယမရာဇာ၊ ယမမင်းသည်လည်းကောင်း။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်း ကင်းကုန်သည်။ ဟောန္တု၊ သတည်း။ အနီဃာ၊ ဆင်းရဲခြင်းကင်းကုန်သည်။ ဟောန္တု၊ သတည်း။ သုခီ၊ ချမ်းသာစွာ။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ ရွက်ဆောင်နိုင်စေကုန်သတည်း။

**မေတ္တာဘာဝနာကို အမှီပြု၍ ဝိပဿနာသို့ တက်ရာသော နည်းကား။** ။မေတ္တာစေတော မုတ္တိ၊ အတီတာနာဂတ-ပစ္စုပ္ပန္နာ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။ ။**အနက်ကား**။ ။အတီတာ နာဂတ-ပစ္စုပ္ပန္နာ၊ **သော**၊ မေတ္တာစေတော ဝိမုတ္တိ၊ တဒင်္ဂပဟာန်၏ **အစွမ်း**ဖြင့် ကိလေသာမှလွတ်သော သမာဓိ။ ဝိက္ခမ္ဘနဝ ဟာန်၏အစွမ်းဖြင့် ကိလေသာမှလွတ်သော သမာဓိသည်။ ခယဋ္ဌေန၊ ကုန်တတ်သော သဘောကြောင့်။ အနိစ္စာ-၏။

ဘယ၌ေနေ- ကြောင့်၊ ဒုက္ခာ- မည်၏။ အသာရကဋ္ဌေန- ကြောင့်၊ အနတ္တာ-မည်၏။ ဝိပဿနာသို့တက်ရာသောနည်း ဖြဟ္မဝိဟာရတရား လေးပါးပြီး၏။

အရူပလေးပါးတို့တွင် အာကာသာနဉ္စာယတနစျာန်ကို ရလိုသော ပုဂ္ဂိုလ်သည် ငါးရသော ရူပါဝစရစျာန်သည် ငါးငြိမ့်သော ကသိုဏ်းရုပ်ကို အာရုံပြု၍ ရူပါဝစရဟူသော နီးသောရန်သူရှိ၏ဟု ရူပါဝစရစျာန်၌ အပြစ်ကို မြင်၍၊ အာကာသသည် ကြဉ်အပ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါးကိုခွါ၍ ရအပ်သော ကောင်းကင်ပညတ်ကို အာရုံပြု၍ အာကာသော အနန္တော အာကာသော အနန္တော ဟု စီးဖြန်းမျှားလှသည်ရှိသော အာကာသနဉ္စာယတန စျာန်ကို ရ၏။

အာကာသာနဉ္စာယတနစျာန်ကိုရပြီးသော ပုဂ္ဂိုလ်သည် ဝိညာဏဉ္စာယတနစျာန်ကို ရလိုသည်ဖြစ်၍ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကာသာ နဉ္စာယတန စျာန် ကုသိုလ်ကို အာရုံပြု၍ ဝိညာဏံ အနန္တံ၊ ဝိညာဏံအနန္တံ ဟု စီးဖြန်းဖန် များလတ်သော် ဝိညာဏဉ္စာယတန စျာန်ကို ရ၏။

ဝိညာဏဉ္စာယတနစျာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် အာကိဉ္စညာယတနစျာန်ကို ရလိုသည်ဖြစ်၍ အာကာသာ နဉ္စာယတနကုသိုလ်၏ မရှိခြင်းတည်းဟူသော နတ္ထိဘော

ယည်တ်ကို အာရုံပြု၍ နတ္ထိ ကိဉ္စိ၊ နတ္ထိ ကိဉ္စိ ဟု စီးဖြန်းဖန် များလတ်သည်ရှိသော် အာကိဉ္စညာယတန စျာန်ကို ရ၏။

အာကိဉ္စညာယတန စျာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် နေဝသညာနာသညာယတနစျာန်ကို ရလိုသည်ဖြစ်၍ ဤဘဝ ရှေးဘဝ အဇ္ဈတ္တသန္တာန်၌ ဖြစ်ဘူးသော အာကိဉ္စညာယတန စျာန်ကုသိုလ်ကို အာရုံပြု၍ သန္တမေတံ ပဏီတမေတံ သန္တ- မေတံ ပဏီတ မေတံ ဟု စီးဖြန်းဖန် များလတ်သည်ရှိသော် နေဝသညာ နာသညာယတနစျာန်ကိုရ၏။

အနက်။ ။(အာ ကာ သော၊ ကောင်း ကင် သည်။ အနန္တော၊ အပိုင်းအခြားမရှိ။) (ဝိညာဏံ၊ ပထမအရူပ ဝိညာဏ်သည်။ အနန္တံ၊ အပိုင်းအခြားမရှိ။) (ကိဉ္စိ၊တစုံတခု မျှဖြစ်သော အကြွင်းသည်။ နတ္ထိ၊ မရှိ)။ (ဧတံ၊ ဤ အာကိဉ္စညာယတန စျာန်စိတ်သည်။ သန္တံ၊ ငြိမ်သက်၏။ ဧတံ၊ ဤအာကိဉ္စညာယတန စျာန်စိတ်သည်။ ပဏီတံ၊ မြတ်၏။) အရူပလေးပါးပြီး၏။

အာဟာရေပဋိကူလသညာ၌ မျိုအပ်သော အာဟာရကို ပဋိကူလထင်အောင် သိမ်းဆည်းရာသည်ကား၊ အဆင်း, အနံ့, အရသာနှင့်ပြည့်စုံသော အာဟာရကို သုံးဆောင်သည့် ကာလ ခံတွင်းမှမျိုအပ်သော စားဖတ်, အံဖတ်ကို စက်ဆုပ် ဘွယ်ဟူသော အမှတ်ထင်သကဲ့သို့လည်းကောင်း။ ကန္တာရ

ခရီး၌ သားငယ်၏အသားကို သုံးဆောင် စားသောက်သော မိဘတို့သည် ထိုသားငယ်၏အသား၌ ပဋိကူလသညာ ထင်သကဲ့သို့လည်းကောင်း။ ထို့အတူ အဆင်း,အနံ့,အရသာနှင့် ပြည့်စုံသော အာဟာရကို သုံးဆောင်သည့်ကာလ ပဋိကူလ-သညာထင်အောင် နှလုံးသွင်း၍ သုံး ဆောင် ရာ သည်။ (အာဟာရေ၊ မျိုအပ်သော အာဟာရ၌။ ပဋိကူလသညာ၊ စက်ဆုပ်ဘွယ်ဟူသော အမှတ်တည်း။

## စတုဓာတုဝ ဝတ္ထာန်၌ သိမ်းဆည်းပုံ

စတုဓာတုဝ ဝတ္ထာန်၌ သိမ်းဆည်းရာသည်ကား-ဤခန္ဓာကိုယ်သည် ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ် တည်းဟူသော ဓာတ်လေးပါးအပေါင်းမျှသာဖြစ်သည်။ ပုဂ္ဂိုလ် သတ္တဝါဟူ၍ ထင်မှားမရှိ၊ ဤဓာတ်လေးပါးကို ပိုင်းခြားခြင်းသည် စတုဓာတု၊ ဝတ္ထာန်မည်၏။ (စတုဓာတုဝ ဝတ္ထာန်-ဓာတ်လေးပါးကို ပိုင်းခြားခြင်းသည် ကော်ဝ ဝတ္ထာနံ နာမ တခုသော ဝ ဝတ္ထာန်မည်၏။) သညာဝ ဝတ္ထာန်ပြီး၏။

ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ ဝိက္ခာယိတကံ လောဟိတကံ ပုဠုဝကံ အဋ္ဌိကဉ္စေတိ ဣမေ ဒသ အသုဘာနိ နာမ။

**အနက်ကား။** ဥဒ္ဒုမာတကံ-ဖူးဖူးရောင်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ ဝိနီလကံ-အဖြူ အနီစသည်တို့နှင့် ရောသည်ဖြစ်၍ များသောအားဖြင့် ညိုသောအဆင်းရှိသော စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ ဝိပုဗ္ဗကံ-ယိုသောပြည် ရှိသည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ ဝိစ္ဆိဒ္ဒကံ-အလယ်၌နှစ်ပိုင်းဖြတ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ ဝိက္ခာယိတကံ-ခွေး မြေခွေး အစရှိသည်တို့သည် ခဲအပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ ဝိက္ခိတ္တကံ-ခွေး မြေခွေး အစရှိသည် တို့သည် အထူးထူးသော အခြင်းအရာတို့ဖြင့် ထိုထိုအရပ်၌ ပစ်အပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသောအကောင်ပုပ်လည်းကောင်း၊ ဟတဝိက္ခိတ္တကံ- ကျီးခြေသဏ္ဌာန်အားဖြင့် ဓားလက်နက်တို့ဖြင့် မွှင်းအပ်သည်ဖြစ်၍ ထိုထိုအရပ်၌ ပစ်အပ်သောစက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ လောဟိတကံ-သွေးအလိမ်းလိမ်း ကပ်သည်ဖြစ်၍ စက်ဆုပ်ဘွယ် ရှိသော အကောင်ပုပ်လည်းကောင်း၊ ပုဠုဝကံ-ပိုးလောက်တို့ဖြင့်ပြည့်သည်ဖြစ်၍ စက်ဆုပ်ဘွယ်ရှိသောအကောင်ပုပ်လည်းကောင်း၊ အဋ္ဌိကံ-အရိုးစုသာဖြစ်၍ စက်ဆုပ်ဘွယ်ရှိသော အကောင်ပုပ်လည်းကောင်း၊ ဣမေ ဒသ-ဤဆယ်ပါးတို့သည်၊ အသုဘာနိ

နာမ-အသုဘ မည်ကုန်၏။ အသုဘဆယ်ပါး ပါဠိနက်ကို ပဋိပတ်ကျင့်စဉ်ကို ပြသောနည်းပြီး၏။

ယော ဝေါ အာနန္ဒာ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မ မစ္စယေန သတ္ထာ။ ကျမ်းလာမြွက်ပေါ် မိန့်ခွန်းတော်နှင့်အညီ ငါဘုရားပင်ထင်ရှားမရှိ၊ပရိနိဗ္ဗာန် စံယူတော်မူသော်လည်း ငါဘုရားသည် လေးသင်္ချေနှင့် ကမ္ဘာတသိန်း ကိုယ်အသက်ကို ငဲ့ကွက်မချစ် စွန့်ပစ်၍ ရှာမှီးတော်မူမှ ရအပ်သော နက်နဲခြင်း လေးပါးနှင့် ပြည့်စုံသော ပိဋကတ်သုံးပုံကို အလုံးစုံသောဝေနေယျတို့အား ငါ့နည်းတူ ဆုံးမရစ်စိမ့်သောငှါ ဟောကြားညွှန်ပြမြွက်ဟ ပညတ်တော်မူပြီ၊ ပိဋကတ်သုံးပုံသည် နောင်သောအခါ သင်တို့၏ဆရာ ဖြစ်လတ္တံ့ဟု ညီကော် အာနန္ဒာအား ဩဝါဒ ပေးတော်မူသော ထုံးဥပဒေကို သက်သေထား၍၊ ရန်ကုန်မြို့၌ ပဝတ္တိအခါ ချမ်းသာပျော်မွေ့ နေလေ့ ရှိသော စီးပွားကို တောင့်တလေ့ရှိသော မောင်မြတ်သူ အမည်ရှိသော အကျွန်ုပ်သည် ရှေးရှေးကပ်ကမ္ဘာက ရတနာသုံးပါးထံ ကျိုးနွံရှိသေ ဥပဒေနည်းနာ ဆရာကောင်းတို့၏ ဩဝါဒ အထူးကို နာခံခဲ့ဘူးသော ကံထူးရှိသောကြောင့် ယခုပစ္စုပ္ပန် ဘဝ၌လည်းအမရပူရ နာမထူးလည် မင်းနေပြည်ကြီးမှဟံသာဝတီမြို့၌ ကိန်းဝပ်တော်မူသော ဆံတော်ရှင်ဘုရားကိုဖူးမျှော် လိုသောကြောင့် ခေတ္တရောက်လှာပေသော လောကမှန်ကင်း

ဆရာအမည်ရှိသော ပုဂ္ဂိုလ်သူမြတ်ထံ အမြွက်မျှ နည်းနာခံရပေသည်။ ပုဂ္ဂိုလ်သူမြတ်ကလည်း နောင်သား နောင်လာသတ္တဝါတို့၏ အကျိုးစီးပွားကို တောင့်တ၍ သာသနာတော်စည်ပင် ထွန်းစင် ပွင့်လင်းခြင်းကို တောင့်တပါသဖြင့်နည်းနာခံသူတို့အား ကျင့်ဆောင်လိုသမျှ ရထိုက်သော ကျင့်ကောင်းရာသော နည်းအစဉ်ကို ပုဂ္ဂိုလ်နှင့်လျော်စွာ အင်အားနိမ့်မြင့်ကို ဉာဏ်ဖြင့် နှိုင်းချိန်၍ အသီးအသီး ဥပါသကာ ဥပါသိကာတို့အား ပရပိုက်တွင် ရေးတင်၍ ဖြန့်ချိဝေဖန်အပ်သော နာနာနယ ဝိစိတြ အင်္ဂါနှင့် ပြည့်စုံသော ပဋိပတ် ကျင့်နည်းများကို မပျောက်မပျက် အသက်ခန္ဓာပင်ဆုံးလေသော်လည်း ကျင့်စဉ်အရှည် တည်ရစ်စိမ့်သောငှါ အတ္တဟိတ၊ ပရဟိတ နှစ်ပါးကို တောင့်တ၍ ထိုဆိုပုဂ္ဂိုလ်သူမြတ်ထံ ရေးသားထားခဲ့သော ပဋိပတ် ကျင့်စဉ်နည်းကို ပရပိုက်တွင် ရေးတင်ထားပါသည်။ ကျေးဇူးရှင် ဘုရားနှင့် နာနာဘာဝ ဝိနာဘာဝ နှစ်ပါးတွင် တပါးပါးဖြင့်ကွေကွင်းရသော်လည်း ဤကျင့်စဉ်ကို ဆရာကဲ့သို့၊ အမှတ်အသားထား၍ ကိုးကွယ် လိုသည်တကြောင်း၊ အပေါင်းများစွာ သတ္တဝါတို့ ကျင့်သုံးစေလိုသည်တကြောင်း အကြောင်းကြောင်းကို မျှော်ထောက်တိုင်းထွာလျက် ပေါတ္ထကာရုဋ္ဌ ပေထက်အက္ခရာတင်ထား၍ ရေးသားပြုစုရာ သက္ကရာဇ် ၂၁၇၉-ခု ဥတုဟေမန္တ ပြာသိုလပြည့်ကျော်နှစ်ရက်နေ့၊ နေ့သုံးချက်တီး အပြီးသို့ ရောက်ပြီ။

ဤကောင်းမှုကြောင့် အကျွန်ုပ်သည် ဤကျင့်စဉ်၌လာသော ပဋိပတ်နည်းကို ကောက်ကျစ်သောစိတ်ကို မဖြစ်စေမူ၍ အသက်တရာ ခန္ဓာပင် ရှည်တည်သမျှ ကာလပတ်လုံး ကျင့်သုံးရွက်ဆောင်နိုင်လိုပါ၏။ မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိသော သူတော်ကောင်းတို့သည်လည်း ဤသို့ရေးသား တင်ထားခဲ့သော ပဋိပတ်ကျင့်စဉ်ကို အလိုရှိတိုင်း သားစဉ်မြေးဆက် မပျက်ရအောင် ကျင့်ဆောင် သုံးစွဲနိုင်စေကုန်သတည်း။

ဤသို့ နာနာနယ ဝိစိတြ အင်္ဂါနှင့် ပြည့်စုံသော ပဋိပတ်ကျင့်နည်းများကို မပျောက်မပျက် ရစ်စိမ့်သောငှါ ပေါတ္ထကာရုဠ ပေထက်အက္ခရာ တင်ထားရေးသား ပြုစုပါရသော ကုသိုလ်ကြောင့် ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရားလေးပါး ပြုပြင်ခြင်းကင်းသော အသင်္ခတဓာတ်ဟု ဆိုအပ်သော မြတ်သောနိဗ္ဗာန် ချမ်းသာကို ခံစားသုံးဆောင်ရလိုပါ၏။

အက္ခရာ ဧကေ မေကဉ္စ၊ ဗုဒ္ဓ ရူပသ မံသိယာ။

တသ္မာဟိ ပဏ္ဍိတော ပေါသော၊ လိခေယျ ပိဋကတ္တယံ။

သက္ကရာဇ် ၁၁၉၅-ခု၊ တန်ခူးလပြည့်ကျော် ခုနစ်ရက်၊ တနင်္ဂနွေနေ့၊ နေ့တချက်တီးအချိန်တွင် ပဋိပတ်ကျင့်စဉ်ကိုရေးကူး၍ ပြီးသည်။ နိဗ္ဗာန ပစ္စယော ဟောတု။

ဤမည်သော ပဋ္ဌာန်းပတ်ကျင့်စဉ်ကို ၁၃၃၁-ခုနှစ်ယုန်လဆန်း (၁၄)ရက် ည (၇)နာရီ ၄၅-မိနစ် အချိန်၌ မြန်အောင်မြို့ မင်းကန်ကြီးကျောင်း၊ အရှင်သုနန္ဒာဘိဝံသနှင့် ရန်ကုန်မြို့ မြန်အောင်ကျောင်းတိုက် ငါးထပ်ကြီး အရှင်ပဏ္ဍိတ (ဓမ္မာစရိယ) တို့သည် ၊ရေးကူး အပ်သည် ဖြစ်၍ ပြီးဆုံးခြင်းသို့ ရောက်ပါသတည်း။

# သဘာဝတ္ထဒီပနီကျမ်း

---

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

၁။ ပါရံဂတံ တထာဂတံ၊ နတ္ထာခမ္မံ သုဒ္ဓါရကံ။
သံဃဉ္စ ဒက္ခိဏေယျကံ၊ ကရိဿာမိယ ထာဗလံ။ ။

၂။ သဘာဝ ဒီပနီ ဂန္ထံ၊ ဒါနာ ဒိဋ္ဌိ သညုတံ၊
ပေါရာဏေဟိ အနေကာပိ၊ က ထာ ယာ ပ န
ဝဏ္ဏနာ။ ။

၃။ သန္တိကာဉ္စာ ပိနသက္ကာ၊ ဝိတ္ထာရတော ဝလဉ္ဇိတုံ၊
ဒါနာဒိရသဿာဒကံ၊ မန္ဒ ဗုဒ္ဓိဟိ သာဓူဟိ။ ။

၄။ ရစိဿာမိတံ ဒီပနိ၊ စံရာနာမေနယာစိတော၊
ဉာပေတု ကာမောသဘာဝံ၊ အနာယာ သေန-
သာဓုကံ။ ။

## ပဌာမ ၄-ဂါထာ

အဟံ၊ အကျွန်ုပ်သည်။ ပါရံ၊ ခန္ဓာအာယတန ဓာတ်တို့၏။ ဥပါဒ်ဋ္ဌိဘင်၏ အစွမ်းဖြင့်၊ ဆက်ခါဆက်ခါ ဖြစ်ခြင်းတည်းဟူသော သံသရာ ဟူသော မဟာသမုဒ္ဒရာ၏ ကမ်းတဘက်သို့၊ ဂတံ၊ ရောက်တော်မူပြီးထသော။ တထာဂတံ၊ ဝိပဿီ သိခီအစရှိသော ရှေးရှေးသော ဘုရားတို့သည်၊ သတိပဋ္ဌာန်၊ သမ္မပဓာန် ဣဒ္ဓိပါဒ် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တည်းဟူသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ကို၊ ပွားစေလျက် လာတော်မူကုန်သကဲ့သို့၊ ထိုအတူ • သတိပဋ္ဌာန်စသော သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ တရားတို့ကို ပွားစေလျက်လာတော်မူသောဘုရားသခင်ကိုလည်းကောင်း။ သုဒ္ဓါရကံ၊ အပါယ်အစရှိသည်တို့၌ ဖြစ်စေတတ်သော ကိလေသာကို ဖျက်ဆီးသောအားဖြင့် အပါယ်ဝဋ်ဒုက္ခသို့ မကျစေမူ၍ ကောင်းစွာဆောင်တတ်သော ဓမ္မဥ္စ၊ ပရိယတ်နှင့်တကွ၊ ဆယ်ပါးသော တရားတော်ကိုလည်းကောင်း။ ဒက္ခိဏေယျကံ၊ မြတ်သောအလှူကို ခံတော်မူထိုက်သော။ သံဃဉ္စ၊ အရိယာ သံဃာရှစ်ယောက်တို့၏ အပေါင်းကိုလည်းကောင်း။ နတွာ၊ သုံးပါးသော ဒွါရတို့ဖြင့် ရိုသေညွတ်နူး ရှိခိုးဦး၍၊ ဒါနာဒိပဋ္ဌိ သညုတံ၊ ဒါနအစရှိသည်နှင့် စပ်သော။ သဘာဝဒီပနိ၊ ထိုထိုဓမ္မ၏ သဘောလက္ခဏာ ခဲရာခက်ဆစ်ကို ပြရာပြကြောင်း သဘာဝ ဒီပနီ အမည်ရှိသော ဂန္ထံ၊ ကျမ်းကို

ယထာဗလံ၊ အစွမ်းသတ္တိရှိသည် အလျောက်။ ကရိယာမိ၊ ရေးစီရင်ပေအံ့။ ပေါရာဏောဟိ၊ ရှေးဆရာတို့သည် ကတာ၊ စီရင်အပ်ကုန်သော အနေကာပိ၊များစွာလည်း ဖြစ်ကုန်သော ယာဝဏ္ဏနာ၊အကြင်ဒါနကထာစသည်တို့၏ ဖွင့်ရာဖွင့်ကြောင်း ဖြစ်သော ကျမ်းဂန်တို့သည် ကိဉ္စာပိသန္တိ၊ အကယ်၍ထင်ရှား ပကတိ ရှိကုန်၏။ ပနတထာပိ၊ ထိုရှေးဆရာတို့သည် စီရင် အပ်ကုန်သော ဒါနကထာ စသည်တို့၏ ဖွင့်ရာဖွင့်ကြောင်း ဖြစ်သောကျမ်းဂန်တို့သည် ထင်ရှားပကတိ ရှိကုန်သော်လည်း တေသံ၊ ထိုရှေးဆရာတို့သည် စီရင်အပ်သော ကျမ်းဂန်တို့၏ ဝိတ္ထာရတော၊ကျယ်ဝန်းသည်၏ အဖြစ်ကြောင့်။ မန္ဒဗုဒ္ဓီဟိ၊ နုံးညံ့သော ပညာရှိကုန်သော။ သာဓူဟိ၊ သူတော်ကောင်း တို့သည် ဒါနာဒိရသသာဒကံ၊ ဒါနအစရှိသည်တို့၏သဘော လက္ခဏာကို မှန်ကန်စွာ သိခြင်း၏ အစွမ်းဖြင့် သိမ်းဆည်း၍ ကျင့်အပ်သော ပဋိပတ်အကျင့်ဖြင့် ရအပ်သော သာယာအပ် သော ဈာနသုခ ဖလသုခတည်းဟူသောအရသာကို၊ဝလဥ္ဇိတုံ သုံးဆောင်ခြင်းငှာ။ ယသ္မာ၊ အကြင်ကြောင့်။ နသက္ကာ၊ မတတ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ စံရာနာမေန၊ နိဗ္ဗာန် ရောက်ကြောင်း သူတော်ကောင်းတရားကို အားထုတ်ကုန် သော သူတို့၏ နှစ်သက်မွေ့လျော် ပျော်ရာဖြစ်၍၊ ဌာနဖြစ် သောအရပ်၏ စံရာဟူသောအမည်ကို ဌာနီဖြစ်သော ပုဂ္ဂိုလ် ဒြပ်၌ တင်စား၍ ဌာနူပစာရ အားဖြင့် ရအပ်သော စံရာ

အမည်ရှိသော ဥပသကာသည်။ ယာစိသော၊ ရိုသေကျိုးနွံ ကောင်းမွန်စွာ တောင်းပန်အပ်သည်ဖြစ်၍။ အဟံ၊အကျွန်ုပ်သည်။ သဘာဝံ၊ ဒါနအစရှိသော ဓမ္မသဘောကို။ ဥာပေတု ကာမော၊ မဆည်းပူးအပ်သော ပါရမီ သမ္ဘာရရှိသော လဇ္ဇီသူတော်ကောင်းတို့အား သိစေခြင်းငှါ၊ အလိုရှိသည်ဖြစ်၍။ တံဒီပကံ၊ထိုသဘာဝတ္ထုဒီပနီ အမည်ရှိသော ကျမ်းကို။အနာယာသေန၊ မငြိုငြင်သဖြင့်။သာဓုကံ၊ကောင်းစွာ။ရစိဿာမိ၊ ရေးစီရင်ပေအံ့။ ။

ဤကား ရှိခိုးခြင်းတည်းဟူသော ပဏာမ၊ ရှိခိုးအပ်သော ရတနာသုံးပါး တည်းဟူသော ပဏာမိတဗ္ဗ။ ရှိခိုးခြင်း၏ အကြောင်းဖြစ်သော ပဏာမဟေတု။ကျမ်းပြုသော အခြင်းအရာတည်းဟူသော ကရဏပ္ပကာရ။ ကျမ်း၏ အနက်တည်းသော အဘိဓေယျ။ ကျမ်း၏အမည်တည်းဟူသော အဘိဓာန။ ကျမ်းပြုခြင်း၌ အကျိုးတည်းဟူသော ပယောဇဉ်။ တောင်းပန်ခြင်း တည်းဟူသော အဘိယာစက ကိုပြသော စကားတည်း။

ဒါနဟူရာ၌–အလှူဝတ္ထုသည်လည်း ဒါနမည်၏။ ကုသိုလ်စေတနာသည်လည်း ဒါနမည်၏။ ထိုနှစ်ပါးတို့တွင် အလှူဝတ္ထုသည် အဘယ်ကြောင့် ဒါနမည်သနည်း၊မေး။ဒါတဗ္ဗန္တိ-ဒါနံ၊ ဟူသော ဝစနတ္ထနှင့်အညီ ပေးအပ်သောကြောင့်အလှူဝတ္ထုသည် ဒါနမည်၏။ ဖြေ။ ယံ ဝတ္ထုံ၊ အကြင်ဝတ္ထုကို။

ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိတသ္မာ၊ ထိုကြောင့်။ တံ ဝတ္ထုံ၊ ထိုဝတ္ထုသည်။ ဒါနံ၊ ဒါနမည်၏။

ကုသိုလ် စေတနာသည်၊ အဘယ်ကြောင့် ဒါနမည်သနည်း၊ မေး။ ဒါယတိ ဧတေနာ တိဒါနံ ဟူသော ဝစနတ္ထနှင့်အညီ၊ လှူကြောင်း ဖြစ်သောကြောင့် စေတနာသည် ဒါနမည်၏၊ ဖြေ။ ဧတေန၊ ဤကုသိုလ် စေတနာဖြင့်၊ ဒါယတိ၊ ပေးလှူအပ်၏။ ဣတိတသ္မာ။ ထိုသို့ပေးလှူကြောင်းဖြစ်သောသတ္တိကြောင့် ဒါနံ၊ ဒါန မည်၏။

အလှူဝတ္ထုကို ဒါနယူခိုက်၊ လှူသောပုဂ္ဂိုလ်၏ သန္တာန်၌၊ အဘယ်ကိုအာရုံပြု၍ အဘယ် ဝီထိစိတ္တုပ္ပါဒ်ဖြစ်သနည်း၊မေး။ အတီတတွင်၊ ဘဝင်စလန၊ ဘဝင်္ဂုပစ္ဆေဒ၊ထိုနောင်ဆွမ်းသင်္ကန်းအစရှိသည်၌ တည်သော ရူပါရုံကို အာရုံပြု၍ မနောဒွါရဝဇ္ဇန်းတကြိမ်၊ ထိုနောင်ဆွမ်းသင်္ကန်းအစရှိသည်၌တည်သောရူပါရုံကို အာရုံပြု၍ မဟာကုသိုလ်စိတ် ရှစ်ခုတို့တွင် တခုခုသည် ဇောကိစ္စ ခုနှစ်ကြိမ်၊ ထိုနောင် တဒါရုံတွင် တို့သည်၊ ထိုက်သည်အားလျော်စွာဖြစ်၍ ချုပ်ကုန်၏၊ ဖြေ။

ကုသိုလ်စေတနာကို ဒါနယူခိုက်၊ အဘယ်ကိုအာရုံပြု၍ အဘယ် ဝီထိစိတ္တုပ္ပါဒ်တို့သည် ဖြစ်ကုန်သနည်း။ မေး။ အလှူဝတ္ထုကိုလှူပြီးသော ပုဂ္ဂိုလ်သည်၊ မုဉ္စစေတနာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်ကို အာရုံပြု၍ မနောဒွါရဝဇ္ဇန်း ကုသိုလ်ဇော စိတ္တုပ္ပါဒ်တို့သည် ဆင်ခြင်တိုင်း အကြိမ်များစွာဖြစ်၍

ချုပ်ကုန်၏၊ ဖြေ။ ထိုနှစ်ဝိထိတို့တွင် ပထမဝိထိဖြင့် မုဥ္စစေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုပြသည်။ ဒုတိယဝိထိဖြင့် အပရစေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကိုပြသည်။ ။ဝဋ္ဋနိဿိတဒါနဟူသည် အဘယ်နည်း၊ မေး။ ဒါနကုသိုလ်ကိုပြုသည်ကာလ လူ့စည်းစိမ် နတ်စည်းစိမ်ကို တောင့်တ၍ပြုသော ဒါနသည် ဝဋ္ဋနိဿိတဒါနမည်၏၊ဖြေ။ ဝဋ္ဋနိဿိတဒါနသည် အဘယ်အကျိုးကို ပေးသနည်း၊ မေး။ ထိုဝဋ္ဋနိဿိတဒါနသည် လူ့စည်းစိမ် နတ်စည်းစိမ် တည်းဟူသော ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိအကျိုးကိုသာ ပေးတတ်၏။ လောကုတ္တရာအကျိုးကို မပေးတတ်။ ထိုကြောင့် လူ့စည်းစိမ် နတ်စည်းစိမ်ကို တောင့်တ၍ပြုသော သူသည်။ သံသရာ၌ ဇာတိဒုက္ခ ဇရာဒုက္ခ အစရှိသော ဆင်းရဲကို ကြာမြင့်စွာ တွေ့ရပါလို၏ဟု တောင့်တ၍ပြုရာ ရောက်သည်။

ဝိဝဋ္ဋနိဿိတဒါန ဟူသည် အဘယ်နည်း၊ မေး။ ဝဋ်ရှိကင်းရာနိဗ္ဗာန်ကိုရှေးရှု၍ ပြုအပ်သော ဒါနသည် ဝိဝဋ္ဋနိဿိတဒါနမည်၏။ ထိုဝိဝဋ္ဋနိဿိတဒါနသည် အဘယ်မည်သော အကျိုးကိုပေးသနည်း၊ မေး။ ဣဒံမေပုညံ အာသဝက္ခယာဝဟံဟောတုတိ ဝိဝဋ္ဋနိဿိတ ဝသေန ပဋ္ဌပိတံ၊ သမ္မာသမ္ဗောဓိ ဉာဏမ္ပိ၊ ပစ္စေက ဗောဓိ ဉာဏမ္ပိ။ သာဝကဗောဓိ ဉာဏမ္ပိ အာဝဟတိ။ဟူ၍ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၊ သုတ္တသင်္ဂဟ

အဋ္ဌကထာတို့၌ လာသောကြောင့်၊ ဒါနကုသိုလ်စေတနာကို ပြုသည်ကာလ၊ ဤဒါနကုသိုလ်သည်။ အာသဝေါတရား လေးပါးတို့၏ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရွက်ဆောင်နိုင်သည် ဖြစ်ပါစေသတည်းဟု ဝဋ္ဋကင်းရာနိဗ္ဗာန်ကို မှီ၍ပြုသည်ဖြစ်အံ့။ သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဗောဓိဉာဏ်ကို ရွက်ဆောင်တတ်၏၊ ဖြေ။ နိဗ္ဗာန်ကိုအာရုံပြု၍ အားထုတ်အပ်သော ဒါနသည် ဝိဝဋ္ဋနိဿိတ ဒါနမည်သောဟူ၍ဆိုပြီ။ ဒါနဝတ္ထုကို လှူရာ၌ မုဉ္စစေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် အလှူဝတ္ထု၌တည်သော ရူပါရုံကို အာရုံပြုသည်ဖြစ်လျက် လှူပြီးနောက် အပရစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် မုဉ္စစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကို အာရုံပြုသည်ဖြစ်လျက်၊ နိဗ္ဗာန်ကိုအဘယ်သို့လျှင်အာရုံပြုနိုင်အံ့နည်း၊ မေး။ မုဉ္စစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် အလှူဝတ္ထု၌တည်သော ရူပါရုံကို အားထုတ်ပြုသော်လည်း၊ မလှူမီ ရှေးအဘို့၌ဖြစ်သော ပုဗ္ဗစေတနာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည် နိဗ္ဗာန်လျှင် အာရုံရှိသောကြောင့် လည်းကောင်း။ အပရစေတနာ ပြဋ္ဌာန်းသော ကုသိုလ် စိတ္တုပ္ပါဒ်သည်၊ နိဗ္ဗာန်လျှင် အာရုံရှိသောကြောင့် လည်းကောင်း။ ရှေးအဘို့ နောက်အဘို့၌ဖြစ်၍ မပြဋ္ဌာန်းသော်လည်း ဝိဝဋ္ဋနိဿိတ ဒါနမည်၏၊ ဖြေ။

ဝဋ္ဋနိဿိတ ဝိဝဋ္ဋနိဿိတဒါန နှစ်ပါးသည် ဒါနပါရမီ အမည်ကိုရကောင်းအံ့လော၊ မေး။ ပါရံ နိဗ္ဗာနံ အယန္တိ ဂစ္ဆန္တိ တေဟာတိပါရမီ။ ဟူသော အဋ္ဌကထာကျမ်းလာ သည်နှင့်အညီ နိဗ္ဗာန်သို့ရောက်ကြောင်း ကော၊ ဖြစ်ထိုက် သော ဝိဝဋ္ဋနိဿိတဒါန သည်သာလျှင် ဒါနပါရမီမည်၏။ နိဗ္ဗာန်သို့ရောက်ကြောင်း မဟုတ်သော ဝဋ္ဋနိဿိတဒါနသည် ပါရမီအမည်ကို မရထိုက်၊ ဒါနသာ မည်၏၊ ဖြေ။

ဤသို့ကျမ်းဂန်တို့၌ လာသည်ဖြစ်လျက် ကျမ်းဂန်အမှီ မရှိသောသူတို့သည်၊ ဒါနကုသိုလ်ကိုပြုရာ၌ မဂ်ဖိုလ်နိဗ္ဗာန်၏ အကြောင်းမဟုတ်၊ ဝဋ်ရှည်လျားခြင်း၏ အကြောင်းသာ ဖြစ်သည်ဟု ဝိုဝိုဝါးဝါး ယူမှားကြသည်မှာ ဝိဝဋ္ဋနိဿိတ ဒါနဟူသော ဒေသနာတော်ကိုမတွေ့မမြင်ဘူးသောကြောင့် လည်းကောင်း။ ပါရံနိဗ္ဗာနံ အယန္တိ ဂစ္ဆန္တိ တေဟာတိ ပါရမီ-ဟူသော အဋ္ဌကထာပါဌ်ကို မတွေ့မမြင်ဘူးသော ကြောင့်လည်းကောင်း။ ဣဓဒိမေပညံ အာသဝက္ခယာ ဝဟံ ဟောတူတိ ဝိဝဋ္ဋနိဿိတ ပဿေန ပဋ္ဌပိတံ၊ သမ္မာသမ္ဗောဓိ ဉာဏမ္ပိ၊ ပစ္စေကဗောဓိ ဉာဏမ္ပိ၊ သာဝကဗောဓိ ဉာဏမ္ပိ အာဝဟတိ–ဟူသော အဋ္ဌကထာပါဌ်ကို မတွေ့မမြင်ဘူးသော ကြောင့် လည်းကောင်း။ ချွတ်ယွင်းသဖြင့်စွဲယူမိကြလေသည်။

ထိုကြောင့် ယခုဆိုခဲ့ပြီးသောနည်းကို ကြားသိရသဖြင့်၊

ရှေးယူမိသော မိစ္ဆာဝါဒကိုစွန့်၍ ဝိဝဋ္ဋနိဿိတဒါန ဖြစ်စေ ခြင်းငှါ နိဗ္ဗာန်ကိုသာ ရှေးရှု၍ ဒါနကုသိုလ်ကို ပြုရာသည်။

ဘုရားအစရှိသော သူတော်ကောင်းတို့၏ ပြုရာဒါနသည် အဘယ်မျှပြားသနည်း၊ မေး။ ဘုရားအစရှိသော သူတော်ကောင်းတို့၏ ပြုရာဒါနသည် သဒ္ဓါဒါန၊ သက္ကစ္စဒါန၊အနုဂ္ဂဟိတ စိတ္တဒါန၊ အနုပဟစ္စဒါန၊ ကာလဒါနဟူ၍ ငါးပါး အပြားရှိ၏၊ ဖြေ။ ထိုငါးပါးတို့တွင် အဘယ်သို့လှူသော ဒါနသည် သဒ္ဓါဒါနမည်သနည်း၊ မေး။ ကုသိုလ်ကံသည် ကောင်းကျိုးကိုပေးတတ်၏ဟု ကံကိုလည်းကောင်း။ ကောင်း သောအကျိုးသည်၊ ကံကြောင့်သာဖြစ်သည်ဟု ကံ၏အကျိုး ကိုလည်းကောင်း။ ယုံကြည်၍ ပေးလှူသော ဒါနသည် သဒ္ဓါ ဒါနမည်၏၊ ဖြေ။ အဘယ်ကဲ့သို့ လှူသော ဒါနသည် သက္ကစ္စ ဒါနမည်သနည်း၊ မေး။ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့ကို အရို အသေပြု၍ ပေးလှူသော ဒါနသည် သက္ကစ္စဒါနမည်၏၊ဖြေ။ အဘယ်သို့ လှူသောဒါနသည်။ အနုဂ္ဂဟိတစိတ္တ ဒါနမည် သနည်း၊ မေး။ လွတ်လွတ်စွန့်ကြဲခြင်းရှိသည်ဖြစ်၍ ပေးလှူ သော ဒါနသည် အနုဂ္ဂဟိတစိတ္တဒါနမည်၏၊ ဖြေ။ အဘယ် သို့ လှူသောဒါနသည် အနုပဟစ္စဒါနမည်သနည်း၊ မေး။ မိမိကိုယ်ကို မချီးမြှောက်၊ သူတပါးကို မရှုတ်ချမူ၍ ပေး လှူသော ဒါနသည် ကာလဒါနမည်သနည်း၊ မေး။ သင့်တင့် လျောက်ပတ်သောအခါ၌ လှူသောဒါနသည် ကာလဒါန

မည်၏၊ ဖြေ။ ယုံကြည်ရှိလှူသော ဒါနသည် သဒ္ဓါဒါန မည်၏ဟူ၍ ဆိုပြီ။

ကမ္မံ၊ အမှုကို။ ကာတုန၊ ပြုပြီး၍။ ဂစ္ဆတိ၊ သွား၏။ ဤအရာ၌ အမှုကိုပြုခြင်း ကြိယာကား ရှေ့။ သွားခြင်း ကြိယာကား နောက်ဖြစ်သကဲ့သို့ ထို့အတူ ယုံကြည်ခြင်းကြိယာကား ရှေ့။ လှူခြင်းကြိယာကား နောက်ဖြစ်၍။ ယုံကြည်ခြင်း ကြိယာကတခြား။ လှူခြင်းကြိယာက တခြား။ ကာလနှစ်ပါး သီးခြားယူအပ်လေသလော။ ထိုသို့ မဟုတ်။ ဒွါရံ တံခါးကို။ ပိဒဟိတွာန၊ ပိတ်ပြီး၍။ နိက္ခမိ၊ ထွက်၏။ ဤအရာ၌ တံခါးကိုပိတ်ခြင်းကြိယာကား နောက်။ ထွက်ခြင်း ကြိယာကား ရှေးဖြစ်သကဲ့သို့ ထိုအတူ ယုံကြည်ခြင်း ကြိယာကားနောက်။ လှူခြင်းကြိယာကားရှေး ဖြစ်ရာလေသလော။ ထိုသို့မဟုတ် ဒဏ္ဍော၊ နှင်တံသည်။ တက္ကာဠူ၊ တျက်တျက်မည်၍။ ပတတိ၊ ကျ၏။ ဤအရာ၌ တျက်တျက်မည်ခြင်း ကြိယာ၊ ကျခြင်းကြိယာသည် တပြိုင်နက် ရကောင်းသကဲ့သို့ ထိုအတူ ယုံကြည်ခြင်းကြိယာ၊ လှူခြင်းကြိယာသည် တပြိုင်နက် ဖြစ်လေသလော၊ မေး။ ကမ္မံကာတုနဂစ္ဆတိ ဟူရာ၌၊ အမှုကိုပြုခြင်း ကြိယာကား ရှေ့။ သွားခြင်း ကြိယာကား နောက်ဖြစ်သကဲ့သို့၊ ထိုအတူ ယုံကြည်ခြင်းကြိယာကား ရှေး၊ လှူခြင်းကြိယာ နောက်ဖြစ်၍၊ ကာလတပါး သီးခြား၍ ရသင့်သည်။ ယုံကြည်ခြင်းသဒ္ဓါတရား ရှေး၊ လှူခြင်းကြိယာ

နောက် ဖြစ်ကြောင်းကို အဘယ့်ကြောင့်သိသနည်း၊ မေး။ သဒ္ဒါဇာတာဝေါဟာရပသက်မတိ၊ ကျမ်းဂန်ရှိသည်နှင့်အညီ သဒ္ဒါတရားရှိသော သူသည်သာလျှင် ဘုရားအစရှိသော ရတနာသုံးပါးထံ ဆည်းကပ်ခွင့် ရနိုင်သည်။ ဆည်းကပ်သော်သာလျှင် လှူခွင့်ရနိုင်သည်ဖြစ်၍ ယုံကြည်ခြင်းကား ရှေး။ လှူခြင်းကား နောက် ဖြစ်ကြောင်းကို သိရ၏၊ ဖြေ။

ယုံကြည်၍ ပေးလှူရာ၌ သဒ္ဒါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်၊ ဒါနစေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်နှစ်ပါးရကောင်းသည်ဖြစ်၍ ထိုကုသိုလ်နှစ်ပါးသည် အကျိုးပေးသည်ကာလ အဘယ်သို့ထူးသနည်း၊ မေး။ ယုံကြည်ခြင်း သဒ္ဒါပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် အလှန်အဆင်းလှခြင်း၊ ကြည်ညိုဘွယ်ရှိခြင်း၊ မြတ်သောအဆင်းသဏ္ဍာန်နှင့်ပြည့်စုံခြင်း အကျိုးကိုပေး၏။ ဒါနကုသိုလ် စေတနာသည် ပြည့်စုံကြွယ်ဝသည်။ မြုပ်ထားအပ်သော ရွှေ ငွေ ရှိသည်။ အတွင်း အပ သုံးဆောင်အပ်သော ပရိက္ခရာ ရှိသည်။ ဤအကျိုး ပေး၏၊ဖြေ။

သက္ကစ္စဒါန၌ ရိုသေခြင်း၏ အစွမ်းဖြင့် ရအပ်သော ကုသိုလ်စိတ္တုပ္ပါဒ်၊ ဒါနစေတနာ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်နှစ်ပါးရကောင်းသည်ဖြစ်၍ ထိုကုသိုလ်နှစ်ပါးသည် အကျိုးပေး ဘယ်သို့ထူးသနည်း၊ မေး။ သား မြေး ကျွန်ခြွေရံ ပရိသတ်တို့သည် မျက်မှောက်မျက်ကွယ်အထူးမရှိခြင်း။

မိမိကိုယ်ကိုသာ အရှိအသေပြုခြင်း၊ လုပ်ကျွေးခြင်း၊ အကျိုးကို သက္ကစ္စကုသိုလ်ကြောင့် ရသည်။ ပြည့်စုံ ကြွယ်ဝသည်၊ ရွှေငွေများသည်၊ အသုံးအဆောင်များသည်၊ ဤအကျိုးကို ဒါနကုသိုလ်ကြောင့် ရသည်၊ ဖြေ။

အနုဂ္ဂဟိတစိတ္တဒါန၌ ချီးမြှောက်ခြင်း၏ အစွမ်းဖြင့် ရအပ်သောကုသိုလ်၊ ဒါနကုသိုလ်နှစ်ပါးရကောင်းသည်ဖြစ်၍ ထိုကုသိုလ်နှစ်ပါးသည် အကျိုးပေး အဘယ်သို့ထူးသနည်း၊ မေး။ ကောင်းမြတ်သော အစားအသောက် အစရှိသည်ကို သုံးဆောင်ရခြင်း အကျိုးကို ပေးလှူပြီးသော် နောင်တမရှိ၊ မနှမြောခြင်း၊ ချီးမြှောက်ခြင်း၊ အပရစေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကြောင့်ရသည်။ ပြည့်စုံကြွယ်ဝခြင်း အစရှိသော အကျိုးကို ဒါနစေတနာကြောင့်ရသည်၊ဖြေ။ အနုပဟစ္စဒါန၌၊ မိမိကိုယ်ကို မချီးမြှောက်ခြင်း၊ သူတပါးကို မရှုတ်ချခြင်း၏အစွမ်းဖြင့်ရသော ကုသိုလ်ဒါန စေတနာပြဋ္ဌာန်းသော ကုသိုလ်နှစ်ပါး ရကောင်းသည်ဖြစ်၍ ထိုကုသိုလ်နှစ်ပါးသည် အကျိုးပေးအဘယ်သို့ထူးသနည်း၊မေး။ မိမိဉစ္စာကို ရန်သူငါးပါး မဖျက်ဆီးနိုင်ခြင်းအကျိုးကို ငါ့အလှူသာမြတ်သည်၊ သူတပါးအလှူကား ယုတ်သည်ဟု မိမိကိုယ်ကို မချီးမြှောက်ခြင်း၊သူတပါးကို မရှုတ်ချခြင်းကြောင့် ရသည်၊ ပြည့်စုံကြွယ်ဝခြင်း အစရှိသော အကျိုးကို ဒါနစေတနာ စိတ္တုပ္ပါဒ်ကြောင့်ရသည်၊ ဖြေ။

ကာလဒါနဌ် လျောက်ပတ်သောကာလဟူသည် အဘယ်နည်း။ ထိုလျောက်ပတ်သောကာလ၌ ပြုအပ်သောဒါနသည် အဘယ်သို့သော အကျိုးထူးကို ပေးသနည်း၊ မေး။ အာဂန္တုကအား လှူခြင်းလည်းတပါး။ ခရီးသွားလတ္တံ့သော ရဟန်းအား လှူခြင်းလည်းတပါး၊ ငတ်မွတ်သော ကာလ၌ လှူခြင်းလည်းတပါး၊ သစ်သီးဦး ကောက်ဦးပေါ်သော ကာလ၌ လှူခြင်းလည်းတပါး။ ဤငါးပါးသည် လျောက်ပတ်သော ကာလမည်၏။ ထိုအခါ၌ ဤလှူသောဒါနသည် လျောက်ပတ်သော ကာလ၌လှူသောဒါနမည်၏။ ထိုကာလ ဒါနသည် ပြည့်စုံကြွယ်ဝခြင်းအကျိုးကို ပေး၏။ စည်းစိမ်ဥစ္စာ ဖြစ်လာသည်ရှိသော် ပထမအရွယ်၌ဖြစ်ခြင်း။ ပွါးများခြင်း အကျိုးကိုပေး၏၊ ဖြေ။ ဤကား ဒါနကုသိုလ်၌ အကျဉ်းအားဖြင့် ရသင့်သော သဘောတည်း။

အသိက္ခာနံ ဝလဥ္ဇာယ၊ ဥဒ္ဒရိတ္ဗာန သာသနေ၊
တေဟိတေဟိ ရစိတေန၊ အစ္စုတံ ယန္တုသာခဝေါ။ ။

သာသနေ။ အဓိသီလသိက္ခာ၊ အစိတ္တသိက္ခာ၊ အပညာသိက္ခာတည်းဟူသော၊ သုံးပါးသော သိက္ခာတို့ဖြင့် သင်္ဂြိုဟ်အပ်သော ပရိယတ္တိ သာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဒ သာသနာ၌၊ အသိက္ခာနံ၊ပါဠိအဋ္ဌကထာ ဋီကာကျမ်းဂန်တို့ကို မသင်ကြားဘူးကုန်သော သူတော်ကောင်းတို့အား။ ဝလဥ္ဇာ-

ယ၊ သုံးဆောင်စိမ့်သောငှါ။ တေဟိ တေဟိ၊ ထိုထိုပါဠိ အဌကထာ ဋီကာကျမ်းဂန်တို့မှ။ ဥဒ္ဓရိတွာန၊ ထုတ်၍။ ရစိတေန၊ ရေးသား စီရင်အပ်သော ဥာဏ သမ္ဘယုတ် ဥက္ကဋ္ဌ ကုသိုလ်စေတနာကြောင့်။ သာဓဝေါ၊မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းတို့သည်၊ အစ္စုတံ၊ စုတေဖေါက်ပြန်ခြင်းကင်းသော နိဗ္ဗာန်သို့။ ယန္တု၊ ရောက်စေကုန်သတည်း။

သရဏဂုံဟူရာ၌၊ သရဏဂုံဟူသည် အဘယ်နည်း။ မေး။ ပဒတ္ထတော တာဝ၊ ဟိံသတီတိ သရဏံ သရဏ ဂတာနံ၊ တေနေဝ သရဏ ဂမနေန၊ ဘယံသန္တာသံ၊ ဒုက္ခံ ဒုဂ္ဂတိံ ဥပက္ကိလေသံ ဟနတိ ဟိံသတီတိ အတ္ထော။ ဟူ၍ ခုဒ္ဒကပါဌအဌကထာ၌ လာသည်နှင့်အညီ၊ ဘုရားအစရှိသော ရတနာသုံးပါးသည် ကြောက်ခြင်း ထိတ်လန့်ခြင်းစသည်ကိုဖျက်ဆီးတတ်သောကြောင့် သရဏမည်၏။

အနက်ကား။ ။ပဒတ္ထတော၊ ပုဒ်နက်အားဖြင့်။ တာဝ၊ ရှေးဦးစွာ။ ယံရတနတ္တယံ၊ အကြင် ရတနာသုံးပါး အပေါင်းသည်။ ဘယာဒိံ၊ကြောက်ခြင်းစသည်ကို။ ဟိံသတိ၊ ဖျက်ဆီးတတ်၏။ ဣတိတသ္မာ၊ ထိုသို့ဖျက်ဆီးတတ်သော သတ္တိကြောင့်။ တံရတနတ္တယံ၊ ထိုရတနာသုံးပါးအပေါင်းသည်။ သရဏံ၊ သရဏမည်၏။ သရဏ ဂတာနံ၊ သရဏဂုံ ဆောက်တည်ကုန်သော သူတို့အား။ တေနေဝ သရဏ ဂမနေန၊ ထိုသရဏဂုံ ဆောက်တည်ခြင်းဖြင့်လျှင်။ ဘယံ၊ ကြောက်ခြင်း

ကို။ သန္တာသံ၊ ထိတ်လန့်ခြင်းကို။ ဒုက္ခံ၊ဆင်းရဲကို။ ဒုဂ္ဂတိံ၊ မကောင်းသော အလားကို။ ဥပက္ကိလေသိ၊ ညစ်ညူးခြင်းကို၊ ဟာနတိဟိံ သတိ၊ ဖျက်ဆီးတတ်၏။ ဣတိအယံ၊ဤသည်ကား။ အတ္တော၊ အနက်တည်း။

ရတနာသုံးပါးသည် ဖျောက်တတ်သောကြောင့်သရဏ မည်သော ဟူ၍ဆိုပြီ။ ဖျောက်ခြင်းကြိယာသည် ဖျောက် တတ်သော ကတ္တားဒြပ်၌လည်းတည်သည်။ ထိုနှစ်ပါးတို့တွင် ဖျောက်တတ်သော ကတ္တားဒြပ်သည်၊ ရတနာသုံးပါး ဖြစ် သည်ဟု သိရပြီး၊ ဖျောက်ခြင်းကြိယာ၏ တည်ရာဖြစ်သော၊ ဖျောက်အပ်သော ကံဒြပ်သည် အဘယ်နည်းဟု မေးဘွယ်ရှိ၍၊ အယံဟူသောပါဌ်ကို အဋ္ဌကထာဆရာ မိန့်တော်မူသည်။ ။ အဓိပ္ပါယ်ကား-ရတနာသုံးပါးသည် ဘေးကိုဖျောက်တတ် သောကြောင့်၊ သရဏမည်၏။

ရတနာသုံးပါးသည် ဘေးကိုဖျောက်တတ်သည်မှတပါး၊ ထိတ်လန့်ခြင်းကို ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်သော သတ္တိ မရှိပြီလောဟု မေးဘွယ်ရှိ၍၊ သန္တာသံပါဌ်ကို၊ အဋ္ဌကထာ ဆရာ မိန့်တော်မူသည်။အဓိပ္ပါယ်ကား။ ရတနာသုံးပါးသည် ဘေးကိုသာဖျောက်ဘတ်သည်မဟုတ်၊ထိတ်လန့်ခြင်းကိုလည်း ဖျောက်တတ်၏။ရတနာသုံးပါးသည် ကြောက်ခြင်းထိတ်လန့် ခြင်းကိုသာ ဖျောက်တတ်၏။ ကြောက်ခြင်း ထိတ်လန့်ခြင်း စိတ္တုတြာသ ဖေါ်ကိုစွဲ၍ ဖြစ်သော အနိဋ္ဌ တရားကိုဖျောက်

ခြင်းငှါ စွမ်းနိုင်သော သတ္တိမရှိပြီလောဟု မေးဘွယ်ရှိ၍ ဒုက္ခ ဒုဂ္ဂတိံ ပါဠိကို မိန့်တော်မူသည်။ အခိပ္ပါယ်ကား ရတနာ သုံးပါးသည် ကြောက်ခြင်းထိတ်လန့်ခြင်းကိုသာဖျောက်တတ် သည်မဟုတ်၊ ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းကိုလည်း ဖျောက်တတ်၏။ အပါယ်လေးဘုံတည်းဟူသော ဒုဂ္ဂတိ ကို လည်း ဖျောက်တတ်၏။ရတနာသုံးပါးသည် ကြောက်ခြင်း ထိတ်လန့်ခြင်းစသော အမနာပကိုသာဖျောက်တတ်၏။ကြွင်း သော ညစ်ညူးကြောင်း တရားကို ဖျောက်ခြင်းငှာ စွမ်းနိုင် သောသတ္တိ မရှိလေပြီလောဟု မေးဘွယ်ရှိ၍၊ ဉပက္ကိလေသံ ပါဠိကို မိန့်တော်မူသည်။ အဓိပ္ပါယ်ကား–ရတနာသုံးပါး သည် ကြောက်ခြင်း ထိတ်လန့်ခြင်းစသော ကျေးဇူးမဲ့ကိုသာ ဖျောက်တတ်သည်မဟုတ်၊ စိတ္တုတြာသ ဒေါသမှတပါး ညစ်ညူးကြောင်းဖြစ်သော ကိလေသာကိုလည်း ဖျောက် တတ်၏။

ရတနာသုံးပါးသည် ကြောက်ခြင်း၊ထိတ်လန့်ခြင်းစသည့် ကျေးဇူးမဲ့ကိုသာ ဖျောက်တတ်၏ဟု ဆိုပြီး သတ္တဝါတို့ သန္တာန်၌ တည်သော ကြောက်ခြင်းစသည်ကို ဖျောက်လေ သလောဟု မေးဘွယ်ရှိ၍ သရဏ ဂတာနံပါဠိကို မိန့်သည်။ အဓိပ္ပါယ်ကား–ရတနာသုံးပါးသည် သတ္တဝါတို့ သန္တာန်၌ တည်သော ကြောက်ခြင်း ထိတ်လန့်ခြင်း စသည့်ကိုသာ ဖျောက်တတ်သည်မဟုတ်၊ စင်စစ်သော်ကားသရဏဂုံဆောက်

တည်သောသူတို့၏ သန္တာန်၌ ဖြစ်လတ္တံ့သောကြောက်ခြင်း ထိတ်လန့်ခြင်း စသည်ကိုလည်း ဖျောက်တတ်၏။

ရတနာသုံးပါးသည် ကြောက်ခြင်း၊ထိတ်လန့်ခြင်းစသည် ကိုဖျောက်သော ဟူ၍ဆိုပြီ။ ဒဋ္ဌန္တ၊ တံစဉ်ဖြင့်။ ဝိဟိံ၊ ကောက်ကို။ လုနာတိ၊ ရိပ်၏။ ဤအရာ၌ ကောက်ကို ဖြတ်ခြင်းကြိယာသည်၊ ဖြတ်ကြောင်းဖြစ်သော တံစဉ်ဒြဗ်နှင့် ကင်းကောင်းသကဲ့သို့၊ထိုအတူကြောက်ခြင်းစသည်ကိုဖျောက်ခြင်းကြိယာ၏ဖျောက်ကြောင်းဖြစ်သောအနက်သည်အဘယ်နည်းဟု မေးဘွယ်ရှိ၍၊ ဘာနေဝ သရဏ ဂမနေန ပါဌ်ကိုမိန့်သည်။ အဓိပ္ပါယ်ကား-ရတနာသုံးပါးသည် ကြောက်ခြင်း ထိတ်လန့်ခြင်းစသည်ကို ဖျောက်ရာ၌၊ ဖျောက်ခြင်းကြိယာ၏ ဖျောက်ကြောင်းဖြစ်သော အနက်သည် သရဏဂုံ ဆောက်တည်သော သူတို့၏ သန္တာန်၌ ရအပ်သော သတဒါန စေတနာ ပြဋ္ဌာန်းသောကုသိုလ်စိတ္တုပ္ပါဒ်ဖြင့် ဘယအစရှိသည်ကို ဖျောက်၏။ အပေါင်း အဓိပ္ပါယ်ကား-ရတနာသုံးပါးသည် သရဏဂုံ ဆောက်တည်သော သူတို့၏ သန္တာန်၌ တည်သော ကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်၊ ကြောက်ခြင်းကိုလည်း ဖျောက်တတ်၏။ ထိတ်လန့်ခြင်းကိုလည်း ဖျောက်တတ်၏။ ကိုယ်၏ဆင်းရဲခြင်း စိတ်၏ဆင်းရဲခြင်းကိုလည်း ဖျောက်တတ်၏။ အပါယ်လေးဘုံတည်းဟူသော မကောင်းသော အလားကိုလည်း ဖျောက်တတ်၏။ ညစ်ညူးကြောင်းဖြစ်သော ကိလေသာ

ကိုလည်း ဖျောက်တတ်၏။ ဤကား သရဏဟူသည် အဘယ်နည်းဟူသော အမေး၏ အဖြေတည်း။

သရဏဂုံဟူသည် အဘယ်နည်း။ မေး။ တသ္မာ ဣမိနာပိ ပရိယာယေန တံရ တနတ္တယံ သရဏံ၊ တပ္ပသာဒ တဂ္ဂစုကာ ဟိပိ ဝိဟတဝိဒ္ဓံသိတကိလေသော၊ တပ္ပရာယန တာကာရ ပဝတ္တော၊ အပရပစ္စယော ဝါ စိတ္တုပ္ပါဒေါ သရဏ ဂမနံ။ ဟူသော ခုဒ္ဒကပါဌ အဋ္ဌကထာနှင့်အညီ၊ ရတနာသုံးပါးတို့၌ ယုံကြည်ခြင်း အလေးအမြတ် ပြုခြင်းတို့ဖြင့် ဖျောက်အပ်ပြီးသော ကိလေသာရှိသော ရတနာသုံးပါးတို့အား ကိုးကွယ်ဆည်းကပ်သော အခြင်းအရာအားဖြင့် ဖြစ်သော ကုသိုလ်စိတ္တုပ္ပါဒ်သည် သရဏဂုံမည်၏။

အနက်ကား။ တသ္မာ၊ထို့ကြောင့်။ ဣမိနာပိ ပရိယာယေန၊ ဤသို့ကြောက်ခြင်း စသည်ကို ဖျောက်တတ်သော အကြောင်းကြောင့်လည်း။ တံရတနတ္တယံ၊ထိုရတနာသုံးပါး အပေါင်းသည်။ သရဏံ၊ သရဏ မည်၏။ တပ္ပသာဒတဂ္ဂရုကာ ဟိ၊ထိုရတနာသုံးပါးတို့၌ယုံကြည်ခြင်း။ထိုရတနာသုံးပါးတို့၌ အလေးအမြတ်ပြုခြင်းတို့ဖြင့်။ ဝိဟတဝိဒ္ဓံ သိတကိလေ-သော။ ပယ်အပ် ဖျက်ဆီးအပ်ပြီးသော ကိလေသာရှိသော။ တပ္ပရာယန တာကာရပ္ပဝတ္တော၊ ထို ရတနာသုံးပါးအား ကိုးကွယ်ခြင်းသို့ ရောက်သော အခြင်းအရာ အားဖြင့် ဖြစ်သော ဝါ တနည်းကား။ အပရပစ္စယော၊ ရတနာသုံးပါး

မှ တပါးသော အထောက် အပံ့ အကြောင်း မရှိသော။ စိတ္တုပ္ပါဒေါ၊ ကုသိုလ် စိတ္တုပ္ပါဒ်သည်။ သရဏာ ဂမဏာံ၊ သရဏာ ဂမဏာမည်၏။

ဤအရာ၌ စိတ္တုပ္ပါဒေါ သရဏာဂမဏာံ၊ ပါဌ်သည်သာ လိုရင်းတည်း။ အဓိပ္ပါယ်ကား–စိတ္တုပ္ပါဒ်သည် သရဏာဂုံမည် သောဟုဆိုပြီ။ စိတ္တုပ္ပါဒေါ၌၊ ဥပ္ပါဒသဒ္ဒါသည်၊ ဥပ္ပဇ္ဇတီတိ ဥပ္ပါဒေါဟု ကတ္တုသာဓနလည်း ရကောင်းသည်ဖြစ်၍ စိတ်သည်သာလျှင်၊ သရဏာဂုံမည်ရာ ရောက်ခဲ့၏။ စေတသိက်သည် သရဏာဂုံမည်ရာ မရောက်ခဲ့သည်။ ထိုသို့ဖြစ်လျှင် စိတ်သည် စေတသိက်နှင့်ကင်း၍ မိမိချည်းသာ ဖြစ်၏ဟူသော အနက် ရောက်သည်။ ထိုသို့ အနက်ရောက်လျှင်၊ စေတသိက်ဖြစ်သည် ကာလစိတ်နှင့် အတူတကွ ဖြစ်သည်-ချုပ်သည် ကာလလည်း စိတ်နှင့်အတူတကွ ချုပ်သည်ဟု ဆိုအပ်သော အဋ္ဌကထာဆရာ စကားနှင့် ဆန့်ကျင်သည် မဟုတ်တုံလော။ မေး။

ဤအရာ၌ဥပ္ပါဒသဒ္ဒါကို ဥပ္ပဇ္ဇတိဧ တေနာတိ ဥပ္ပါဒေါဟု ကရဏာ သာဓန ရအပ်သောကြောင့်။ ဥပ္ပါဒ သဒ္ဒါ စေတသိက် ကို ရအပ်သည်ဖြစ်၍ စိတ်စေတသိက် နှစ်ပါးပင် သရဏာဂုံမည် ၏။ ထို့ကြောင့် အဋ္ဌကထာနှင့် မဆန့်ကျင်။ ဖြေ။ စိတ္တုပ္ပါဒသည် သရဏာဂုံမည်သောဟုဆိုပြီ။ ထိုစိတ္တုပ္ပါဒသည်၊ အကုသိုလ် စိတ္တုပ္ပါဒ်၊ အဗျာကတ စိတ္တုပ္ပါဒ် ဖြစ်ကောင်းအံ့ လောဟု မေးဘွယ်ရှိ၍ တပ္ပရာယနတာကာရပဝတ္တော၊ ပါဌ်ကို

မိန့်တော်မူသည်။ အဓိပ္ပါယ်ကား-ရဏနာ သုံးပါးအား ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်သော အခြင်းအရာဖြင့် ဖြစ်သောကြောင့် အကုသိုလ် အဗျာကတ စိတ္တုပ္ပါဒ်သည် သရဏဂုံမမည်။ ကုသိုလ်စိတ္တုပ္ပါဒ်သာ သရဏဂုံမည်၏။ ဖြေ။

ကုသိုလ် စိတ္တုပ္ပါဒ်သည် သရဏဂုံ မည်သောဟု ဆိုပြီး မိစ္ဆာဒိဋ္ဌိတို့၏ တပည့်သည် ဆရာဖြစ်သော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်ကို ကိုးကွယ်လျှင် ကုသိုလ်ဖြစ်၏ ဟူသည်။ ဖေါက်ပြန်ခြင်းစိတ်၏ ဖေါက်ပြန်ခြင်းအယူ ဖေါက်ပြန်သောအားဖြင့် မိစ္ဆာဒိဋ္ဌိကို ကိုးကွယ် ဆည်းကပ်သော အားဖြင့် ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည်လည်း သရဏဂုံ မည်သင့်သည် မဟုတ်တုံလော။ တနည်းလည်း ဘုရားသခင်၏ တပည့်သားတော် ဖြစ်သော ရဟန္တာပုဂ္ဂိုလ် သန္တာန်၌ ဘုရားအား ရှိသေသော အခြင်းအရာအားဖြင့် ဖြစ်သော ကြိယာ စိတ္တုပ္ပါဒ် ရကောင်းသည် ဖြစ်၍ ကြိယာစိတ္တုပ္ပါဒ်သည်လည်း သရဏဂုံ မည်သင့်သည် မဟုတ်တုံလောဟု မေးဘွယ်ရှိ၍ ဝိဟတဝိဒ္ဓံသိတကိလေသော ပါဌ်ကို မိန့်တော်မူသည်။

အဓိပ္ပါယ်ကား-သညာ၏ ဖေါက်ပြန်ခြင်း စသည်ကို စွဲ၍ ဖြစ်သော အကုသိုလ် စိတ္တုပ္ပါဒ်သည်လည်း သရဏဂုံ မမည်။ အဘယ်ကြောင့်နည်းဟူမူ အကုသိုလ်သည် ပါယ်အပ်သော တရားဖြစ်သော ကြောင့်တည်း။ ရဟန္တာပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သော ကြိယာစိတ္တုပ္ပါဒ် သည်လည်း သရဏဂုံ မမည်။

အဘယ်ကြောင့်နည်းဟူမူ အကျိုးမပေးတတ်သောကြောင့်တည်း။ စင်စစ်သော်ကား ကုသိုလ်စိတ္တုပ္ပါဒ် သည်သာလျှင် ပယ်အပ်သော ကိလေသာကို ပါယ်တတ် ဖျက်ဆီးတတ်သောကြောင့်ငှင်း။ ကောင်းသောအကျိုးကိုပေးတတ်သောကြောင့်ငှင်း။ ထိုကုသိုလ်သာလျှင် သရဏဂုံမည်၏။ ဖြေ။

ကုသိုလ်စိတ္တုပ္ပါဒ်သည် သရဏဂုံ မည်သောဟု ဆိုပြီ။ မဟဂ္ဂုတ် ကုသိုလ်သည်လည်း ကုသိုလ်ပင် မည်သောကြောင့်၊ သရဏဂုံမည်ရာသလောဟု မေးဘွယ်ရှိ၍၊တပ္ပသာဒတဂ္ဂရုကတာဟိပါဌ်ကို မိန့်တော်မူသည်။ အဓိပ္ပါယ်ကား မဟဂ္ဂုတ် ကုသိုလ်သည် ရတနာသုံးပါး၏ ဂုဏ်ကို အာရုံပြုသည်မဟုတ် ပညတ်ပဋိဘာဂ နိမိတ်ကိုအာရုံပြုသည်။ကိလေသာကို ပါယ်နိုင်သော ဝိက္ခမ္ဘန သတ္တိရှိသော်လည်း သရဏဂုံမမည်။ ကာမာဝစရကုသိုလ်သည်ရတနာသုံးပါးတို့၌ယုံကြည်ခြင်း အလေးအမြတ်ပြုခြင်းတို့ဖြင့်၊ ကိလေသာကို တဒင်္ဂအားဖြင့် ပယ်သောကြောင့်ငှင်း။ လောကုတ္တရာ ကုသိုလ်သည် ကိစ္စအားဖြင့် ရတနာသုံးပါး၌ ပြည့်စုံသည်ဖြစ်၍ နိဗ္ဗာန်ကို အာရုံပြုလျက် ကိလေသာကို သမုစ္ဆေဒအားဖြင့် ပယ်သောကြောင့်ငှင်း။ သရဏဂုံမည်၏။ ဖြေ။

ထိုသရဏဂုံသည် လောကီ သရဏဂုံ လောကုတ္တရာသရဏဂုံဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် လောကီသရဏဂုံသည် အဘယ်ကို အာရုံပြုသနည်း။ ဆယ်ပါးသော

ပုညကြိယာ ဝတ္ထုတို့တွင် အဘယ်မည်သော ပုညကြိယာဝတ္ထု နည်း။ မေး။ လောကိယ သရဏ ဂမနဒါနံ ပုထုဇ္ဇနဒါနံ။ သရဏဂမနဉ္စပုက္ကိလေ သဝိက္ခမ္ဘနေန အာရမ္မဏတော၊ဗုဒ္ဓါဒိ-ဂုဏာရမ္မဏံဟုတွာ ဇလဇ္ဇတိ။ ဝတ္ထုတော၊ ဗုဒ္ဓါဒိသုဝတ္ထုသု သဒ္ဓါ ပဋိလာဘော သဒ္ဓါမူလိကာစ သမ္မာဒိဋ္ဌိ ဒသပုည ကြိယာဝတ္ထု သုဒိဋ္ဌိဇုကမ္မန္တိဝုစ္စတိ၊ ဟူသော မူလပဏ္ဏာသ အဋ္ဌကထာပါဠိနှင့်အညီ လောကီသရဏဂုံသည် ပုထုဇဉ်တို့ အား ဆောက်တည်သော သရဏဂုံတည်း။ ထိုသရဏဂုံသည် ကိလေသာတည်းဟူသော အညစ်အကြေးကို ခွါသောအား ဖြင့် အာရုံပြုမှုကား ရတနာသုံးပါးဂုဏ်ကို အာရုံပြု၍ဖြစ်၏။ တရားကိုယ်အားဖြင့်ကား သဒ္ဓါတရားကိုရခြင်း၊ထိုသဒ္ဓါလျှင် အရင်းရှိသော သမ္မာဒိဋ္ဌိတည်း။ဆယ်ပါးသော ပုညကြိယာ ဝတ္ထုတို့တွင် ဒိဋ္ဌိဇုကမ္မဟု ဆိုအပ်၏။

အနက်ကား။ ။လောကိယ သရဏ ဂမနံ၊လောကီသရ-ဏဂုံသည် ပုထုဇ္ဇနဒါနံ၊ ပုထုဇဉ်တို့အား။ သရဏဂမနဉ္စပုက္ကိလေ-သဝိက္ခမ္ဘနေန၊ သရဏဂုံ၏ ညစ်ညူးခြင်း ကိလေသာတည်း ဟူသော အညစ်အကြေးကို ခွါသောအားဖြင့်။ အာရမ္မဏ-တော၊ အာရုံအားဖြင့်။ ဗုဒ္ဓါဒိ ဂုဏာရမ္မဏံ၊ ဘုရားဂုဏ် စသည်လျှင် အာရုံရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဇလဇ္ဇတိ၊ပြည့်စုံ ၏။ ဝတ္ထုတော၊ တရားကိုယ်အားဖြင့်။ ဗုဒ္ဓါဒိသု၊ဘုရားအစ ရှိကုန်သော။ ဝတ္ထုသု၊ ရတနာ သုံးပါးတို့၌။ သဒ္ဓါပဋိလာ-

ဘော၊ သဒ္ဓါကိုရခြင်းသည်ရင်း။ သဒ္ဓါမူလိကာ၊ သဒ္ဓါလျှင် အရင်းရှိသော။ သမ္မာဒိဋ္ဌိစ; သမ္မာဒိဋ္ဌိသည်ရင်း။ ဟောတိ၊ ဖြစ်၏။ ဒဿပုညကိရိယဝတ္ထုသု- ဆယ်ပါးသော ပုညကိရိယဝတ္ထုတို့တွင် ဒိဋ္ဌိဇုကမ္မံ၊ ဒိဋ္ဌိဇုကမ္မတည်း။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ ဖြေ။

အဘယ်သို့ဆောက်တည်သောသရဏဂုံဟူ၍ရရာသနည်း။ မေး။ ရတနာသုံးပါးဂုဏ်ကို ယုံကြည်ခြင်း သဒ္ဓါတရားနှင့် ပြည့်စုံသော်ရင်း။ သဒ္ဓါလျှင် အရင်းရှိသော သမ္မာဒိဋ္ဌိနှင့် ပြည့်စုံသော် လည်းကောင်း၊ သရဏဂုံဟူ၍ ရ၏၊ ဖြေ။ အဘယ်သို့သဒ္ဓါတရားနှင့် ပြည့်စုံစေရာသနည်း၊ မေး။ ဘုရားသခင်သည် ရာဂဒေါသ အစရှိသော ကိလေသာတို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်ဖြတ်တော်မူသောကြောင့် အရဟမည်တော်မူ၏ဟု ဘုရားဂုဏ်၌ ယုံကြည်ခြင်း၊ တရားတော်သည် အစ၏ကောင်းခြင်း၊ အလယ်၏ကောင်းခြင်း၊ အဆုံး၏ကောင်းခြင်းနှင့်ပြည့်စုံသည်ဖြစ်၍ ကောင်းစွာ ဟောတော်မူအပ်သောကြောင့် သွာက္ခာတမည်တော်မူ၏ဟု တရားတော်ဂုဏ်၌ ယုံကြည်ခြင်း၊ အရိယာသံဃာတော်သည် မဆုတ်မနစ်သော အကြင်မဂ်ဖိုလ်အားလျော်သော၊ အကြင် မဂ်ဖိုလ်နှင့် မဆန့်ကျင်သော အကျင့်ကို ကျင့်တော်မူသောကြောင့် သုပ္ပဋိပန္န မည်တော်မူ၏ဟု သံဃာတော်ဂုဏ်၌ ယုံကြည်ခြင်းသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်မည်၏၊ ဖြေ။

အဘယ်သို့ သမ္မာဒိဋ္ဌိနှင့်ပြည့်စုံရာသနည်း၊မေး။ ရတနာသုံးပါးအား ကိုးကွယ်ဆည်းကပ်သည်ရှိသော် ဇာတိဒုက္ခ၊ ဇရာဒုက္ခအစရှိသော ဒုက္ခအပေါင်းမှ လွတ်ခြင်း၏အကြောင်းလည်းဖြစ်၏။ လောကမှထွက်မြောက်ရာ နိဗ္ဗာန်ကိုရခြင်း၏အကြောင်းလည်းဖြစ်၏-ဟု ဖြစ်တတ်ပျက်တတ်သောသဘောရှိသောလောကမှ ထွက်မြောက်ရာ လောကုတ္တရာ မဂ်ဖိုလ်နိဗ္ဗာန်ကိုရှေးရှု၍ သရဏဂုံဆောက်တည်ခြင်းသည် သမ္မာဒိဋ္ဌိနှင့်ပြည့်စုံသည် မည်၏၊ ဖြေ။

သရဏဂုံ ဆောက်တည်ရာ၌ နိဗ္ဗိဒါဉာဏ်နှင့် ယှဉ်၍ဆောက်တည်ရာသောနည်းကား။ ဤခန္ဓာကိုယ်သည် ဥပါဒ်ဌီဘင်၏အစွမ်းဖြင့် ဆက်ကာဆက်ကာ မျက်စိတမှိတ် လျှပ်တပြက်ခန့်မျှ မတည်မူ၍ ဖြစ်ပြီးလျှင် ပျက်စီးခြင်းသဘောရှိ၏။ဖြစ်ခြင်းပျက်ခြင်းဖြင့် မပြတ်နှိပ်စက်အပ်သောသဘောရှိ၏။ ဖြစ်ပြီးသောခန္ဓာငါးပါးကို မပျက်စေခြင်းငှာ တားမြစ်နိုင်သူမရှိသည်ဖြစ်၍ အစိုးမရသောသဘောရှိ၏။ နိဗ္ဗာန်မည်သော သဘောတရားသည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊မရဏဒုက္ခစသော ဘေးဘျမ်းတို့သည် မနှိပ်စက်အပ်သည် ဖြစ်၍မရွေ့သောသဘော ငြိမ်သက်သောသဘောရှိ၏။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရသည်ရှိသော် ခန္ဓာငါးပါးဟုဆိုအပ်သော ဝဋ္ဋဒုက္ခမှထွက်မြောက်ရာဖြစ်သော သုခစင်စစ်ဖြစ်သော နိဗ္ဗာန်ကိုရခြင်း၏ အကြောင်းဖြစ်၏-ဟု ဖြစ်ခြင်း

ပျက်ခြင်းမပြတ်နှိပ်စက်အပ်သောခန္ဓာငါးပါးတည်းဟူသော ဝဋ္ဋဒုက္ခကို အလျှံပြောင်ပြောင် တောက်လောင်သော မီးပုံကြီးကဲ့သို့ထင်၍၊ ထိုခန္ဓာငါးပါး၌ ငြီးငွေ့ကြောင်း နိဗ္ဗိဒါ ဉာဏ်ကိုဖြစ်စေလျက် ထိုနိဗ္ဗိဒါဉာဏ်ကို ရှေ့သွားပြု၍ သရဏဂုံဆောက်တည်ရာသည်။ ထိုသရဏဂုံကုသိုလ်သည်သာလျှင် မဂ်ဖိုလ်၏ ပကတူပနိဿယအကြောင်းဖြစ်သည်။ ဤကို ရည်၍ သံယုတ်အဋ္ဌကထာ၌–

အန္တိမသော သရဏဂမန မတ္တမ္ပိ နိဗ္ဗေဒဘာဂိယံ၊ မဂ္ဂဖလဿ ဥပနိဿယော တိ–ဟု မိန့်ပြီ။

**အနက်ကား**။ ။အန္တိမသော၊ အယုတ်သဖြင့်။ သရဏဂမန မတ္တမ္ပိ။ သရဏဂုံဆောက်တည်ကာမျှ ဖြစ်သော်လည်း။ နိဗ္ဗေဒဘာဂိယံ၊ဝဋ်ဆင်းရဲ၌ ငြီးငွေ့ကြောင်းဖြစ်သော နိဗ္ဗိဒါ ဉာဏ်နှင့်ယှဉ်သည်ဖြစ်၍။ မဂ္ဂဖလဿ၊ မဂ်ဖိုလ်၏။ ဥပနိဿယော၊ အားကြီးသော အကြောင်းသည်။ ဟောတိ၊ ၏။

ဤနိဗ္ဗိဒါဉာဏ်နှင့်ယှဉ်၍ သရဏဂုံဆောက်တည်ရာသော နည်းတည်း–

သရဏဂုံယူ၍ မရရာသည်ကား အဘယ်နည်း၊ မေး။ ဘုရားသခင်ကို ဆွေမျိုးအမှတ်ဖြင့် ရှိခိုးကိုးကွယ်ရာ၌လည်း သရဏဂုံယူ၍ မရ။ ကြောက်၍ ရှိခိုး ကိုးကွယ်ရာ၌လည်း သရဏဂုံယူ၍ မရ။ အတတ်ပညာသင်ပေးသော လောကီ

ဆရာဟုမှတ်၍ ရှိခိုးကိုးကွယ်ရာ၌လည်း သရဏဂုံယူ၍မရ၊ဖြေ။ ဤစကားသည် သီလက္ခန် အဋ္ဌကထာ၌လာ၏။

သရဏဂုံညစ်ညူးခြင်း၏ အကြောင်းကား အဘယ်နည်း၊ မေး။ ။

ဗုဒ္ဓါဒီသု အညာဏ သံသယ မိစ္ဆာဉာဏပဝတ္တိယာ- အနာဒရာဒိပဝတ္တိယာစ၊ တေသံ သရဏံ သံကိလိဋ္ဌံဟောတိ။ အရိယပုဂ္ဂလေပန အဘိန္နသရဏာဇဝ၊ အသံကိဋ္ဌသရဏာစ ဟောန္တိ။ ဟူ၍ ခုဒ္ဒကပါဌ အဋ္ဌကထာ၌ လာသည်နှင့်အညီ ရတနာသုံးပါးဂုဏ်ကို မသိခြင်းတည်းဟူသော အဉာဏ။ ဘုရားဟုတ်သလော။ မဟုတ်သလော အစရှိသည်ဖြင့် ယုံမှား သင်္ကာရှိခြင်းတည်းဟူသော သံသယ။ဘုရားဂုဏ်ကိုပင် ဘုရား ဂုဏ် မဟုတ်ဟုကြံဆ၍ ဖေါက်ပြန်သောအားဖြင့် ယူခြင်း တည်းဟူသော မိစ္ဆာ။ ရတနာသုံးပါးကို မရိုသေခြင်းတည်း ဟူသော အဂါရဝ။ ဤအကြောင်းတို့ကြောင့် ယူပြီးသော လောကီသရဏဂုံသည် ညစ်ညူး၏။

**အနက်ကား။** ။ဗုဒ္ဓါဒီသု၊ ဘုရားဂုဏ်တော်တို့၌။ အဉာဏ သံသယမိစ္ဆ ဉာဏပ္ပဝတ္တိယာစ၊ ရတနာသုံးပါး ဂုဏ်ကို မသိခြင်း။ ဘုရားဟုတ်သလော မဟုတ်သလော စသည်ဖြင့် ယုံမှားသင်္ကာရှိခြင်း။ ဘုရားဂုဏ်ကိုပင် ဘုရား ဂုဏ်မဟုတ်ဟု ဖေါက်ပြန်သောအားဖြင့် ယူခြင်း လည်း ကောင်း။ အနာဒရာဒိပဝတ္တိယာစ၊ ရတနာသုံးပါးတို့အား

မရှိသေခြင်း အစရှိသည်ဖြစ်သောအားဖြင့် လည်းကောင်း။ တေသံ၊ ထိုသရဏဂုံ ဆောက်တည်ကုန်သော သူတို့အား။ သရဏံ၊ သရဏဂုံသည်။ သံကိလိဋ္ဌံ၊ ညစ်ညူးသည်။ ဟောတိ၊ ၏။ အရိယပုဂ္ဂလေပန- အရိယ ပုဂ္ဂလာနံပန၊ အရိယာပုဂ္ဂိုလ်တို့အားကား။ အဘိန္နသရဏာဝေ၊ မပျက်စီးသော သရဏဂုံရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ အသံကိလိဋ္ဌသရဏာစ၊ မညစ်နွမ်းသော သရဏဂုံ ရှိကုန်သည်လည်း။ ဟောန္တိ၊ ကုန်၏။ ဖြေ။

ဤအရာ၌ ဘုရားအားမရှိသေခြင်းဟူသည်ကား သက်တော် ထင်ရှားရှိသော ဘုရားသခင် အနီးအပါး၌ နောက်မှီပြု၍နေခြင်း။ ဘုရားသခင်ကို ကဲ့ရဲ့ခြင်း။ ဘုရားအမိန့်တော်ကို လိုက်နာ၍ မကျင့်ခြင်းသည် ဘုရားအား မရှိသေသည် မည်၏။ ကိုယ်တော်ထင်ရှားမရှိသော် စေတီတော်၏ ဥပစာတွင်း၌ ထီးဆောင်းခြင်း၊ ဘိနပ်စီးခြင်း၊ ကြမ်းတမ်းသော စကားကိုဆိုခြင်း၊ နောက်မှီပြုခြင်းသည် ဘုရားအားမရှိသေသည် မည်၏။

တရားတော်အား မရှိသေခြင်း ဟူသည်ကား တရားတော်ကို မရိုမသေနာခြင်း၊ မရိုမသေသင်ကြားခြင်း၊ တရားတော် လာတိုင်း မကျင့်မူ၍ ပါဏာတိပါတ၊ အဒိန္နာဒါန စသည်ကို လွန်ကြူးခြင်း၊ တရားတော်၏ ဂုဏ်ကျေးဇူးကို ချေခြင်းသည် တရားတော်ကို မရှိသေသည် မည်၏။

သံဃာတော်အား မရိုသေခြင်းဟူသည်ကား သံဃာတော်၏ရှေ့၌ နောက်မှီပြု၍နေခြင်း၊ သံဃာတော်၏နေရာ ဥပစာတွင်း၌ ထီးဆောင်းခြင်း၊ ဘိနပ်စီးခြင်း၊ သံဃာတော်၏ ဂုဏ်ကျေးဇူးကိုချေခြင်းသည် မရိုသေသည်မည်၏။

သရဏဂုံဖြူစင်ခြင်း၏ အကြောင်းကား အဘယ်နည်း၊ မေး။ ညစ်ညူးခြင်းမှပြန်သော အညာဏသံသယ မိစ္ဆာညာဏ အဂါရဝ အစရှိသည်တို့၏ မရှိသဖြင့် ရတနာသုံးပါး ဂုဏ်ကို သိလည်းသိ၏။ ယုံမှားသကာလည်းမရှိ။ အမှန်အကန်လည်း သိ၏။ ရတနာသုံးပါး၌ ရိုသေကြိုးနွံ၏။ ဤအကြောင်း တို့ကြောင့် တည်ပြီးသော သရဏဂုံသည် ဖြူစင်၏၊ ဖြေ။ အဘယ်အကြောင်းဖြင့် သရဏဂုံ မပျက်သနည်း၊ မေး။ သရဏဂုံ ယူပြီးသောသူသည် တိတ္ထိတို့ထံ ရဟန်းပြုသော သူကို ငါ၏ဆွေမျိုးဟုမှတ်၍ ရှိခိုးပူဇော်သော်လည်း သရဏ ဂုံမပျက်။ အဘယ်ကြောင့်နည်းဟူမူ ထိုသူတို့ကိုဆွေမျိုးအဖြစ် ဖြင့်သာ ရှိခိုးသည်။ မြတ်သောအလှူခံဟုမှတ်၍ ရှိမခိုးသော ကြောင့်တည်း။ ထို့အတူ မင်းကိုကြောက်၍ ရှိခိုးသော် လည်းကောင်း၊ အတတ်ပညာသင်ပေးသောသူတို့ကို လောကီ ဆရာဟုမှတ်၍ ရှိခိုးသော်လည်းကောင်း၊ ယူပြီးသော သရဏ ဂုံသည် မပျက်။ ဖြေ။

ဤစကားသည် ခုဒ္ဒကပါဌ အဋ္ဌကထာ၊ သီလက္ခန် အဋ္ဌ ကထာတို့၌လာ၏။

သရဏဂုံပျက်ခြင်း၏ အကြောင်းကား အဘယ်မျှ ပြားသနည်း၊ မေး။ လောကိယဿစ သရဏဂမနဿ ဒုဝိဓော ဘေဒေါ၊ သာဝဇ္ဇောစ အနဝဇ္ဇောစ။ တတ္ထ သာဝဇ္ဇော အညသတ္ထာရာဒီသု အတ္တ သန္နိယာတနာဒီဟိ ဟောတိ။ အနိဋ္ဌပလော အနဝဇ္ဇော ကာလံကိရိယာယ။ သော အဝိပါကတ္တာ, အဖလော-ဟူ၍ သာရတ္ထသင်္ဂဟ အဋ္ဌကထာ၌ လာသည်နှင့်အညီ သရဏဂုံပျက်ခြင်း၏ အကြောင်းကား နှစ်ပါးတည်း။ နှစ်ပါးဟူသော်ကား အပြစ်နှင့်တကွ ဖြစ်သော သာဝဇ္ဇဘေဒလည်းတပါး။ အပြစ်မရှိသောအားဖြင့် ပျက်သော အနဝဇ္ဇဘေဒလည်းတပါး၊ ဤသို့နှစ်ပါးတည်း။

ထိုနှစ်ပါးတို့တွင် ရတနာသုံးပါးသည် အပါယ်အစရှိသော ဘေးကိုဖျက်ဆီးတတ်၏။ လောကမှ ထွက်မြောက်ရာဖြစ်သော နိဗ္ဗာန်သို့လည်း ပို့ဆောင်တတ်၏-ဟု ယုံကြည်ခြင်းနှင့်တကွ ကိုးကွယ်ဆည်းကပ်လျှင် သရဏဂုံတည်၏။ ထိုနောင်ယုံကြည်ခြင်းသဘောကိုစွန့်၍ ရတနာသုံးပါးသည် အပါယ်အစရှိသောဘေးကိုလည်း မဖျက်ဆီးတတ်၊ လောကမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့လည်း မပို့ဆောင်တတ်ဟု ရတနာသုံးပါးကို ပါယ်စွန့်၍ ရတနာသုံးပါးမှ တပါးသော မိစ္ဆာဒိဋ္ဌိဆရာ အစရှိသည်တို့၌ ကိုယ်ကိုအပ်နှင်း၍ ကိုးကွယ်ဆည်းကပ်၏။ မိမိကိုယ်ကို အတွင်းတပည့်အရာ၌ ထား၍ ကိုးကွယ်ဆည်းကပ်၏။ မိစ္ဆာဒိဋ္ဌိဆရာသည်သာလျှင် အဂ္ဂ-

ဒက္ခိဏေယျဟု နှလုံးသွင်း၍ အကျွန်ုပ်၏ မိုခိုကိုးကွယ်ရာ ဖြစ်တော်သည်ဟု ယုံယုံကြည်ကြည် ဆည်းကပ်၏။ ရတနာသုံးပါးသည် ကောင်းကျိုးကို မရွက်ဆောင်တတ်သောကြောင့် ရှိခိုးခြင်း၊ လက်အုပ်ချီခြင်းမထိုက်၊ မိစ္ဆာဒိဋ္ဌိကို ဤဆရာသည်သာလျှင် ကောင်းကျိုးကို ရွက်ဆောင်တတ်သောကြောင့် ရှိခိုးခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းကိုထိုက်၏-ဟု ယုံကြည်၍ မိစ္ဆာဒိဋ္ဌိဆရာကို ဒက္ခိဏေယျအဖြစ်ဖြင့် အမြတ်တနိုး ကိုးကွယ်၏။ ဤသို့လေးပါးသောအကြောင်းတို့ဖြင့် မိစ္ဆာဒိဋ္ဌိကို ကိုးကွယ်ခြင်းသည် သာဝဇ္ဇ-ဘေဒအပြစ်ရှိသော ပျက်ခြင်းမည်၏။ အဘယ်ကြောင့်နည်းဟူမူကား ရတနာသုံးပါးကို မြတ်သောအလှူခံဟု မမှတ်။ တပါးသော မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တို့ကို မြတ်သော အလှူခံပုဂ္ဂိုလ်ဟုမှတ်၍ အယူဖောက်ပြန်သောအားဖြင့် တဏှာဒိဋ္ဌိနှင့်တကွပျက်သောကြောင့် အပြစ်ရှိသော ပျက်ခြင်းမည်၏။ ထိုပျက်ခြင်းသည်ကား ငရဲအစရှိသောအပါယ်သို့ပစ်ချစေတတ်၊ ဆင်းရဲစေတတ်၊ ပူပန်စေတတ်သောကြောင့် မကောင်းသောပျက်ခြင်းတည်း။

ခန္ဓာပြောင်းသဖြင့် စုတေ၍ ပျက်ခြင်းသည်ကား အပြစ်မရှိသောအားဖြင့် ပျက်သော အနဝဇ္ဇဘေဒတည်း။ အဘယ်ကြောင့်နည်း ဟူမူကား ထိုပျက်ခြင်းသည် စုတိအားဖြင့်သာလျှင် ပျက်လေသည်။ စုတိစိတ်သည် ကုသိုလ်လည်းမဟုတ်၊

အကုသိုလ်လည်းမဟုတ်၊ ဝိပါက်ဖြစ်၍ အဗျာကတ တရား ဖြစ်သောကြောင့် အကျိုးကို မပေးတတ်။ ထို့ကြောင့်အပြစ် မရှိ။

**အနက်ကား**။ လောကီယဿ၊ လောကီဖြစ်သော သရဏဂမနဿ၊ သရဏဂုံ၏။ ဘေဒေါ၊ ပျက်ခြင်းသည်။ သာဝဇ္ဇောစ၊ အပြစ်ရှိသော ပျက်ခြင်းလည်းကောင်း။ အနဝဇ္ဇောစ၊ အပြစ်မရှိသော ပျက်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ ဒုဝိဓော၊ နှစ်ပါး အပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ သာဝဇ္ဇော၊ အပြစ်ရှိသော ပျက်ခြင်းသည်။ အညသတ္ထာရာဒီသု၊ ရတနာသုံးပါးမှ တပါးသော မိစ္ဆာဒိဋ္ဌိဆရာ အစရှိသည်တို့၌။ အတ္တာ သန္နိယျာတနာဒီဟိ၊ ကိုယ်ကိုဆောင်နှင်းခြင်း အစရှိသည်တို့ဖြင့်။ ဟောတိ၊ ၏။ သော၊ ထိုအပြစ်ရှိသော ပျက်ခြင်းသည်။ အနိဋ္ဌဖလော၊ အလိုမရှိအပ်သော အကျိုးကိုပေးတတ်၏။ အနဝဇ္ဇော၊ အပြစ်မရှိသော ပျက်ခြင်း သည်။ ကာလံကိရိယာယ၊ စုတေသဖြင့်။ ဟောတိ၊ ၏။ သော၊ ထိုအပြစ်မရှိသော ပျက်ခြင်းသည်။ အဝိပါကတ္တာ၊ အကျိုးမပေးတတ်သည်၏ အဖြစ်ကြောင့်။ အဖလော၊ အကျိုး မရှိသည်။ ဟောတိ၊ ၏။

ဤအဘူ ခုဒ္ဒကပါဌအဋ္ဌကထာ၊ သီလက္ခန် အဋ္ဌကထာ စသော ကျမ်းတို့၌လည်း သရဏဂုံ ပျက်ခြင်း၏အကြောင်း နှစ်ပါးကို များစွာဆို၏။ သရဏဂုံပျက်ခြင်း၏ အကြောင်း

သည် သာဝစ္စဘေဒ အနုဝစ္စဘေဒအားဖြင့် နှစ်ပါးရှိကြောင်း ကိုသိရပြီ။ သရဏဂုံ အရသည် ကာမာဝစရကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်၍ ကာမာဝစရ ကုသိုလ်သည်လည်း ပရမတ္ထသဘောအား ဖြင့် မျက်စိတမှိတ်မျှ မတည်။ ဥပါဒ်ဌီဘင်၏ အစွမ်းဖြင့်ချုပ် ပျောက်လေသည်။ ချုပ်ပျောက်ပြီးနောက် အကုသိုလ်နှင့် စပ်သောအမှုကို ပြုစဉ် ဆိုစဉ် ကြံစဉ် အကုသိုလ် ဇောဝါရတို့ သည် အကြိမ်ကြိမ် ဖြစ်လေသည်။ ဒါန သီလစသော ကုသိုလ် ကို ပြုသည့် ကာလလည်း သရဏဂုံကုသိုလ်မှ တပါးသော ကုသိုလ် စိတ္တုပ္ပါဒ် ဖြစ်လေသည်။ အိပ်ပျော်စဉ် ဘဝင်ဝိပါက် စိတ်သည် အကြိမ်များစွာ ဖြစ်လေသည်။ အခြားသော ကုသိုလ်အကုသိုလ် ဝိပါက်ကြိယာ စိတ္တုပ္ပါဒ်တို့သည်ဖြစ်သည် အခိုက် သရဏဂုံ ကုသိုလ်ကို မရအပ်သည်ဖြစ်၍၊ သရဏဂုံ ကုသိုလ်သည် မိမိသန္တာန်၌မတည့်သောအခါကိုစွဲ၍အပျက်ပင် ဆိုသင့်သည် မဟုတ်တုံလောဟု မေးရန်ရှိ၍ "ပုထုဇ္ဇနာ တုယာဝ၊သရဏဘေဒံ နပါပုဏန္တိ၊တာဝ ဒေဝ အဘိန္န သရ- ဏာဝ" ဟူသော ပါဌ်ကို အဋ္ဌကထာဆရာ မိန့်တော်မူသည်။ အနက်ကား။ ပုထုဇ္ဇနာတု၊ ပုထုဇဉ်တို့သည်ကား။ ယာဝ၊ အကြင်မျှလောက်။ သရဏဘေဒံ၊ သရဏဂုံ ပျက်ခြင်း နှစ်ပါးသို့။ နပါပုဏန္တိ၊ မရောက်ကုန်။ တာဝဒေဝ၊ ထိုမျှ သောက်လျှင်။ အဘိန္န သရဏာဝ။ သရဏဂုံ မပျက် သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ အဓိပ္ပါယ်ကား-ပုထုဇဉ်

တို့သည်ကား သရဏကို ပျက်ရာသော အကြောင်းနှစ်ပါးသို့ မရောက်သရွေ့ မပျက်ပြီ၊ ပျက်ရာသောအကြောင်းနှစ်ပါးသို့ ရောက်မှသာလျှင် ပျက်လေသည်။ အဋ္ဌကထာ ဆရာ၏ အာဘော်ကို နှလုံးထား၍ ဋီကာဆရာသည်–

လောကိယံ သရဏ ဂမနံ သိက္ခာပဒ သမာဒါနံ ဝိယ အဂဟိတကာလ ပရိစ္ဆေဒံ ဇီဝိတ ပရိယန္တမေဝ ဟောတိ၊ တသ္မာ တဿခန္ဓဘေဒေန ဘေဒေါတိအာဟ၊ အနဝဇ္ဇော ကာလံ ကိရိယာယာတိ ဟု မိန့်တော်မူသည်။ အနက်ကား။ လောကိယံ၊ လောကီဖြစ်သော။ သရဏ ဂမနံ၊ သရဏဂုံသည် သိက္ခာပဒ သမာဒါနံဝိယ၊ သိက္ခာပုဒ်ကို ဆောက်တည်ခြင်း ကဲ့သို့။ အဂဟိတ ကာလ ပရိစ္ဆေဒံ၊ ယူအပ်သော ကာလအပိုင်း အခြားမရှိ။ ဇီဝိတ ပရိစ္ဆေဒမေဝ၊ အသက်ထက်ဆုံး တည်သည် သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုလောကီ သရဏဂုံ၏။ ခန္ဓဘေဒေန၊ ခန္ဓာပျက်သဖြင့်။ ဘေဒေါ၊ ပျက်သည်။ ဟောတိ၊ ၏။ ဣတိ ဣဒံ သန္ဓိဋ္ဌာနံ၊ ဤသို့သော အဆုံးအဖြတ်ကို။ မနသိကတွာ၊ နှလုံးသွင်း၍။ အနဝဇ္ဇော ကာလံ ကိရိယာ ယာတိ၊ ယာယဟူ၍။ အဋ္ဌကထာ စရိယော၊ သည်။ အာဟ၊ မိန့်တော်မူပြီ။

အဓိပ္ပါယ်ကား – ဥပုသ် သီလကို ဆောက် တည် သော ကာလ၊ နေ့ နာရီ သုံးဆယ်။ ညဥ့်နာရီသုံးဆယ်။ နှစ်ခု နာရီ

ခြောက်ဆယ်။ အတွင်းကာလ အပိုင်းအခြားကိုပြု၍၊ ဉပုသ် သီလကို ခံယူသကဲ့သို့ သရဏဂုံ ဆောက်တည်သည့် ကာလ။ ကာလအပိုင်းအခြားကိုပြု၍ဆောက်တည်သည်မဟုတ်၊အသက် ထက်ဆုံး တည်လေသည်။ ခန္ဓာပျက်သော် လည်းကောင်း၊ ရတနာသုံးပါးမှတပါး မိစ္ဆာဒိဋ္ဌိတို့ကို ဒကွိဏေယျ အမှတ်ဖြင့် ကိုးကွယ်၍ အယူဖောက်ပြန်သော် လည်းကောင်း သရဏဂုံ ပျက်၏။ နှလုံးပိုက်၍ အဋ္ဌကထာဆရာသည် အနဝဇ္ဇောကာလံ ကိရိယာသယဟု ဆိုတော်မူသည်ဟု ဋီကာဆရာ မိန့်တော် မူသည်။

ဤအရာ၌ အချို့သော ဆရာတို့သည် ငါးပါးသီလတွင် တပါးပျက်လျှင် သီလသာ ပျက်သည်မဟုတ် သရဏဂုံလည်း ပျက်သည်။ အဘယ်ကြောင့်နည်းဟူမူ၊ တိသရဏေန သဟ ပဉ္စသီလံ ဟူ၍ တောင်းပန်သည့်ကာလ သရဏဂုံသုံးပါးနှင့် တကွ ငါးပါးသော သီလကို တပြိုင်နက် ရကောင်းလေသော ကြောင့် သီလပျက်လျှင် သရဏဂုံလည်း ပျက်သည်ဟု ယူကုန်၏။ ထိုဆရာတို့စကားကို ဆင်ခြင်အပ်၏။ အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ မြတ်စွာဘုရား သာသနာတော်၌ သုတ္တ၊ သုတ္တာနုလောမ၊ အာစရိယဝါဒ၊ အတ္တနောမတိ ဟူ၍ မဟာပဒေသ လေးပါး ရှိသည်။ ထိုလေးပါး တို့တွင် ကိုယ်တော်တိုင် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တမည်၏။

ဘုရားသခင်သည် နည်းပေးတော် မူအပ်သည် ဖြစ်၍ မဓုပိဏ္ဍိကသုတ်၊ ကထာဝတ္ထုကျမ်း အစရှိသည်တို့ကဲ့သို့ အရှင်သာရိပုတြာ၊ အရှင်မဟာကစ္စည်းထေရ်၊ မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်တို့သည် ဟောတော်မူအပ်သော ဒေသနာတော်သည် သုတ္တာနုလောမမည်၏။

ဘုရားသခင် ဟောတော်မူအပ်သော ပါဠိတော်သည် နက်နဲခြင်း လေးပါးနှင့် ပြည့်စုံသည်ဖြစ်၍ အလွန်ခက်ခဲနက်နဲ သိမ်မွေ့သော သဘောအဓိပ္ပါယ်ကို သိလွယ်စိမ့်သောငှာ ဘုရားသခင် အလိုတော်ကို သိတော်မူကုန်သော ရဟန္တာ အရှင်မြတ်တို့၏ စကားတော်သည် အာစရိယဝါဒ မည်၏။ အဋ္ဌကထာဆရာစကားသည် ခက်ခဲပြန်သောကြောင့် ခဲရာခဲဆစ်ကို သိလွယ်စိမ့်သောငှါ ထားတော်မူအပ်သော ဋီကာဆရာစကားသည် အတ္တနောမတိမည်၏။ သုတ္တာနုလောမ၌လာသောစကားသည် သုတ္တနှင့် မညီသည် ဖြစ်အံ့၊ သုတ္တာနုလောမကို ပယ်သင့်သည်။

အဋ္ဌကထာ၌လာသောစကားသည် သုတ္တ၊သုတ္တာနုလောမနှင့် မညီသည် ဖြစ်အံ့၊ အဋ္ဌကထာဆရာကို ပယ်သင့်သည်။ ဋီကာ၌လာသော စကားသည် သုတ္တ၊ သုတ္တာ နုလောမ၊ အာစရိယဝါဒ သုံးရပ်နှင့် မညီသည်ဖြစ်အံ့၊ ဋီကာဆရာစကားကို ပယ်သင့်သည်။ မဟာပဒေသလေးပါး ညီညွတ်သော်သာလျှင် ပမာဏပြုသည်။ ဋီကာဆရာစကားသည် ခက်ခဲနက်နဲ

ပြန်သောကြောင့် ကျမ်းဆရာတို့သည် အနုဋီကာ စီရင်တော်မူကုန်သည်။ ဋီကာ အနုဋီကာ၌လာသောစကားသည် ခက်ခဲပြန်သောကြောင့် အဆစ်အဖု ခဲရာခဲဆစ်ကို သိစေခြင်းငှါဂဏ္ဌိကို စီရင်တော်မူကုန်သည်။

အနုဋီကာ ဂဏ္ဌိ၌ စကားပင် ခက်ခဲပြန်သောကြောင့် မဓုကျမ်းကို စီရင်တော် မူကုန်သည်။ ဋီကာ အနုဋီကာ မဓု ဤလေးရပ်ပင် ခက်ခဲပြန်သောကြောင့် ယောဇနာကို စီရင်တော်မူကုန်သည်။ ဘုရားဟောတော်မူအပ်သော ပါဠိတော်သည် အတ္ထဂမ္ဘီရ၊ ဓမ္မဂမ္ဘီရ၊ ဒေသနာဂမ္ဘီရ၊ ပဋိဝေဓဂမ္ဘီရနှင့် ပြည့်စုံသောကြောင့် တပါးတပါးသော ပါဠိတော်၌ သိသာခြားနားထင်ရှားစေခြင်းငှါ လှစ်ဖွင့်၍ ပြသော နည်းကား အဋ္ဌကထာတရပ်၊ ဋီကာတရပ်၊ အနုဋီကာတရပ်၊ ဂဏ္ဌိတရပ်၊ မဓုတရပ်၊ ယောဇနာတရပ်။ ဤသို့ငါးရပ်ရှိသည်။ ထိုငါးရပ်သော စကားသည် ညီညွတ်သော်သာလျှင် ပမာဏ ပြုသင့်သည်။

ဤအရာ၌ သရဏဂုံသီလကို ခံယူ ဆောက်တည်ရာဝယ် တိသရဏေန သဟ ပဉ္စသီလံ ဟူသောစကားသည် မဟာပဒေသ လေးပါး၌မလာ။ မဟာပဒေသ လေးပါးမှ အနုဋီကာ ဂဏ္ဌိ၊ မဓု၊ ယောဇနာ၊ လက်သန်းကိုးဆောင်၊ ဂန္ထန္တရကျမ်းတို့၌လည်းမလာ။ ထိုသို့ပင် မလာသော်လည်း မဟာပဒေသ လေးပါးနှင့် ညီညွတ်လျှင် သဘောယုတ္တိရှိသည်ဖြစ်၍ ယူသင့်

၏။ သီလပျက်လျှင် သရဏဂုံ ပျက်၏ဟူသော စကားသည် မဟာပဒေသ လေးပါးနှင့် ဆန့်ကျင်သည်ဖြစ်၍ ဆင်ခြင်အပ်၏။

အဘယ်ကြောင့်နည်းဟူမူ သရဏဂုံပျက်ခြင်းသည်သာဝဇ္ဇဘေဒ၊ အနဝဇ္ဇဘေဒ နှစ်ပါးသာရှိသည်ဟု ကျမ်းဂန်တို့၌ လာသည်။ သီလပျက်လျှင် သရဏဂုံပျက်သည်ဟူ၍ ကျမ်းဂန်တို့၌ မလာ။ ထိုသို့မလာသည်ဖြစ်လျက် သီလပျက်လျှင် သရဏဂုံ ပျက်သည်ဟု ယူသောဆရာတို့စကားသည် သာရတ္ထ သင်္ဂဟ အဋ္ဌကထာ၊ ခုဒ္ဒကပါဌအဋ္ဌကထာ၊သုတ်သီလက္ခန်အဋ္ဌကထာ၊ ဂဏ္ဍိကာ၊ သာရတ္ထ ဒီပနီ ဋီကာစသော ကျမ်းဂန်တို့နှင့် ဆန့်ကျင်သောကြောင့် ဆင်ခြင်အပ်၏။

ထိုဆရာတို့ယူတိုင်း သီလပျက်လျှင် သရဏဂုံပျက်သည်ဖြစ်အံ့၊ ပုထုဇဉ်တို့သည် သရဏဂုံ ပျက်ခြင်း သာဝဇ္ဇဘေဒ နှစ်ပါးသို့ မရောက်သမျှပတ်လုံး သရဏဂုံ မပျက်သည်သာ တည်းဟု သုတ်သီလက္ခန် အဋ္ဌကထာ၌ လာသောစကားသည် အချည်းအနှီးဖြစ်ရာ၏။အဋ္ဌကထာဆရာစကားပျက်လျှင်လည်း သီလ ဆောက်တည်သော သူတို့သည် နေ့ရက် ပိုင်းခြား၍ ဆောက်တည်သကဲ့သို့ နေ့၊ရက်၊လ၊နှစ်ကို ပိုင်းခြား၍ ဆောက်တည်သည်မဟုတ်၊ ခန္ဓာဆုံးသည့် တိုင်အောင် တည်၏ဟူသော အဆုံးအဖြတ်ကို နှလုံးထား၍ အနဝဇ္ဇောကာလံ ကိရိယာယ ဟူသော စကားကို အဋ္ဌကထာဆရာ ဆိုတော်မူသည်ဟု

မိန့်အပ်သော ဋီကာဆရာ စကားသည်လည်း အချည်းအနှီး ဖြစ်ရာ၏။

ယုတ္တိအာဂုံကို ထောက်လျှင်လည်း သရဏဂုံ ပျက်ခြင်း အင်္ဂါကား သာဝဇ္ဇဘေဒ၊ အနဝဇ္ဇဘေဒ နှစ်ပါးသာ ရှိသည်။ ငါးပါးသီလတွင်လည်း ပထမသိက္ခာပုဒ် သီလ၏ ပျက်ခြင်း အင်္ဂါကား သတ္တဝါလည်းတပါး၊ သတ္တဝါဟုအမှတ် ရှိသည်လည်းတပါး၊ သေစေလိုသော စိတ်ရှိသည်လည်း တပါး၊ လုံ့လပြုသည်လည်းတပါး၊ ထိုလုံ့လဖြင့် သေသည် လည်းတပါး၊ ဤသို့ငါးပါးတည်း။

ဒုတိယ သိက္ခာပုဒ် သီလ၏ ပျက်ခြင်းအင်္ဂါကားသူတပါး သိမ်းဆည်းအပ်သော ဥစ္စာလည်းတပါး၊ သူတပါး သိမ်း ဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိသည်လည်းတပါး၊ ခိုးလို သောစိတ်ရှိသည်လည်းတပါး၊ လုံ့လပြုသည်လည်း တပါး၊ ဤသို့ငါးပါးတည်း။ တတိယ သိက္ခာပုဒ် သီလ၏ပျက်ခြင်း အင်္ဂါကား မသွားလာအပ်သောနှစ်ကျိပ်သော မိန်းမလည်း တပါး၊ မှီဝဲလိုသော စိတ်ရှိသည်လည်းတပါး၊ မှီဝဲခြင်းငှါ လုံ့လပြုသည်သည်းတပါ၊ ဤသို့လေးပါးတည်း။

စတုတ္ထသိက္ခာပုဒ်သီလ၏ ပျက်ခြင်းအင်္ဂါကား၊ မဟုတ် မမှန်သော ဝတ္ထုလည်းတပါး၊ ချွဲယွင်းစေလိုသော စိတ်ရှိ သည်လည်းတပါး၊ လုံ့လပြုသည်လည်းတပါး၊ ထိုအနက်ကို သူတပါးသိသည်လည်းတပါး ဤသို့လေးပါးတည်း။

ပဉ္စမသိက္ခာပုဒ်သီလ၏ ပျက်ခြင်းအင်္ဂါကား ယစ်မျိုးလည်းတပါး၊ သောက်လိုသော စိတ်ရှိသည်လည်း တပါး၊ လုံ့လပြုသည်လည်းတပါး၊ထိုယစ်မျိုးကို သောက်သည်လည်းတပါး၊ ဤသို့လေးပါးတည်း။ ထိုငါးပါးသီလတွင် တပါးတပါးသော သီလ၏ ပျက်ခြင်းအင်္ဂါလည်း တခြားစီ၊ သရဏဂုံပျက်ခြင်း အင်္ဂါလည်း တခြားဖြစ်လျက် သီလပျက်လျှင် သရဏဂုံပျက်၏-ဟုယူခြင်းသည် နဘာစ ဒူရေ ပထဝီစ ဒူရေ ကျမ်းဂန်လာသည်နှင့်အညီ ကောင်းကင်နှင့်မြေသည် အလွန်ဝေးသကဲ့သို့ သရဏဂုံပျက်ခြင်း၏ အင်္ဂါနှင့် သီလပျက်ခြင်း၏ အင်္ဂါသည် အလွန်ပင်ဝေး၏။ ဤသို့ ယုတ္တိအာဂုံအားဖြင့်လည်း အလွန်ဆန့်ကျင်၏။ ဤမျှသာ ဆန့်ကျင်သည်မဟုတ်သေး၊ သရဏဂုံကုသိုလ်သည် ပုညကြိယာဝတ္ထုဆယ်ပါးတွင် ဒိဋ္ဌိဇုကမ္မ ဖြစ်ကြောင်းကို သီလက္ခန်အဋ္ဌကထာ၌ မိန့်တော်မူသည်။သီလသည်ကား အသီးအခြားဖြစ်သည်။ ထိုသို့ အခြားစဉ်လျက် သီလပျက်လျှင် သရဏဂုံပျက်သည်ဟု ယူခြင်းသည် အဋ္ဌကထာဆရာစကားကို ပယ်ရာရောက်ခဲ့သည်။ ဤမျှသာ ဆန့်ကျင်သည်မဟုတ်သေး။ သရဏဂုံသုံးပါးတွင် ဗုဒ္ဓသရဏဂုံ ဆောက်တည်လိုလျှင် ဘုရားဂုဏ်တော်ကို အာရုံပြု၍ ဆောက်တည်မှ ဗုဒ္ဓသရဏဂုံရသည်။ ဓမ္မသရဏဂုံ ဆောက်တည်လိုလျှင် တရားတော်၏ ဂုဏ်တော်ကို အာရုံပြု၍ ဆောက်တည်မှ ဓမ္မသရဏဂုံရသည်။ သံဃသရဏဂုံ ဆောက်တည်

လိုလျှင် သံဃာတော်၏ဂုဏ်ကို အာရုံပြု၍ ဆောက်တည်မှု သံဃာသရဏဂုံရသည်။ ဤသို့ သရဏဂုံသုံးပါးတွင် တပါး တပါးကိုဆောက်တည်ရာ၌လည်း အာရုံတခြား အာရမ္မဏိက တခြားစီဖြစ်သောကြောင့်လည်း တဖုဿ၊ ပလ္လိက ကုန်သည် ညီနောင်တို့သည် ဒွေဝါစိက သရဏဂုံသာ တည်ကုန်သည်။ ထိုအခါ သံဃာထင်ရှားမရှိသေးသောကြောင့် သံဃာသရဏဂုံ မတည်၊ ငါးပါးသီလတွင်လည်း ပဌမ သိက္ခာပုဒ် သီလကို ဆောက်တည်သည့်ကာလ သတ္တဝါ၏ ဇီဝိတိန္ဒြေကို အာရုံပြု ၍ ကြဉ်သော်သာလျှင် ဆောက်တည်ရာရောက်သည်။ ဒုတိယ သိက္ခာပုဒ်ကို ဆောက်တည်သည့်ကာလ သူတပါးဥစ္စာကို အာရုံပြု၍ ကြဉ်သော်သာလျှင်ဆောက်တည်ရာရောက်သည်။ တတိယသိက္ခာပုဒ်ကို ဆောက်တည်သည့်ကာလ၊ မသွားလာ အပ်သော နှစ်ကျိပ်သော မိန်းမကို အာရုံပြု၍ ကြဉ်သော် သာလျှင် ဆောက်တည်ရာရောက်သည်။

စတုတ္ထသိက္ခာပုဒ်ကို ဆောက်တည်သည့်ကာလ၊ မဟုတ် မမှန်သော ဝတ္ထုကိုအာရုံပြု၍ ကြဉ်သော်သာလျှင် ဆောက် တည်ရာရောက်သည်။

ပဥ္စမသိက္ခာပုဒ်ကို ဆောက်တည်သည့်ကာလ ယစ်မျိုးကို အာရုံပြု၍ ကြဉ်သော်သာလျှင်ဆောက်တည်ရာရောက်သည်။ ဤသို့သိက္ခာပုဒ်ကို ခံယူဆောက်တည်သည့်ကာလ သရဏဂုံ ကုသိုလ်၏ အာရုံလည်းအခြားစီ၊ ငါးပါးသီလ၏ အာရုံလည်း

အခြားစီဖြစ်လျက် အဘယ်သို့သောအကြောင်းဖြင့် တပေါင်းတည်း တည်နိုင်အံ့နည်း။ ပျက်သည့်ကာလလည်း သရဏဂုံပျက်ခြင်း၏အင်္ဂါနှစ်ပါး၊ ငါးပါးသီလ၏ပျက်ခြင်းအင်္ဂါကား တခြားစီဖြစ်လျက် အဘယ်သို့သော အကြောင်းဖြင့် သီလပျက်လျှင် သရဏဂုံပျက်နိုင်အံ့နည်း။ သီလပင် ပျက်သော်လည်း သရဏဂုံမပျက်သည်သာတည်းဟုသန္နိဋ္ဌာန်ကျကျ မှတ်ရာသည်။ သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလကို တောင်းပန်ပါ၏ဟူသော စကား၌ သဟာသဒ္ဒါ ပါလေပြီဖြစ်သောကြောင့် ခံယူဆောက်တည်ရင်းကပင် တကွနက် ရကောင်းသည်ဖြစ်၍ သီလပျက်လျှင် သရဏဂုံပျက်သည်ကို ဆိုရာ၌ သဟာသဒ္ဒါနှင့် ယှဉ်သည်ကိုစွဲ၍ ဆောက်တည်သည့် ကာလ တပြိုင်နက် ရကောင်းသည်မဟုတ် ဥပမာဆိုသည် ရှိသော် အရှင်ဗုဒ္ဓဃောသဆရာ စီရင်တော်မူသော မဟာနမက္ကာရတွင် သပုတ္တဒါရမင်္ဂီ ဇီဝိတမ္ပိဟူ၍ ဘုရားအလောင်းတော်သည် သားမယားနှင့်တကွ အင်္ဂါကြီးငယ် အသက်ကို စွန့်လှူတော်မူ၏-ဟူ၍ လာသည်။ ယခင်စကားတွင် ဘုရားအလောင်းတော်သည် ယုန်သုခမိန်ဖြစ်သည့်ကာလ အသက်ကို စွန့်လှူတော်မူသည်။ သိဝိရာဇ်မင်းဖြစ်သည့်ကာလ ကိုယ်အင်္ဂါ အစိတ်ကို စွန့်လှူတော်မူသည်။ ဝေဿန္တရာမင်းကြီး ဖြစ်သည့် ကာလ သားမယားကို စွန့်လှူတော်မူသည်။ ဤသို့စွန့်လှူတော်မူသည်ဖြစ်အံ့။

အဘယ်သော အကြောင်းဖြင့် ဥပါသက မည်သနည်းဟု မဟာနာမ်လျှောက်သည့်ကာလ ယတော ခေါ မဟာနာမ ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ အစရှိသည်ဖြင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သောသူသည် ဥပါသက မည်၏ဟု မဟာနာမ်အား ဟောတော်မူအပ်သော ဒေသနာတော်သည် ဥပါသက ရတနသုတ်နှင့် ဆန့်ကျင်သည် ဖြစ်ရာ၏။ ဒေသနာတော်နှစ်ပါးသည်လည်း ဆန့်ကျင်သည် မဖြစ်ရာ၊ ဂင်္ဂါရေနှင့် ယမုနာရေသည် ညီညွတ်ဘိသကဲ့သို့ ညီညွတ်သည် ဖြစ်ရာ၏။ ထိုကြောင့် ထိုဆရာတို့၏ အယူကို ကျမ်းဂန်နှင့် နှိုင်းယှဉ်ဆင်ခြင်အပ်၏။ ဤကားသရဏဂုံ၏ သဘော လက္ခဏာကို အကျဉ်းအားဖြင့် ဆိုသောစကားတည်း။

သရဏံ အဇာနန္တာနံ၊ သဇ္ဇနာနဉ္စ သာသနေ။ ကတေနာနေန ဇာနန္တုံ၊ ခေမမာယန္တု သာဓဝေါ။ ။သာသနေ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့ကို ဆုံးမရာ ဆုံးမကြောင်း ဖြစ်သော သာသနာ၌။ သရဏံ၊ သရဏဂုံ၏ တည်ခြင်းလက္ခဏာ၊ သရဏဂုံ၏ ပျက်ခြင်းလက္ခဏာကို။ အဇာနန္တာနံ၊ မသိကုန်သော။ သဇ္ဇနာနဉ္စ၊ သူတော်ကောင်းတို့အားလည်း။ ဇာနန္တုံ၊ သိစေခြင်းငှါ။ ကတေန၊ ရေးသားစီရင်အပ်သော။ အနေန-ပုညေန၊ ဤကောင်းမှုကြောင့်။ သာဓဝေါ၊ သူတော်ကောင်းတို့သည်။ ခေမံ၊ ဇာတိဇရာ ဗျာဓိမရဏ အစရှိသော ဘေး

အပေါင်း၏ ကုန်ငြိမ်းရာဖြစ်သော နိဗ္ဗာန်သို့။ အာယူ၊ ရောက်စေကုန်သတည်း။

သီလဟူသည်အဘယ်နည်း၊ အဘယ်အနက်ကြောင့် သီလမည်သနည်း။ သီလနတ္ထေန သီလံ-ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိနှင့်အညီ ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို သုသီလျ၏ အစွမ်းဖြင့် ဖရိုဖရဲမရှိစေမူ၍ ကောင်းစွာထားတတ်သော အနက်ကြောင့်ရင်း၊ ကုသိုလ်တရားတို့၏ တည်ရာ ဟူသောအနက်ကြောင့်ရင်း သီလမည်၏။

သီလသည် ကောင်းစွာထားခြင်း လက္ခဏာလည်းတပါး တည်းသာဖြစ်သည်ဟု အဋ္ဌကထာဆရာ မိန့်ဆို၏။ ထိုသီလသည် စေတနာသီလ စသောအားဖြင့် များသောအပြား ရှိသည်ဖြစ်လျက် အဘယ်သို့လျှင် တပါးတည်း ဖြစ်တုံအံ့ နည်း။ တခုတည်းသော ရူပါရုံ၏ အညို အရွှေ အစရှိသော အပြားအပြားအားဖြင့် များသောအပြား ရှိသော်လည်း မြင်အပ်သည်၏ အဖြစ်တည်းဟူသော သဘောကို မလွန် နိုင်ခြင်းကြောင့် သ နိဒဿန လက္ခဏာ တပါးတည်းသာ ရကောင်းသကဲ့သို့ ထို့အတူ သီလ၏ စေတနာသီလ အစ ရှိသောအားဖြင့် များသောအပြားရှိသော်လည်း ကောင်းစွာ ထားခြင်းသဘော၊ တည်ရာ၏ အဖြစ်ဟူသော သဘောကို မလွန်နိုင်ခြင်းကြောင့် ကောင်းစွာထားခြင်း လက္ခဏာတည်း ဟူသော လက္ခဏာတပါးတည်းသာ ရကောင်း၏။

ထိုသီလ၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်ကား အဘယ်နည်း။ သီလသည် ကာယကံ၊ ဝစီကံ၊ မနောကံတို့ကို ဖရိုဖရဲမရှိစေမူ၍ ကောင်းစွာထားခြင်း လက္ခဏာရှိ၏။ သီလမရှိသည်၏အဖြစ်ကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ တနည်းလည်း အပြစ်မရှိခြင်းလျှင် ပြည့်စုံခြင်းအကျိုးရှိ၏။ စင်ကြယ်သည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာရှိ၏။ ဟိရိ သြတ္တပ္ပတရား လျှင် နီးစွာသောအကြောင်းရှိ၏။ ထိုလေးပါးတို့၏ အထူး ကား ထိုထိုတရားတို့၏ သဘောသည်လည်းကောင်း၊ တပါး သည် တပါးနှင့် ဆက်ဆံသည်၏အဖြစ်သည် လည်းကောင်း လက္ခဏာမည်၏။ ထိုထိုတရားတို့၏ ကိစ္စသည်လည်းကောင်း၊ ပြည့်စုံခြင်းသည်လည်းကောင်း ရသမည်၏။ ထိုထိုတရားတို့၏ အကျိုးသည်လည်းကောင်း၊ ထင်သော အခြင်းအရာသည် လည်းကောင်း ပစ္စုပဋ္ဌာန်မည်၏။ ထိုထိုတရားတို့၏ နီးစွာ သော အကြောင်းသည် ပဒဋ္ဌာန်မည်၏။ ဤကား အထူး တည်း။

သိက္ခာပုဒ်သီလကို ခံယူရာ၌ ပါဏာတိပါတာ ဝေရမဏီ ဟူ၍ နိဂ္ဂဟိတ်ကင်း၍သော်လည်းကောင်း၊ ပါဏာတိပါတာ ဝေရမဏိံ-ဟု နိဂ္ဂဟိတန္တနှင့်သော် လည်းကောင်း အဆုံး၌ သိက္ခာပဒံပုဒ်ကိုထား၍ လည်းကောင်း၊ ပါဏာတိပါတာ ဝေရမဏိ၊ သိက္ခာပဒံ-ဟူ၍ သိက္ခာပဒံဟူသော ပုဒ်နှင့် စပ်၍

လည်းကောင်း ခံယူဆောက်တည်ကြသည်။ အနည်းနည်း ဆောက်တည်ရာ၌ အဘယ်သို့ ထူးသနည်း။

ပါဏာတိပါတာ ဝေရမဏီ-ဟူ၍ နိဂ္ဂဟိတ်ကင်း၍ဆောက်တည်ရာ၌ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းလည်းကောင်း။ အဒိန္နာဒါနာ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းလည်းကောင်း။ ကာမေသုမိစ္ဆာစာရာ၊ ကာမဂုဏ်တို့၌ မှားသောအားဖြင့် ကျင့်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းလည်းကောင်း။ မုသာ-ဝါဒါ၊ မဟုတ်မမှန်သောစကားကို ဆိုခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်း လည်းကောင်း။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့လျော့ခြင်းအကြောင်းဖြစ်သော အရက်ကို သောက်ခြင်းမှ။ ဝေရမဏီ၊ ကြဉ်ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ သမာဒိယာမိ၊ဆောက်တည်ပါ၏။ ဤသို့ ဣတိသဒ္ဒါနှင့်ယှဉ်၍ သရုပ်၊ သရူပဝန္တ ရကောင်းသောကြောင့် ဝေရမဏီဟူ၍ နိဂ္ဂဟိတ်ကင်း၍ ခံယူ ဆောက်တည်သော်လည်းသင့်၏။

ပါဏာတိပါတာ ဝေရမဏိံ ဟူ၍ နိဂ္ဂဟိတန္တနှင့်ဆောက်တည်ရာ၌ ပါဏာတိပါတာ၊ သူ၏အသက်ကို လျင်စွာ ချခြင်းမှ။ ဝေရမဏိံ၊ ကြဉ်ခြင်းဟု ဆိုအပ်သော။ သိက္ခာပဒံ၊

သိက္ခာပုဒ်သည်လည်းကောင်း။ ဤသို့အဆုံး၌ သိက္ခာပဒံ ပုဒ်စပ်၍ သိက္ခာပဒံ၏ ဝိသေသန အနက်ယူသော် သင့်၏။

ပါဏာတိပါတာ ဝေရမဏီ၊ သိက္ခာပဒံ-ဟူ၍ ဆောက်တည်ရာ၌ ပါဏာတိပါတာ၊ သူ၏အသက်ကို လျင်စွာချခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ ကြဉ်ကြောင်းဖြစ်သော သိက္ခာပုဒ်လည်းကောင်း။ ဤသို့ ဝေရမဏီသဒ္ဒါ၊ သိက္ခာပဒသဒ္ဒါ နှစ်ပါးသည် ရှေ့ပုဒ် နောက်ပုဒ် အနက်အရတူသောကြောင့် တပုဒ်တည်းပြု၍ ခံယူ ဆောက်တည်သော်လည်း သင့်၏။ ခုဒ္ဒကပါဌ ပါဠိတော်၌ကား ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ စသည်ဖြင့် သိက္ခာပဒပုဒ်ကို ဝေရမဏီနှင့်ယှဉ်၍ အသီးအသီး ဟောတော်မူသည်။

သိက္ခာပဒံ၌လည်း သိက္ခာမည်ခြင်း၏ အကြောင်းကား အဘယ်နည်း။ ပဒမည်ခြင်း၏ အကြောင်းကား အဘယ်နည်း။ ဝိရတိပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်သည် ကြဉ်တတ်သောကြောင့် သိက္ခာမည်၏။ ထိုကုသိုလ် စိတ္တုပ္ပါဒ်သည်ပင် အကျင့်မည်၏။ အကြောင်းဖြစ်သောကြောင့် ပဒမည်၏။ ထိုအကြောင်း သိက္ခာပဒသဒ္ဒါကို "သိက္ခိတဗ္ဗာတိသိက္ခာ" ဟူ၍လည်းကောင်း၊ "ပဇ္ဇတိဧတေနာတိပဒံ" ဟူ၍လည်းကောင်း၊ "သိက္ခာဝေပဒံ၊ သိက္ခာပဒံ" ဟူ၍လည်းကောင်း၊ သိက္ခာယပဒံ၊ သိက္ခာပဒံ-ဟူ၍ အနက်အားဖြင့် ရသင့်၏။ သိက္ခိတဗ္ဗာ၊ ကျင့်အပ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သိက္ခာ၊ သိက္ခာ

မည်၏။ အရကား စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ် ရ၏။ စေတေနာ၊ ဤကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်။ ပဇ္ဇတိ၊ ကျင့် တတ်၏။ ဣတိတသ္မာ၊ ထိုသို့ ကျင့်ကြောင်းဖြစ်သော သတ္တိ ကြောင့်။ပဒံ၊ ပဒမည်၏။

သိက္ခာဝေ၊ ကျင့်အပ်သော ကုသိုလ်စိတ္တုပ္ပါဒ်သည်ပင်။ ပဒံ၊ ကျင့်ခြင်း၏ အကြောင်းတည်း။ သိက္ခာပဒံ၊ ကျင့်အပ် သောကုသိုလ်စိတ္တုပ္ပါဒ်သည်ပင်လျှင်ကျင့်ခြင်း၏အကြောင်း။ သိက္ခာယ၊ ကျင့်အပ်သော ကုသိုလ် စေတနာ၏။ ပဒံ၊ အကြောင်းတည်း။ သိက္ခာပဒံ၊ ကျင့်အပ်သော ကုသိုလ် စေတနာ၏အကြောင်း။ ဤအရာ၌ သဟဇာတဝသေနဝါ၊ ဥပနိဿယ ဝသေနဝါ- ဟူ၍ အဋ္ဌကထာ၌ ဆိုသောကြောင့် သဟဇာတ၏ အစွမ်းဖြင့် အဘယ်သို့ ကျေးဇူးပြုသနည်း။ သိက္ခာဝေပဒံ၊ သိက္ခာပဒံ-ဟူသော ဝစနတ္ထအခိုက်၊ ရှေ့ပုဒ်၊ နောက်ပုဒ် နှစ်ပါး၏ အရတူသောကြောင့် သိက္ခာ၏အရကို ဝေဒနက္ခန္ဓာယူခိုက် ပဒံ၏အရကို သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာယူသင့်၏။ သိက္ခာ၏အရကို သညက္ခန္ဓာယူခိုက် ပဒံ၏အရကို၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ ယူသင့်၏။ သိက္ခာ၏အရကို သင်္ခါရက္ခန္ဓာ ယူခိုက်၊ ပဒံ၏ အရကို ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ ယူသင့် ၏။ သိက္ခာ၏အရကို ဝိညာဏက္ခန္ဓာယူခိုက်၊ ပဒံ၏အရကို ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ယူသင့်၏။ ဤသို့

လျှင် ဧကံခန္ဓံပဋိစ္စ တယောခန္ဓာ-ဟူသော ပဋ္ဌာန်း ပါဠိတော်နှင့်အညီ၊ တပါးတပါးသော ကုသိုလ်နာမက္ခန္ဓာကို စွဲ၍ သုံးပါးသုံးပါးသော ကုသိုလ်နာမက္ခန္ဓာဖြစ်ထိုက်သော လေးပါးသော ဝါရကိုလည်းကောင်း။ သိက္ခာ၏အရကို ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာယူခိုက်၊ ပဒံ၏အရကို ဝိညာဏက္ခန္ဓာယူသင့်၏။ သိက္ခာ၏အရကို သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ယူခိုက်၊ ပဒံ၏အရကို ဝေဒနက္ခန္ဓာ ယူသင့်၏။ သိက္ခာ၏အရကို သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာယူခိုက် ပဒံ၏အရကို သညက္ခန္ဓာယူသင့်၏။ သိက္ခာ၏အရကို ဝိညာဏက္ခန္ဓာ၊ ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာယူခိုက် ပဒံ၏အရကိုသင်္ခါရက္ခန္ဓာ ယူသင့်၏။ ဤသို့လျှင် တယောခန္ဓေပဋိစ္စ ဧကောခန္ဓာ-ဟူသော ပဋ္ဌာန်း ပါဠိတော်နှင့်အညီ သုံးပါးသုံးပါးသော ကုသိုလ်နာမက္ခန္ဓာကိုစွဲ၍ တပါးတပါးသောကုသိုလ်နာမက္ခန္ဓာ ဖြစ်ထိုက်သော လေးပါးသော ဝါရငှင်း။ သိက္ခာ၏အရကို ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာယူခိုက် ပဒံ၏အရကို သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ယူသင့်၏။ သိက္ခာ၏အရကို ဝေဒနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာယူခိုက် ပဒံ၏အရကို သညက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာယူသင့်၏။ သိက္ခာ၏အရကို ဝေဒနက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာယူခိုက် ပဒံ၏အရကို သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာယူသင့်၏။ သိက္ခာ၏အရကို သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာယူခိုက် ပဒံ၏အရကို ဝေဒနက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ

ယူသင့်၏။ သိက္ခာ၏အရကို သညက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ယူခိုက် ပဒံ၏အရကို ဝေဒနက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ယူသင့်၏။ သိက္ခာ၏အရကို သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ယူခိုက် ပဒံ၏အရကို ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ ယူသင့်၏။ ဤသို့လျှင် ဒွေခန္ဓေပဋိစ္စ ဒွေခန္ဓာ-ဟူသော ပဋ္ဌာန်းပါဠိတော်နှင့်အညီ နှစ်ပါးနှစ်ပါးသော ကုသိုလ်နာမက္ခန္ဓာကို စွဲ၍ နှစ်ပါးနှစ်ပါးသော ကုသိုလ်နာမက္ခန္ဓာ ဖြစ်ထိုက်သော ခြောက်ပါးသော ဝါရကိုလည်းကောင်း ရသင့်၏။ ဤကား သဟဇာတသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပြသောနည်းတည်း။ ဥပနိဿယ၏အစွမ်းဖြင့်အဘယ်သို့ကျေးဇူးပြုသနည်း။ သိက္ခာယပဒံ၊ သိက္ခာပဒံ-ဟူသော ဝစနတ္ထအခိုက်၊ ပဒံ၏အရကို ရှေးရှေးကာလ၌ဖြစ်သော သီလကုသိုလ် စိတ္တုပ္ပါဒ် ယူသင့်၏။ သိက္ခာ၏အရကို ပြုဆဲဖြစ်သော ကုသိုလ်စေတနာ ယူသင့်၏။ ယူသင့်ခြင်း၏အကြောင်းကိုလည်း သီလံ ဥပနိဿာယဒါနံ ဒေတိ၊ သီလံ သမာဒိယတိ-ဟူသော ပဋ္ဌာန်းပဉှာဝါရ၌ ဟောတော်မူသောကြောင့် သိအပ်၏။ ဤကား ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည်ကို ပြသောနည်းတည်း။ တနည်းလည်း သီလေ ပတိဋ္ဌာယ နရော-ဟူ၍ သံယုတ်အဋ္ဌကထာ၌ ဟောတော်မူသောကြောင့် လည်းကောင်း၊ အပိစ သီလေ ပတိဋ္ဌိတေန ဥပရိပတ္တဗ္ဗတ္တာ-ဟူ၍ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ လာသောကြောင့်လည်းကောင်း သိက္ခာဟူသော

ပါဠိဖြင့် အလုံးစုံသော လောကီကုသိုလ်၊ လောကုတ္တရာကုသိုလ် ကိုရသင့်၏။ ပဒံဟူသောပါဠိဖြင့် သီလစေတနာပြဋ္ဌာန်းသော ကာမာဝစရကုသိုလ် စိတ္တုပ္ပါဒ်ရသင့်၏။ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကိုအားထုတ်လိုသော သူတို့ သည် သီလဝိသုဒ္ဓိကို အမှီပြုမှသာလျှင် လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးကို သိမ်းဆည်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော သမာဓိကို ရနိုင်ရာသည်။ သမာဓိကိုအခြေပြု၍ သာလျှင် တေဘူမကတရား၏ အနိစ္စအစရှိသော သဘောကို မှန်ကန်စွာ သိစွမ်းနိုင်သော ယထာဘူတဉာဏ်ကို ရရာသည်။

ယထာဘူတဉာဏ်ကို အခြေပြု၍သာလျှင် မဂ်ဉာဏ်၊ဖိုလ် ဉာဏ်ကိုရရာသည်။ထို့ကြောင့် သီလစေတနာပြဋ္ဌာန်းသော ကာမာဝစရကုသိုလ် စိတ္တုပ္ပါဒ်သည် အထက်၌ ရလတ္တံ့သော မဟဂ္ဂုတ်ကုသိုလ်၊ လောကုတ္တရာကုသိုလ်တို့၏ မှီရာ တည်ရာ ဖြစ်သောကြောင့် သိက္ခာပဒံဟူသော အမည်ကိုရ၏။

ထိုသိက္ခာပုဒ်သီလသည် စာရိတ္တသီလ၊ ဝါရိတ္တသီလ-ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် စာရိတ္တသီလဟူသည် အဘယ်နည်း၊ဝါရိတ္တသီလဟူသည် အဘယ်နည်း၊ယံဘဂဝတာ ဉာဒိကတ္တာဗ္ဗန္တိ ပညတ္တံ၊ သိက္ခာပဒ ပူရဏံ၊ တံစာရိတ္တံ-ဟူသော အဋ္ဌကထာ ပါဠိနှင့်အညီ ဤအမှုကို ပြုအပ်၏ဟု ဘုရား သခင်သည် အကြင်သိက္ခာပုဒ်ကို ဖြည့်ခြင်းကို ပညတ်တော် မူအပ်၏။ ထိုသိက္ခာပုဒ်ကို ဖြည့်ခြင်းသည် စာရိတ္တသီလ

မည်၏။ အနက်ကား။ ဣဒံ၊ ဤအမှုကို။ ကတ္တဗ္ဗံ၊ ပြုအပ်
၏။ ဣတိ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။
ယံ သိက္ခာပဒပူရဏံ၊ အကြင်သိက္ခာပုဒ်ကို ဖြည့်ခြင်းကို
ပညတ္တံ၊ ပညတ်တော်မူအပ်၏။ တံ၊ ထိုသိက္ခာပုဒ်ကို ဖြည့်
ခြင်းသည်။ စာရိတ္တံ၊ စာရိတ္တသီလ မည်၏။

ယံဣဒံနကတ္တဗ္ဗန္တိ ပဋိက္ခိတ္တဿ အကရဏံ၊ တံ ဝါရိတ္တံ
ဟူသော အဋ္ဌကထာပါဠိနှင့်အညီ ဤအမှုကို မပြုအပ်ဟု
ဘုရားသခင်သည် ပယ်တော်မူအပ်သော အမှုကို မပြုခြင်း
သည် ဝါရိတ္တသီလမည်။ အနက်ကား။ ဣဒံ၊ ဤအမှုကို။
နကတ္တဗ္ဗံ၊ မပြုအပ်။ ဣတိ၊ ဤသို့။ ပဋိက္ခိတ္တဿ၊ ပယ်တော်
မူအပ်သော အမှုကို။ ယံအကရဏံ၊ အကြင်မပြုခြင်းသည်။
အတ္ထိ၊ ရှိ၏။ တံ၊ ထိုပယ်တော်မူအပ်သော အမှုကို မပြုခြင်း
သည်။ ဝါရိတ္တံ၊ ဝါရိတ္တ သီလမည်၏။

ထိုနှစ်ပါးတို့တွင် စာရိတ္တသီလသည် သဒ္ဓါ ဝီရိယဖြင့်
ပြီး၏။ ငါးပါးသောသီလသည် စာရိတ္တလော။ ဝါရိတ္တ
လော။ ငါးပါးသောသီလသည် ဝါရိတ္တဖြစ်သည်။ အဘယ်
ကြောင့်နည်းဟူမူ သူ့အသက်ကို သတ်ခြင်းစသည်မှ ကြဉ်
သဖြင့် ပယ်တော်မူအပ်သော အမှုကို မပြုမှု၍၊ ကြဉ်
ရှောင်လေသောကြောင့်တည်း။

ငါးပါးသီလတွင် တပါးပျက်လျှင် အလုံးစုံပင် ပျက်
မည်လော၊ ထိုသို့မဟုတ် လွန်ကြူးသော သိက္ခာပုဒ်သာ

ပျက်မည်လော။ ယံယံ ဝိတိက္ကမတိ၊ တံတံ ယော ဘိဇ္ဇတိ၊ နအညံ ဟူသော အဋ္ဌကထာပါဠိနှင့်အညီ အကြင်ကြင် သိက္ခာပုဒ်ကို လွန်ကြူး၏။ ထိုသို့လွန်ကြူးသော သိက္ခာပုဒ် သည်သာလျှင် ပျက်၏၊ တပါးသော မလွန်ကြူးသော သိက္ခာ ပုဒ်သည် မပျက်။ အနက်ကား၊ ယံယံ၊ အကြင်ကြင် သိက္ခာ ပုဒ်ကို။ ဝိတိက္ကမတိ၊ လွန်ကြူး၏။ တံတံယော၊ ထိုထိုလွန် ကြူးသော သိက္ခာပုဒ်သည်သာလျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ အညံ၊ တပါးသော မလွန်ကြူးသော သိက္ခာပုဒ်သည်။ နဘိဇ္ဇတိ၊ မပျက်။ သာမဏေတို့အား၊ ဆယ်ပါးသော သီလ တွင် တပါးပျက်လျှင် ကျန်သိက္ခာပုဒ် သီလသည် ပျက် သကဲ့သို့ လူတို့အားလည်း ငါးပါးသော သီလတွင် တပါး ပျက်လျှင် ကျန်သိက္ခာပုဒ်သီလသည်လည်း ပျက်သင့်သည် မဟုတ်တုံလောဟု ဆိုငြားအံ့ သာမဏေတို့မှာ ဆယ်ပါး သီလကို ခံယူဆောက်တည်ရက်ပင် ဆယ်ပါးအနက် တပါး ဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ အစိတ်ထုတ်၍ ဆောက်တည်သည်မဟုတ်။ စင်စစ်သော်ကား သိက္ခာမာန သာမဏေရ သာမဏေရိနံ ဒသသိက္ခာပဒါနိ ဟူ၍ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ လာသောကြောင့် ဆယ်ပါး သော သီလကို ခံယူဆောက်တည်သော်သာလျှင် သာမဏေ တို့ ဂုဏ်နှင့်ပြည့်စုံနိုင်သည်။ ဆယ်ပါး၊ တပါးပါးပျက်လျှင် သာမဏေရ ဘူမိ အရာမှ ရွေ့လျော လေသောကြောင့်

ကြွင်းသော သိက္ခာပုဒ်ကို မလွန်ကြူးသော်လည်း တပါး ပျက်လျှင် အလုံးစုံပျက်၏။ လူတို့မှာမူကား ဥပါသကော ပါသိကာနံ ယထာသမာဒါနဝသေန ဧကံဂါ ဒွေဂါ တီဏိဂါ စတ္တာရိဂါ ပဉ္စဂါ အဋ္ဌဂါ ဒသဂါ သိက္ခာပဒါနိ ဟောန္တိ ဟူ၍ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လာ သောကြောင့် ငါးပါးသောသီလ၊ ရှစ်ပါးသောသီလ၊ ဆယ်ပါးသောသီလတွင် တပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ၊ လေးပါးဖြစ်စေ အစိတ်ထုတ်၍ ဆောက် တည်အပ်သောကြောင့် လွန်ကြူးအပ်သော သိက္ခာပုဒ်သာ ပျက်၏။ ကြွင်းသော သိက္ခာပုဒ်သည် မပျက်။ အဘယ် ကြောင့်နည်းဟူမူ တပါးတပါးသော သိက္ခာပုဒ်သီလပျက် သော်လည်း ကြွင်းသော သိက္ခာပုဒ်ကို ခံယူဆောက်တည် အပ်သောကြောင့်တည်း။ အနက်ကား။ ဥပါသကော- ပါသိကာနံ၊ ဒါယကာယောကျ်ား ဒါယကာမိန်းမတို့အား။ ယထာသမာဒါနဝသေန၊ ဆောက်တည်တိုင်းသော သိက္ခာ ပုဒ် သီလ၏အစွမ်းဖြင့်။ ဧကံဂါသိက္ခာပဒံ၊ တပါးသော သိက္ခာပုဒ်သည်လည်းကောင်း။ ဒွေဂါသိက္ခာပဒါနိ၊ နှစ်ပါး သော သိက္ခာပုဒ်တို့သည်လည်းကောင်း။ တီဏိဂါသိက္ခာ ပဒါနိ၊ သုံးပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ စတ္တာရိဂါသိက္ခာပဒါနိ၊ လေးပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ပဉ္စဂါ သိက္ခာပဒါနိ၊ ငါးပါးသောသိက္ခာ

ပုဒ်တို့သည်လည်းကောင်း။ အဌငါသိက္ခာပဒါနိ၊ ရှစ်ပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ဒသ၀ါ သိက္ခာပဒါနိ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည် လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ သိက္ခာမာန သာမဏေရ သာမဏေရိနံ၊ သိက္ခမာန်၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမတို့အား။ ဒသသိက္ခာပဒါနိ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သိက္ခာပုဒ်သည် သီလမည်သော သိက္ခာပုဒ်လည်းရှိသည်။ အဓိသီလမည်သော သိက္ခာပုဒ်လည်းရှိသည်။ ထိုနှစ်ပါးတို့တွင် အဘယ် သိက္ခာပုဒ်သည် သီလမည်သနည်း။ အဘယ်သိက္ခာပုဒ်သည် အဓိသီလမည်သနည်း။ ဝဋ်ကိုမှီ၍ပြုအပ်သော သိက္ခာပုဒ်သည် သီလသာ မည်၏။ ဝိဝဋ္ဋ နိဿိတတ္တာ သေသသီလတော အဓိကံသီလန္တိ အဓိသီလန္တိ ဝုစ္စတိ–ဟု မိန့်အပ်သော ပဠိသမ္ဘိဒါမဂ် အဌကထာပါဠိနှင့်အညီ ဝဋ်ကင်းရာနိဗ္ဗာန်ကို ရှေးရှု၍ ပြုအပ်သော သီလသည် ဝဋ္ဋနိဿိတသီလထက် လွန်သောကြောင့် အဓိသီလမည်၏။

အနက်ကား။ ။ဝိဝဋ္ဋနိဿိတတ္တာ၊ ဝဋ်ကင်းရာနိဗ္ဗာန်ကို မှီသည်၏အဖြစ်ကြောင့်။ သေသသီလတော၊ ကြွင်းသော ဝဋ်ကိုမှီ၍ ပြုအပ်သော သီလထက်။ အဓိကံ၊ လွန်သော။ သီလံ၊ သီလတည်း။ ဣတိတသ္မာ၊ ထို့ကြောင့်။ အဓိသီလန္တိ၊ အဓိသီလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

လူတို့ကျင့်အပ်သော ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့တွင် ငါးပါးသီလ၊ ဆယ်ပါးသီလ ကိုလည်း ဥပေါသထသီလ ခေါ်ဝေါ် အပ်လေသလော့။ ထိုသို့မဟုတ် ရှစ်ပါးသီလကိုသာ ဥပေါသထသီလ ခေါ်ဝေါ် အပ်မည်လော။

ဥပေါသထံ ဝုစ္စတိ၊ အဋ္ဌင်္ဂသမာနာဂတံ သဗ္ဗဒိဝသေသု ရက္ခိတဗ္ဗသီလံ–ဟူ၍ သုတ်မဟာဝါ ဋီကာ၌လာသောကြောင့် အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလကိုသာ ဥပေါသထသီလဟု ဆိုအပ်၏။ ငါးပါးသီလ၊ ဆယ်ပါးသောသီလကို ဥပေါသထသီလဟု မဆိုအပ်။

**အနက်ကား**။ ။အဋ္ဌင်္ဂ သမနာဂတံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ သဗ္ဗဒိဝသေသု၊ ခပ်သိမ်းသောနေ့တို့၌။ ရက္ခိတဗ္ဗသီလံ၊ စောင့်အပ်သော သီလကို။ ဥပေါသထံ၊ ဥပုသ်သီလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဥပေါသထသဒ္ဒါသည် နေ့ကိုဟောသည်။ သီလကိုလည်း ဟောသည်။ ပညတ်ဖြစ်သော ဆင်ကိုလည်းဟောသည်။ ထိုသုံးပါးတို့တွင် နေ့သည် အဘယ်ကြောင့် ဥပေါသထမည်သနည်း။ ဥပဝသန္တိ ဧတ္ထာတိ ဥပေါသထော-ဟူသော ဝစနတ္ထနှင့်အညီ ကျင့်သုံးရာဖြစ်သောကြောင့် နေ့သည် ဥပေါသထမည်၏။

အနက်ကား။ ။တွေ၊ ဤနေ့၌။ သဇ္ဇနာ၊ သူတော်ကောင်းတို့သည်။ ဥပဝသန္တိ၊ ကျင့်သုံးကုန်၏။ ဣတိတသ္မာ၊ ထိုသို့ကျင့်သုံးရာဖြစ်သော သတ္တိကြောင့်။ ဥပေါသထော၊ ဥပေါသထမည်၏။ သီလသည် အဘယ်ကြောင့် ဥပေါသထမည်သနည်း။ ဥပဝသန္တိစေတေနာတိ ဥပေါသထော-ဟူသောဝစနတ္ထနှင့်အညီ ကျင့်သုံးကြောင်း ဖြစ်သောကြောင့် ဥပေါသထ မည်၏။

အနက်ကား။ ။စေတေန၊ ဤသီလဖြင့်။ ဥပဝသန္တိ၊ ကျင့်သုံးကုန်၏။ ဣတိတသ္မာ၊ ထိုသို့ ကျင့်သုံးကြောင်း ဖြစ်သော သတ္တိကြောင့်။ ဥပေါသထော၊ ဥပေါသထမည်၏။ ပညတ်ဖြစ်သောဆင်သည် ဖြူစင်သောကြောင့် ဥပေါသထမည်၏။

ဥပုသ်သီလကို ခံယူပြီးလျှင် ထိုနေ့၌ တပါးသော ကမ္မဋ္ဌာန်းကို နှစ်လုံးမသွင်းမူ၍ မိမိသီလကိုသာ သိမ်းဆည်း၍ နေအပ်သည်ဟု အယူရှိကြသည်။

ထိုသူတို့သည် စတုက္ကသီလတို့တွင် ပဌမ စတုက္ကဖြစ်သော ဟာနဘာဂိယသီလ၊ ဌိတိဘာဂိယသီလ၊ ဝိသေသ ဘာဂိယသီလ- နိဗ္ဗေဓဘာဂိယသီလကို မတွေ့မမြင်ဘူးသောကြောင့်သာ အယူရှိကုန်သည်။ တွေ့မြင်ဘူးသော်လည်း သဘောမကျနသောကြောင့်သာ အယူရှိကုန်သည်။ ထိုလေးပါးတို့တွင် အကြင်သူသည် သီလမရှိသော ပုဂ္ဂိုလ်ကိုမှီဝဲ၏။ သီလ

ရှိသော ပုဂ္ဂိုလ်ကိုမမှီဝဲ၊ ဝတ္ထုကိုလှန်ကြူးခြင်းဖြင့် အပြစ်ကို မမြင်၊ မိစ္ဆာဝိတက်များ၏ ဏှာခြင်းတို့ကို မစောင့်ရှောက်၊ ထိုသူတို့၏သီလသည် ယုတ်သောအဘို့ရှိသောကြောင့် ဟာနဘာဂိယသီလ မည်၏။ အကြင်သူသည် သီလ၏ပြည့်စုံခြင်းဖြင့် နှစ်သက်၏။ ကမ္မဋ္ဌာန်းကိုအားမထုတ်၊ ထိုသူ၏သီလသည် သီလမျှဖြင့် တည်သောကြောင့် ဌိတိဘာဂိယသီလမည်၏။ အကြင်သူသည် သီလခံယူပြီးလျှင် သမာဓိအလို့ငှာ ကမ္မဋ္ဌာန်းကိုအားထုတ်၏။ ထိုသူ၏ သီလသည် ထူးသောသမာဓိအဘို့ရှိသောကြောင့် ဝိသေသ ဘာဂိယသီလမည်၏။

အကြင်သူသည် သီလဆောက်တည်ခါမျှဖြင့် မရောင့်ရဲမူ၍ ဝဋ္ဋဆင်းရဲ၌ ငြီးငွေ့ခြင်းကို အားထုတ်၏။ ထိုသူ၏သီလသည် နိဗ္ဗိဒါဉာဏ်လျှင် အဘို့ရှိသောကြောင့် နိဗ္ဗေဓဘာဂိယသီလ မည်၏။ဤသို့ အဋ္ဌကထာ၌ ပဌမစတုက္ကကို မိန့်သောကြောင့် သီလကိုခံယူ ဆောက်တည်ပြီးလျှင် သီလဖြင့် မရောင့်ရဲမူ၍ ဝိသေသဘာဂိယ ဖြစ်စေခြင်းငှာ လေးဆယ်သောကမ္မဋ္ဌာန်းတို့တွင် တပါးတပါးသော ကမ္မဋ္ဌာန်းကိုသိမ်းဆည်းရာသည်။ သီလခံယူဆောက်တည်ပြီးလျှင် သီလမျှမရောင့်ရဲမူ၍ နိဗ္ဗေဓဘာဂိယဖြစ်စေခြင်းငှာ မိမိခန္ဓာငါးပါးကို လက္ခဏာရေးသုံးပါးသို့တင်၍ ဆင်ခြင်သိမ်းဆည်းရာသည်။ ငါးပါးသီလကို ပဉ္စသီလဆိုသည်။ ဆယ်ပါးသီလကို ဒသင်္ဂသီလဆိုသည်။ ရှစ်ပါးသီလကို အဋ္ဌင်္ဂသီလ မဆိုမူ၍ ဥပေါသထသီလဟု

အဘယ်ကြောင့်ဆိုသနည်း။ ငါးပါးသီလ၊ ဆယ်ပါးသီလ သည်လည်း ကျင့်သုံးကြောင်း အဖြစ်ဖြင့် အထူးထူးဖြစ်သော ကြောင့် ဥပေါသထဟူသော အမည်ကို ရသင့်သည်မဟုတ် တုံလော၊ မြေ၌သွားတတ်သောကြောင့် နွားကို ဂေါ-ဟု ဆိုရာ၌ နွားသာလျှင် မြေ၌သွားတတ်သည်၊ ဆင် မြင်းစသော သတ္တဝါတို့သည်လည်း မြေ၌သွားတတ်သောကြောင့် ဆင် မြင်းစသော သတ္တဝါတို့ကိုလည်း (သတ္တဝါဟုဆိုသင့်လျက်) ဂေါ-ဟု ဆိုသင့်လျက် မဆိုမူ၍ နွားကိုသာလျှင် ဂေါဟု ဆိုခြင်းသည် ထိုဆင်မြင်း စသည်တို့သည် မြေ၌ သွားတတ် သော်လည်း ဂေါဟူသော အမည်သည် မထင်ရှား၊နွား သည်သာလျှင် မြေ၌သွားတတ်သည်။ ဂေါဟူသော အမည် သည်လည်း ထင်ရှားသောကြောင့် နွားကိုသာ ဂေါဟူ၍ ဆိုအပ်သကဲ့သို့ ထို့အတူ ငါးပါးသီလ၊ ဆယ်ပါးသီလ သည် ကျင့်သုံးကြောင်း ဖြစ်လေသော်လည်း ဥပေါသထ ဟူသော အမည်သည် မထင်ရှားသောကြောင့် ဥပေါသထ ဟူ၍မဆိုသင့်။ ရှစ်ပါးသီလသည်ကား ကျင့်သုံးကြောင်း ဖြစ်သောကြောင့်ရင်း၊ဥပေါသထဟူသော အမည်သည်လည်း ထင်ရှားသောကြောင့်ရင်း၊ ရှစ်ပါးသီလကိုသာ ဥပေါသထ ဟူသော အမည်သည် ထင်သောကြောင့်ရင်း ရှစ်ပါးသီလ ကိုသာ ဥပေါသထဟူ၍ဆိုအပ်၏။

ဤကိုရည်၍ ပဌွာန်းပဠ္စ ဝါရ၌ သီလံ သမာဒိယိတွာ၊ ဥပေါသထ ကမ္မံ ကတွာ- ဟူ၍ သီလံ၏အရ ငါးပါးသီလ၊ ဆယ်ပါးသီလ၊ ဥပေါသထကမ္မံ၏အရ ရှစ်ပါးသီလကို အသီး ထုတ်၍ ဟောတော်မူ၏။ ထိုဥပုသ်သီလသည် ပကတိဥပုသ်၊ ပဋိဇာဂရဥပုသ်၊ ပါဋိဟာရိယဥပုသ်-ဟူ၍ သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် လဆန်းရှစ်ရက် တဥပုသ်၊ လမပြည့်မှီ တဆယ့်လေးရက်နေ့ တဥပုသ်၊ လပြည့်နေ့ တဥပုသ် ဟူ၍ လဆန်းပက္ခ၌ သုံးဥသ်၊ လပြည့်ကျော်ရှစ်ရက်နေ့ တဥပုသ်၊ လမကွယ်မှီ အဖိတ်နေ့ တဥပုသ်၊ လကွယ်နေ့တဥပုသ် ဟူ၍ ပကတိဥပုသ်သည် ဟောတော်မူရင်း ခြောက်ဥပုသ်ရှိသည်။ နောက်အဘို့၌ သင်္ဂါယနာဆရာတို့သည် လဆန်း ၅-ရက် လပြည့်ကျော် ၅-ရက်နေ့ကိုလည်း သွင်း၍မိန့်ဆိုသောကြောင့် ပဥ္စမီဥပုသ်နှင့်တကွယူလျှင် ပကတိ ရှစ်ဥပုသ်ရှိသည်။ ပဋိဇာဂရ- ဟူသည်ကား လဆန်းပဥ္စမီ ဥပုသ်၏ အကြိုကား လဆန်း လေးရက်နေ့၊ အပိုကား လဆန်း ခြောက်ရက်နေ့၊ လဆန်းရှစ်ရက်နေ့ ဥပုသ်၏အကြိုကား လဆန်း ၇-ရက်နေ့၊ အပိုကား လဆန်း ၉-ရက်နေ့၊ လဆန်း ၁၄-ရက်နေ့ ဥပုသ်၏ အကြိုကား ၁၃-ရက်နေ့၊ လဆန်း ၁၅-ရက်နေ့ ဥပုသ်၏ အပို ကား လပြည့်ကျော် ၁-ရက်နေ့၊ လဆန်း ၁၄-ရက်နေ့ဥပုသ်၏ အပိုကား မရအပ်ပေ။ လဆန်း ၁၅-ရက်နေ့ ဥပုသ်၏အကြို ကိုလည်း မရအပ်။ ဤသို့လျှင် လဆန်းပက္ခ၌ ပဋိဇာဂရ

ဆယ်ဥပုသ်ရ၏။လပြည့်ကျော် ၅-ရက် ဥပုသ်၏အကြို ၄-ရက် အပို ၆-ရက်၊ လပြည့်ကျော် ၈-ရက် ဥပုသ်၏အကြို ၇-ရက် အပို ၉-ရက်။ လမကွယ်မှီ အဖိတ်နေ့ ဥပုသ်မ၏အကြို ၁၃-ရက်ကိုသာ ရအပ်၏။ အပိုကိုမရအပ်။ လကွယ်နေ့ဥပုသ်မ၏ အကြိုကိုလည်းမရအပ်၊ အပိုကိုလည်းမရအပ်၊ ဤသို့ လဆုတ်ပက္ခ၌ ပဋိဇာဂရ ဥပုသ်ရသင့်၏။ဤနှစ်ပါးကိုပေါင်းသည်ရှိသော် တလတလ၌ ပဋိဇာဂရ တဆယ့်ကိုး ဥပုသ်ရသင့်၏၊ ဟူ၍ သုတ္တနိပါတ၊ အဋ္ဌကထာ၌ဆို၏၊ လကွယ်နေ့ဥပုသ်၏ အပိုကို၊ နောက်ဆန်း ၁-ရက်ဟူ၍၊ အပရေ ဆရာတို့သည် ဆိုကုန်၏။ ထိုစကားကို လချင်း ရောယှက်သောကြောင့် မသင့်ဟု၊ အဋ္ဌကထာဆရာ ပယ်တော်မူ၏။ ။ပါဋိဟာရိယဥပုသ်ဟူသည်ကား၊ နယုန်လပြည့်ကျော် ၁-ရက်နေ့မှစ၍၊ တန်ဆောင်မုန်းလပြည့်နေ့တိုင်၊ ငါးလပတ်လုံး၊ စောင့်အပ်သော ဥပုသ်သည်၊ ပါဋိဟာရိယ ဥပုသ်မည်၏။ တနည်းလည်း ဝါဆိုတလ၊ တန်ဆောင်မုန်းတလ၊ တပေါင်းတလ ဤ သုံးလတို့၌၊ စောင့်အပ်သော ဥပုသ်သည်၊ ပါဋိဟာရိယ ဥပုသ်မည်၏ဟု၊ အပရေဆရာတို့ ဆိုကုန်၏။ ဤကား ဥပုသ်အပြား ၃-ပါး အထူးတည်း။

ဥပုသ်ရက် သုံးပါးတို့မှလွတ်သောနေ့၊ ရက်တို့၌၊ ဥပုသ်သီလကို ခံယူဆောက်တည်သည်ရှိသော်၊ ရဟန်းတို့မှာ၊ ဥပုသ်မဟုတ်သောနေ့၌၊ ဥပုသ်ပြုခြင်းကြောင့်၊ အာပတ်သင့်သ

သို့၊ ထို ပညတ်တော်မူအပ်သော၊ အာဏာတော်ကို လွန်ကြူး၍၊ ကျင့်သောကြောင့်၊ ကုသိုလ်ရမည်ကို၊ မဆိုထားဘိဦး၊ အပြစ်ပင်မလွတ်ဟု၊ အချို့သော ဆရာတို့သည် အယူရှိကုန်၏။ ထိုဆရာတို့၏စကားကို ဆင်ခြင်အပ်၏။ အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ၊ လူတို့၏ဥပုသ်သီလသည်၊ ရဟန်းတို့၏ ဥပုသ်နှင့်မတူ ထူးပြားသည်သာ ဖြစ်၏။ အဘယ်သို့ ထူးပြားသနည်း ဟူမူကား၊ န ဘိက္ခဝေ၊ အနုပေါသထေ၊ ဥပေါသထော ကာတဗ္ဗော၊ ယောကရေယျ၊ အာပတ္တိဒုက္ကဋဿ၊ ဟူ၍ ဟောတော်မူသောကြောင့်၊ ရဟန်းတို့မှာ၊ ဥပုသ်မဟုတ်သောနေ့၌၊ ပြုခြင်းကြောင့်၊ ဒုက္ကဋ်အာပတ်သင့်သည်၊ ဥပုသ်နေ့၌၊ ဥပုသ်မပြုခြင်းကြောင့်လည်း ဒုက္ကဋ် အာပတ်သင့်သည်၊ လူတို့မှာ၊ ဥပုသ်နေ့၌ ဥပုသ် သီလကို မကျင့်မသုံးသောကြောင့်၊ အပြစ်ရှိသည်ကို၊ ဟောတော်မမူ၊ ဥပုသ်မဟုတ်သောနေ့၌၊ ဥပုသ်သီလကို ကျင့်သုံး ခြင်းကြောင့်၊ အပြစ်ရှိသည်ကို ဟောတော်မမူ၊ စင်စစ်သော်ကား၊ တတ်စွမ်းနိုင်သည်ရှိသော်၊ အခါခပ်သိမ်းပင် စောင့်သင့်၏။ စောင့်သင့်ကြောင်းကိုလည်း “ဥပေါသထံ ဝုတ္ထတိ၊ အင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ရက္ခိတဗ္ဗသီလံ” ဟူ၍၊ သုတ်မဟာဝါ ဋီကာ၌ မိန့်ဆိုသောကြောင့် သိရ၏။

**အနက်ကား။** ။အင်္ဂ သမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော၊ သဗ္ဗဒိဝသေသု၊ ခပ်သိမ်းသောနေ့တို့၌။ ရက္ခိ

တဗ္ဗသီလံ၊ စောင့်အပ်သော သီလကို။ ဥပေါသထံ၊ ဥပုသ်သီလဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တကြောင်းမှာလည်း ဓမ္မာသောကမင်းကြီးသည် အာသောကာရုံကျောင်းကို မလှူမီ ခုနစ်ရက်ပတ်လုံး ကိုယ်နှင့်တကွ ပြည်သူပြည်သားတို့ ဥပုသ်စောင့်သုံးသည်ကိုရင်း၊ ဒေဝါနံပိယတိဿ မင်းကြီးသည် မဟာမေဃဝန်ဥယျာဉ်ကိုမလှူမီ ခုနစ်ရက်ပတ်လုံး မင်းနှင့်တကွ ပြည်သူပြည်သားတို့ ဥပုသ် စောင့်သုံးသည်ကိုရင်း၊ ပါရာဇိကကံ အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့် လည်းကောင်း။ သုဘဒ္ဒါမင်းသည် တခုသောဘဝ၌ အလှူခံပုဂ္ဂိုလ်ကိုရွေးရှု၍ လေးရက်ပတ်လုံး ဥပုသ်သီလကျင့်သုံးကြောင်းကို အပါဒါန် အဋ္ဌကထာ၌ မိန့်ဆိုသောကြောင့်ရင်း၊ တတ်စွမ်းနိုင်သည် ရှိသော် အမှတ်မဲ့သောနေ့တို့၌ ဥပုသ်သီလကို ဆောက်တည်သင့်၏။ ရှစ်ပါးသီလတို့တွင် ဝိကာလဘောဇန အစရှိသော အထက်သိက္ခာပုဒ်သုံးပါးကို လွန်ကြူးရာ၌ အကုသိုလ်သော ဖြစ်သည်။ အပါယ်ပဋိသန္ဓေကို မပေးတတ်ဟု အချို့သော ဆရာတို့သည် အယူရှိကုန်၏၊ စကားကိုဆင်ခြင်အပ်၏။ အဘယ်သို့ ဆင်ခြင်အပ်သနည်းဟူမူ ဒဿနေန ပဟာတဗ္ဗာဓမ္မာ-ဟူသော ဓမ္မသင်္ဂဏီပါဠိတော်၌ သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်လေးခု၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်တခု၊ ဤငါးခုသော အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို အကြွင်းမဲ့ပယ်သည်။ ဒိဋ္ဌိဂတဝိပ္ပယုတ်လေးခု၊ ဒေါသမူစိတ် ၂-ခု ဤ ၆-ခုသော အကုသိုလ်

စိတ္တုပ္ပါဒ်တို့ကို တနုကရအားဖြင့် ခေါင်းပါးစေသည်။ ဥဒ္ဓစ္စ သဟဂုတ်စိတ်သည် တပါးတည်းသာဖြစ်၍ အဖေါ်သဟဲ ကင်းသောကြောင့် အပါယ်ပဋိသန္ဓေအကျိုးကို မပေးနိုင်။ ဥဒ္ဓစ္စမှကြွင်းသော တဆယ့်တပါးသော အကုသိုလ်သာလျှင် အပါယ်ပဋိသန္ဓေကို ပေးသည်ဟူ၍ အဘိဓမ္မာ မူလဋီကာ၊ အဘိဓမ္မတ္ထ ဝိဘာဝနိဋ္ဌီကာတို့၌ လာသောကြောင့် ဘောဇဥ်၌ တပ်သော တဏှာလောဘ၊ ကခြင်း, သီဆိုခြင်း၌ မွေ့လျော် ခြင်း၏အစွမ်းဖြင့်ဖြစ်သော တဏှာရာဂ ပြဋ္ဌာန်းသော လော ဘမူ စိတ္တုပ္ပါဒ်သည် အပါယ်ပဋိသန္ဓေကိုပေးတတ်၏ဟု ယူ သင့်သည်။

ထိုဆရာတို့ယူတိုင်း ဘောဇဥ်တို့၌ တပ်သော တဏှာ လောဘပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်သည် အပါယ် ပဋိသန္ဓေကို မပေးနိုင်ဟူသော စကားသည် မှန်ပြားအံ့။ ဥဒ္ဓစ္စကြဉ်သော တဆယ့်တပါးသော အကုသိုလ်သည် အပါယ်ပဋိသန္ဓေကိုပေး၏ဟူသော အဋ္ဌကထာဆရာစကား၊ ဋီကာဆရာစကားသည် ချွတ်ယွင်းခဲ့ရာ၏၊ ထို့ကြောင့်ဆင်ခြင် အပ်၏။ တကြောင်းမှာလည်း ဥပရိမင်းသမီးသည် မိမိအဆင်း၌ တပ်စွမ်းခြင်းနှင့်တကွ စုတေသောကြောင့် ဆင်ချေးပိုးမ ဖြစ်သည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ လာသောကြောင့်ရင်း၊ ဃောသကသူဌေးအလောင်းသည် သုံးခုမြောက်သောအတိတ် ဘဝ၌ သေခါနီးကာလ ခွေးမစားရသော နို့ရည်၌ တပ်

စွမ်းခြင်းနှင့်တကွ စုတေသောကြောင့် ခွေးဖြစ်ရလေသည်ဟူ၍ ဓမ္မပဒ အဋ္ဌကထာ၌ လာသောကြောင့်၄င်း၊ "အန္တမသော သင်္ကာယဒိဋ္ဌိ၊ ဥပါဒါယိယသင်္ဂ ဥပသမေဘုံ၊ သမတ္တံနာမနတ္ထိ၊ ကေနဏ္ဏိနိရယသ္မိံ ယေဝ နိမုဇ္ဇာပေတိ"ဟု ကင်္ခါဝိတရဏီအဋ္ဌကထာ၌ မိန့်ဆိုသည်နှင့်အညီ အယုတ်သဖြင့် သက္ကာယဒိဋ္ဌိကို အစပြု၍ နတ်ပြည်၌ ဖြစ်စေခြင်းငှာ စွမ်းနိုင်သော အကုသိုလ်မည်သည်မရှိ၊ စင်စစ်သော်ကား ငရဲ၌သာလျှင် နှစ်စေတတ်၏။ ဥပမာဆိုသည်ရှိသော် ကြီးသောကျောက်ခဲကို ရေ၌ ပစ်ချသည်ရှိသော် နစ်လေ၏။ ရွှေပဲအချိန်ရှိသောကျောက်ကို ရေ၌ချသော်လည်း ပေါ်သောမည်သည်မရှိ၊ နစ်သည်သာ လျှင် ဖြစ်သကဲ့သို့ ထို့အတူကမ္မပထမြောက်သော အကုသိုလ်သည်သာလျှင် အပါယ်ပဋိသန္ဓေကို ပေးတတ်သည်မဟုတ်၊ ကမ္မပထ မမြောက်သော အကုသိုလ်သည်လည်း အပါယ်ပဋိသန္ဓေကိုပေး၏။ ဤသို့အဋ္ဌကထာ၌ လာသောကြောင့် ၄င်း၊ ကမ္မပထ မမြောက်သော အကုသိုလ်သည် အပါယ်ပဋိသန္ဓေကို မပေးစွမ်းနိုင်ဟူသော စကားကို ဆင်ခြင်အပ်၏။ ဤကား သီလ၏ သဘောလက္ခဏာကို အကျဉ်းအားဖြင့် ဆိုသော စကားတည်း။

သီလံပူရေတုကာမာနံ၊ ဝလဥ္စနာယဿသာသနေ၊ ကတေနာ နေန ပုညေန၊ သန္တိံဟာယန္တ၊ ပူရကာ။ သာသနေ၊ သိက္ခာသုံးပါးဖြင့် သင်္ဂြိုဟ်အပ်သော သာသနာတော်၌ သီလံ။

သီလကို။ ပူရေတုကာမာနံ၊ ဖြည့်ခြင်းငှါ အလိုရှိကုန်သော သူတော်ကောင်းတို့အား။ ဝလဉ္စနာယ၊ သုံးဆောင်စိမ့်သော ငှာ။ ကတေန၊ ရေးသားစီရင်အပ်သော။ အနေန ပုညေန၊ ဤကောင်းမှုကြောင့်။ ပူရကာ၊ သီလပါရမီကို ဖြည့်ကျင့် ကုန်သော သူတော်ကောင်းတို့သည်၊ သန္တိ၊ ရာဂ, ဒေါသ အစရှိသော ကိလေသာဟူသော ပူပန်ခြင်းအပေါင်းမှ ကင်း လွတ်သည်ဖြစ်၍ ငြိမ်သက်သော နိဗ္ဗာန်သို့။ အာယန္တု၊ ရောက်စေကုန်သတည်း။

၁။ ရမ္မေ အမရပူရေ၊ သဗ္ဗရဋ္ဌာနမုတ္တမေ၊ ဖိတေ သာသနုဇ္ဇောတိတေ၊ နာနာဇနသမာကုလေ။

၂။ နဂရေ တဿာ ဝိဒူရေ၊ မဟာဂူဟာတိ နာမကေ၊ ဟိတကာမေန ဝသတာ၊ လောကကေတုတိနာမိနာ။

၃။ ရာဇပူရာ အဒ္ဓါနတော၊ မာသဂ္ဂမန ယောဂျကေ၊ စတုန္နံယောဝ ဗုဒ္ဓါနံ၊ သိဂုတ္တရေနိဒါနကံ။

၄။ အသီတိ သတဝိတ္ထတံ၊ သဏ္ဌာနေနစ စေတိယံ၊ ဒွိသ- တုတ္တရမ္ဗေခကံ၊ ဇိဝမာနံဝ အဗ္ဘုတံ။

၅။ သတ္ထာဒီဟိ သုမာပိတံ၊ အနေက စေတိ ယေဟိစ၊ ပါသာဒေဟိပရိက္ခိတ္တံ၊ ပါကာရေဟိစ သတ္တဟိ။

၆။ သောပါကောဟိစ စတူဟိ၊ ပူဇနတ္ထာယ ပါဝိယံ၊ နိခါယပဥ္စသိင်္ဃာနံ၊ မဟုဿာဟေန ပါပုဏိ၊

၇။ တဿာသန္တေ ခေမတ္ထိကာ၊ နိဿာယတံခရူပရာ၊ တေသာဝါသံ ခယံနာမ၊ ဥပ္ပန္နေနစ ဇာတိယာ၊

၈။ စံရာနာမေန သာခုနာ၊ သပရတ္တာဘိကင်္ခိနာ၊ ဒါနာ ဒိဓမ္မသဘာဝေါ၊ အဿုတာနဥ္စ ဒုန္နယော၊

၉။ တသ္မာယာစာမဟာဘန္တေ၊ ရစတုဂတသမေဝစ၊မိစ္ဆာ ဝါဒ နိဗ္ဗေဓေန၊ ယာစိတေန- ဟိတေသိနာ၊

၁၀။ ကတံသဘာဝဒီပကံ၊ နိဿာယေဝ တဟံတဟံ၊ ပဿျမုနိ ရူပရူပေ၊ သက္ကာရာဇေစ ပတ္တကေ၊

၁၁။ ကတ္တိကာ ယဇုကျေပက္ခေ၊ ပဟာဂရဏာတိယေ အပိ၊ နဝမေ အနာယာသေန၊ ပုညေနာနေနကမ္မုနာ၊

၁၂။ ခေမံပပ္ပေါမိနာဂတေ။ နဂကျာမိ ဝိရဇ္ဇကံ၊ ယထာ ဘူတေနဉာဏေန်၊ ဝိဇာနေယျံ တဟံတဟံ၊

၁၃။ ခေမတ္ထိကာပိ သာခဝေါ၊ ဝလဥ္စတ္တံ ဠမံကတုံ၊ နူပလိတ္တာဝစ မိစ္ဆာဟိ၊ ပရိဘုဥ္စတ္တံ တံရသံ၊

၁၄။ ဠမဥ္စမေပုညဘာဂံ၊ မာတာပိတာဒိ ပုါကိနော၊ လဘန္တုစာပိ မေသမံ၊ အနုမောဒန္တုမေကတံ၊

နိဂုမ်း ၁၄ ဂါထာ။ ထိုတဆယ့်လေးဂါထာကို၊ အနက် ယောဇနာပြုသော်ကား–

ရမွေ၊ သူခပ်သိမ်းတို့၏ နှစ်လုံး စံပျော်ရာ တမူလည်း ဖြစ်ထသော။ သဗ္ဗရဋ္ဌာန မုတ္တာမေ၊ သုနာပရံ၊ တမ္ဗဒီပ ကမ္ဗောဇစသော တိုင်း၊ အတည်တည် အပြည်တို့ထက်၊ အလွန်

အကြူး အထူးသဖြင့်၊မြတ်သည်တမူလည်းဖြစ်ထသော။ဖိတော၊ ရောင်းဝယ်ဖေါက်ကား၊ ပေါများကုန်လုံ၊ ပြည့်စုံသည်ဖြစ်၍ ပြန့်ပြောသည်လည်း ဖြစ်ထသော။ သာသနဓ္ဇောတိကော၊ မဂ်ဖိုလ် နိဗ္ဗာန် သုံးတန်မည်ရှိ၊ သပ္ပုရိတ္တို၊ မချို့ဝမ်းမြောက်၊ ရောက်ကြောင်းဖြစ်၍၊ စေ့မြွှေကောင်းလှ၊ ဝေနေယျအား၊ တရားလက်သုံး ဆုမ္မရာ ဆုမ္မကြောင်းဖြစ်သော၊ သုံးပါးသော သာသနာ၏ ရောင်ဝါပဝင်း၊ ထွန်းလင်းရာတမူလည်း ဖြစ်ထသော။ နာနာဇန သမာကုလေ၊ အထူးထူးသော တရာ့တပါးသော လူမျိုးတို့ဖြင့် ပြွမ်းသည်တမူလည်း ဖြစ်ထသော။ အမရပ္ပူရပေ့၊ သေခြင်းကင်းရာ ခေမာအမှန်၊ မြတ်နိဗ္ဗာန်သို့၊ ကေန်ရောက်ကြောင်း သူတော်ကောင်းတရားကို ပွားများရာ ဖြစ်ခြင်းကြောင့် အမရပ္ပူရ အမည်ရှိသော။ နဂရေ၊ ရာဇဌာနီ၊ အညီခေါ်ထွေ၊မင်းနေပြည်ကြီး၌။ တသ္မိ၊ ထိုအမရပူရ နာမထူးလည်၊ ရွှေပြည်တော်ကြီး၏။ အဝိဒူရေ၊ ကုလလေးတာ ငါးရာ ချင့်ထောက်၊ နောက်သို့ခပ်ရှွန်း၊ မဝေးလွန်းသည်ဖြစ်သော၊ မဟာဂုဟာတိ နာမကေ၊ အိမ်ရှေ့နန်းရာ ဥပရာသည်၊ ကောင်းစွာတည်ထားအပ်သော၊ ဂူကြီးဘုရား၏အနီး၌ တည်သည်ဖြစ်၍၊ (သမိပူပစာရ အားဖြင့်၊ ဂူကြီးပိုတန်းအရပ်၌) ဝသတာ၊ သမ္မာဇီဝ မြတ်မွေဖြင့်၊ အသင့်ပျော်မွေ့ နေလေ့ရှိသော။ ဟိတကာမေန၊ အတ္တ-ဟိတ၊ ပရဟိတ စသည်အပြား၊ ကျိုးနှစ်ပါးကို၊ အလိုရှိ

သော၊ လောကကေတုတိ နာမိနာ၊ ဆရာမြတ်၏ လျှောက်ပတ် တွေးခေါ် အမည်တော်ကိုစွဲ၍၊ လွန်ကဲနာမ လောက မှန်ကင်းဆရာ အမည်ရှိသော။ မဃာ၊ အကျွန်ုပ်သည်၊ ရာဇပူရာ၊ မင်းနေပြည်ကြီးမှ။ အဒ္ဓါနံတော၊ အဓွန့်ခရီးတာ အားဖြင့်၊ မာသဂ္ဂမနယောဂျတော၊ တလပတ်လုံး သွားခြင်း ငါ့ခပ်သိမ်းသော။ သိင်္ဂုတ္တရေ၊ ကိုးဆယ့်ကိုးကုန်းတို့ဖြင့် ခြံရံအပ်သည်ဖြစ်၍၊ ရွှေ ငွေ မြ ဖန်၊ လေးအရောင် ပြောင်ပြောင်ဖြူရိပ်၊ မြင့်မိုရ်ထိပ်ကဲ့သို့၊ တံစိတ်ရှက်ကူး ဖြူဖြူစွင့်စွင့် လွန်စွာမြင့်သော၊ သိင်္ဂုတ္တရကုန်း၌။ စတုန္နံယေဝ ဗုဒ္ဓါနံ၊ ကက္ကုသံ၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမဟု ဆိုအပ်သော လေးဆူသော ဘုရားရှင်တို့၏သာလျှင်။ နိဓါနကံ၊ မြှုပ်ရိုက်တော်၊ ရေသနုတ်တော်၊ တောင်ဝှေးတော်၊ ရှစ်ဆူသော ဆံတော်တို့ကို၊ ဌာပနာရာဖြစ်သော။ အသီတိသဏ္ဍဝိတ္တကံ၊ ဘိနုပ်တော်၊ သံတောင်တရာ့ရှစ်ဆယ်အပြန့်ရှိသော၊ သဏ္ဌာနေန၊ အရပ်တော်သဏ္ဌာန်အားဖြင့်–

ဒွိသတုတ္တရမွေဓကာဥ၊ သံတောင်နှစ်ရာ အလွန်ရှိသည် လည်းဖြစ်သော။ ဇီဝမာနံဝ၊ သက်တော်ထင်ရှားရှိသော ကိုယ်တော်မြတ်ဘုရားကဲ့သို့။ အဗ္ဘုတံ၊ အံ့ဘွယ်သရဲ ထူးကဲ လွန်မြတ်သည်ဘာမူလည်း ဖြစ်ထသော။ သက္ကာဒိဟိ၊ သကြား ဝိသုကမ္မ သုနိမ္မိတ အစရှိသော နတ်တို့သည်၊ သုမာပိတံ၊ ကောင်းစွာ အခြင့်အသင့် ဖန်ဆင်းအပ်သည် တမူလည်း

ဖြစ်ထသော။ အနေကစေတိယေဟိ၊ အဆန်းတကြယ် တင့်တယ်ရှုရာ များစွာသော စေတီတော်တို့ဖြင့်၎င်း။ ပါ သာဒေဟိ၊ ခြူးပန်းခြူးအိမ် ပျောက်ကွေး ချိုကွေဒူရင်၊ မွမ်းမံပြင်ဖွယ်ရာများသော ပြာသာဒ်တို့ဖြင့်၎င်း။သတ္တဟ်ပါ- ကာရေဟိ၊ အနိမ့်အမြင့် ဆင့်ဆင့်ရန့်ဆိုင်း ဟတိုင်းခုနစ်ထပ် တို့ဖြင့်၎င်း။ စတုဟိသောပါကောဟိ၊ ဘုရားမြတ်စွာ ဝတိံ သာမှ သက်ရာတင့်တယ် သုံးသွယ်သော စောင်းတန်းကဲ့သို မချို့ရှုဘွယ် လေးသွယ်သော စောင်းတန်းတို့ဖြင့်၎င်း။ ပရိက္ခိတ္တံ၊ ခြံရံအပ်သော။ ယံစေတီယံ၊ အကြင် လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်ရာဖြစ်သော စေတီတော်သည်။ အတ္ထိ၊ ရှိ၏။ တံဌာနံ၊ ထိုလေးဆူသော ဘုရားရှင်တို့၏ အသုံး အဆောင်တော်တို့ကို ဌာပနာရာဖြစ်သော စေတီတော်သို့။ ပူဇနတ္ထာယ၊ ပူဇော်အံ့သောငှာ။ ပါပိယံ၊ ရောက်သင့်၏။ ဉာတိ၊ ဤသို့။မနသိ ၊ စိတ်ကို။ နိဓာယ၊ ကောင်းစွာသိမှီး၍။ အဟံ၊ အကျွန်ုပ်သည်။ တံစေတီယံ၊ ထိုစေတီတော်သို့။ မဟုဿာဟေန၊ သည်းစွာ အားထုတ်ခြင်းဖြင့်။ ပါပုဏိ၊ ရောက်လာ၏။ တဿ၊ ထိုစေတီတော်၏။ အာသန္နေ၊ အနီး၌။ ခေမတ္ထိကာ၊ နိဗ္ဗာန်ကိုအလိုရှိကုန်သော သူတော် ကောင်းတို့သည်။ တံစေတီယံ၊ ထိုစေတီတော်ကို။ နိဿာယ၊ အမှီတကဲ သဟဲပြု၍။ ခရူပရာ၊ ရာဂအစရှိသော ကိလေသာ တည်းဟူသော ရန်၏ကုန်ရာဖြစ်သော နိဗ္ဗာန်ကို ရောက်

ကြောင်း ကောင်းသောအကျင့်ကို ရှာမှီး သိမ်းဆည်းကြကုန်၏။ တေသံ၊ ထိုနိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းတို့၏။ အာဝါသံ၊ နေရာအရပ်သည်။ ခယံနာမ၊ ခမည်းတော်ရင်း အလောင်းမင်းကြီးသည်၊ အသိမြွက်ဟာ၊ တွင်းပဘေးဒါန်သိမ်ရသည်၊မကျန်ဥဿုံ၊ ကုန်ရလေပြီဟု၊ အညီ မှည့်ခေါ် ပိန်ခွန်တော်ကိုစွဲ၍ အမြဲတွင်ရာ ဝေါဟာအင်စုံ ရန်ကုံအမည်ရှိ၏။ တသ္မိံ၊ ထိုရန်ကုံအမည်ရှိသောမြို့၌။ ဇာတိ-ယာ၊ ပဋိသန္ဓေအားဖြင့်။ ဉပ္ပန္နေ နစ၊ ဖြစ်သည်သာလျှင်ဖြစ်သော။ သ ၁ ရဋ္ဌာဘိက ိနာ၊ မိမိအကျိုးစီးပွါး၊သူတပါးအကျိုးစီးပွါးကို အလွန်အလိုရှိသော။ စံရာနာမေန၊နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို အားထုတ် ကုန်သောသူတို့၏၊ နှစ်သက်မွေ့လျော် စံပျော်ရာ ဖြစ်သောကြောင့်၊ ဌာနအရပ်၏ စံပျော်ရာဟူသော အမည်ကို ဌာနီဖြစ်သော ပုဂ္ဂိုလ်ဒြဗ်၌ တင်စားသောအားဖြင့် စံရာအမည်ရှိသော။ သာဓုနာ၊ သူတော်ကောင်းသည်။ ဒါနာဒိ မေမ္မသဘာဝေါ၊ ဒါနအစရှိသော တရားသဘောကို။ အသုတာနဉ္စ၊ ပါဠိအဋ္ဌကထာဋီကာ ကျမ်းဂန်တို့ကို မသင်ကြားဘူးကုန်သော သူတို့သည်ကား။ ဒုန္နိယော၊ သိနိုင်ခဲ၏။ တသ္မာ၊ ထိုသို့သိနိုင်ခဲသောကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ယာစာမိ၊ တောင်းပန်ပါ၏။ တေသမေ-သစ၊ ထိုဒါန အစရှိသော တရားတို့၏သာလျှင်။ သဘာဝံ၊

ဟုတ်မှန်တိုင်းသော သဘောကို။ ရစတု၊ စီရင်တော်မူပါလော့။ ဣတိ၊ ဤသို့။ ယာစိတေန၊ ရှိသေစွာ တောင်းပန်အပ်သည်ဖြစ်၍။

တနည်းကား– ယာစိတေန၊ ယာစိတတ္တာ၊ ရှိသေစွာ တောင်းပန်အပ်သည်၏ အဖြစ်ကြောင့်။ မိစ္ဆာဝါဒနိဗ္ဗေဒေန၊ ဖေါက်ပြန်သောအယူဝါဒကို၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်ကဲ့သို့၊ ဖျက်ဆီးဖေါက်ထွင်းနိုင်သောပညာ ရှိထသော။ ဟိတေသိနာ၊ အစီးအပွါးကို ရှာမှီးလေ့ရှိသော။ မယာ၊ ငါသည်။ တဟံ တဟံ၊ ထိုထိုပါဠိအဋ္ဌကထာဋီကာကျမ်းကို။ နိဿာယေဝ၊ အမှီတကဲ သဟဲပြု၍သာလျှင်၊ သက္ကရာဇေ၊ လူတို့ဝေါဟာ ကောဇာ သက္ကရာဇ်သည်။ ပဉ္စုမုနိရူပရူပေ၊ ၁၁၇၈–ခုသည်။ ပတ္တေ- ရောက်လတ်သည်ရှိသော်။ ကတ္တိကာယ၊ တန်ဆောင်မုန်းလ၏။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ နဝမေ၊ ကိုးရက်မြောက်သောနေ့၌။ ပဟာဂရ တတိယေ အပိ၊ သုံးချက်တီး အချိန်၌သာလျှင်။ အနာယာသေန၊ မငြိုငြင်သဖြင့်။ သဘာဝဒီပနိံ၊ ဒါနအစရှိသော တရားအစု၏၊ သဘောလက္ခဏာ ခဲရာခဲဆစ်ကို ပြရာ ၅ကြောင်း ဖြစ်သောကြောင့်၊ သဘာဝဒီပနီ အမည်ရှိသော ကျမ်းကို။ ကတံ၊ ရေးသားစီရင်အပ်ပြီ။ အနေနေ ပုညေန ကမ္မုနာ၊ ဤသဘာဝဒီပနီ အမည်ရှိသောကျမ်းကို ရေးသား စီရင်ရသော ဥာဏသမ္ပယုတ်ဥက္ကဋ္ဌ ကုသိုလ်စေတနာကြောင့်။

အဟံ၊ အကျွန်ုပ်သည်။ ခေမံ၊ ဇာတိဇရာ ဗျာဓိ မရဏစသော ဘေးအပေါင်းတို့၏ ကုန်ငြိမ်းရာဖြစ်သောနိဗ္ဗာန်သို့။ ပပ္ပေါမိ၊ ရောက်ပါလို၏။ ဝိရဇ္ဇကာံ၊ သာသနာတော်အား၊ မလျှောက် ပတ်သော၊ တကျင် မယ်နကဲ့သို့၊ ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာအယူကို။ နဂဏှာမိ၊ မစွဲလမ်းရပါလို။ ယထာဘူတေန၊ ဟုတ်မှန်တိုင်းသော။ ဉာဏေန၊ ဉာဏ်ဖြင့်။ တဟံတဟံ၊ ထို ထိုဒါနအစရှိသော မွေ့သဘောကို။ ဝိဇာနေယျံ၊ သိရပါ စေို၏။ ခေမတ္တိကာ၊ နိဗ္ဗာန်ကို အလိုရှိကုန်သော။ သာဓဝေါ- ပိ၊ သူတော်ကောင်းတို့သည်လည်း။ ဣမံကာတံ၊ ဤသို့ ယခု ရေးသားစီရင်ပြုအပ်သော သဘာဝဒီပနီ အမည်ရှိသောကျမ်း ကို။ ဝလဥ္ဇန္တု၊ နိဗ္ဗာန်သို့ စေလွှတ်အပ်သောစိတ်ကို ဖြစ်စေ သောအားဖြင့် မမှားနှေးသည့်၊ နိစ္စမသေ့၊ ပို့ဆောင်စေကုန် သတည်း။ တေ၊ ထိုနိဗ္ဗာန်ကို အလိုရှိကုန်သော သူတော် ကောင်းတို့သည်။ မိစ္ဆာဟိ၊ ချွတ်ယွင်းဖေါက်ပြန်၊ သွေလှန် သော မိစ္ဆာအယူတို့ဖြင့်။ နူပလိတ္တာစ၊ မလိမ်းကျံကုန်သည် ဖြစ်၍သာလျှင်။ တံရသံ၊ ထို ဝဋ္ဋနိဿိတဒါန၏ သဘော လက္ခဏာ၊ သရဏဂုံ၏ သဘောလက္ခဏာ၊ သီလ၏သဘော လက္ခဏာကို မှတ်သားလေ့ကျင့် ဆောင်ရွက်ခြင်းနှင့်တကွ နေ့ ညအမြဲ သုံးစွဲကျင့်ဆောင်ခြင်း၏ အစွမ်းဖြင့် ရအပ်သော ခင်ကြယ်သောလောကီသုခ၊ လောကုတ္တရာသုခကို ပရိဘုဥ္ဇန္တု၊ သုံးဆောင်စေကုန်သတည်း။ မေ၊ အကျွန်ုပ်၏။ ဣမဥ္စပုည

ဘာဂံ၊ ဤကောင်းမှုအဘို့ကိုလည်း။ မာတာပိတာပါကိုနောမြင့်မိုရ်ရိစကြာဝဠာ၊ အာကာပထဝိန္နိုင်းညီကျေးဇူးတင်ပေဘူးသော မိဘဆရာ၊ အချာစိုးဘိ၊ သမုတိမင်း မကြွင်းစေအပ်ဘုံသုံးရပ်၌၊ ကြဉ်လည်ကုန်သော သတ္တဝါတို့သည်။ မေ၊ အကျွန်ုပ်နှင့်။ သမံ၊ အမျှထပ်တူ။ လဘန္တုစာပိ၊ ရလည်းရစေကုန်သတည်း။ တေ၊ ထို မိခင် ဘခင် အရှင်စိုးမှတ်၊ လောကနတ်က၊ စသည်များစွာ၊ သတ္တဝါတို့သည်။ မေ၊ အကျွန်ုပ်၏။ ကတံ၊ ပြုစုခြိုးမြှောက်အပ်သော ကုသိုလ်အဘို့ကို။ အနုမောဒန္တု၊ နှစ်လိုဝမ်းသာ၊ စေတနာဖြင့်၊ သာဓုမြွက်ဖေါ်၊ ကောင်းကြီးခေါ်၍၊ ကော်ရော်ရွှင်လန်း ဝမ်းမြောက်စေသတည်း။ သဘာဝတ္တဒီပဏီ အမည်ရှိသော ကျမ်းသည်။ နိဋ္ဌိတံ၊ ပြီးပြီ။ အက္ခရာကေမေကာဍ္ဍ၊ ဗုဒ္ဓရူပံ သမံ သိယာ။ တသ္မာဟိပဏ္ဍိတောပေါသော၊ လိကျွေယ ပိဋ္ဌကာတ္တယံ။ နိဗ္ဗာနပစ္စယော ဟောတု။

ပု, ဒိ, အာ, နှင့် ပြည့်စုံလိုပါ၏။

သက္ကရာဇ် ၁၃၃၇-ခုနှစ်၊ နတ်တော်လဆန်း ၁၀-ရက်နေ့၊ မွန်းတည့် ၁၂-နာရီအချိန်တွင် ပေစာမူမှ ကူးယူ ပြီးစီးပါကြောင်း။
(သောကြာနေ့)

လူရုပ်ကို ကြည့်ရုံမျှဖြင့်သော်လည်းကောင်း၊

လူကို မမြင်ရဘဲ အသံကို ကြားရုံမျှဖြင့်သော်လည်းကောင်း၊

ရောဂါကို ဆုံးဖြတ်၍ ဆေးဝါးဓာတ်စာကို တိတိကျကျ ပေးနိုင်သော တိမ်မြုပ် ပျောက်ကွယ်နေသည့် ရှေးဟောင်း နန်းသုံး 'ရုပ်မြင်သံကြား' ဆေးပညာကို အခြေအမြစ်နှင့်တကွ မကွယ်မဝှက် ဖော်ပြထားသည့်ပြင်—

မြင်ဖူးဘို့ မဆိုထားနှင့် ကြားဖူးဘို့ပင် ခဲယဉ်းလှသော အထက်ပါ ဆေးပညာ၏ အဆက်။

အဆင်းဖြင့် ဆေးကုခြင်း၊ အသံဖြင့် ဆေးကုခြင်း၊ အနံ့ဖြင့် ဆေးကုခြင်း၊ အရသာဖြင့် ဆေးကုခြင်း၊ အတွေ့အထိဖြင့် ဆေးကုခြင်း၊ လူရုပ်ကို မြင်ကာမျှဖြင့် စိတ်နေသဘောထားနှင့် ရောဂါများကို သိနိုင်သော ပညာရပ်များ။

အပူနာ၊ အအေးနာ၊ အပူစာ၊ အအေးစာတို့ကို မြင်ရုံနှင့် သိနိုင်သော နည်းများ။

ချောင်းဆိုးသွေးပါ၊ အဆုတ်နာ၊ တီဘီရောဂါ၊ အစာအိမ်ရောဂါ ကုထုံးများ စသည်ဖြင့် တဝကြီး ဗဟုသုတ ရနိုင်မည့်—

ဖမဖမပွင့်၊တိုင်းရင်းဆေး၊

# ဆေးဝါးမပါဓါတ်စာဖြင့်ကုနည်း

တတိယအုပ်

စာတအုပ်ဖြင့် ဆရာ လုပ်နိုင်သည်။ တိုင်းရင်းမြန်မာ ဆေးပညာ၏ လျှို့ဝှက်ချက်တွေကို သိရမည်။ မမြင်ဖူး မကြားဖူးတာတွေကိုကြားရ သိရမည့် ဆေးပညာပေး ဓာတ်စာကျမ်း။

(မိုးရာဇာမှ မကြာခင် ထွက်တော့မည်။)

ဆယ်စောင်တွဲတော့ ဆယ်စောင်တွဲပါဘဲ

## ဖိုးရာဇာ ဆယ်စောင်တွဲ

◯ မူကွဲ၊ ဟန်ကွဲ၊ ပုံသဏ္ဍာန်ကွဲပြားပြီး ဘယ်လို ထူးခြားမယ်ဆိုတာ ဖတ်ကြည့်ရင် သိရမယ်။ ပြီးတော့ သမရိုးကျ ဆယ်စောင်တွဲတွေနဲ့ မတူစေရဘဲ တမူထူးခြားစွာ အတွင်းသရုပ်ဖေါ် ဓာတ်ပုံများနှင့် ခန့်ခန့် သန့်သန့်။

# ဖိုးရာဇာ ဆယ်စောင်တွဲ

◯ ဆယ်စောင်တွဲ မှန်သမျှ ပါနေကြ ပရိတ်ကြီး ၁၂-သုတ်ပါ၌ အနက်များအပြင် သိင်္ဂါလောဝါဒသုတ်ပါ ကျင့်ဝတ်များစွာစုံလင်စွာဖြင့် ရှင်မဟာရဋ္ဌသာရ၊ ရှင်မဟာသီလဝံသ တို့၏ ဆုံးမခန်းများအပြင် သားရွှေတောင် ဆုံးမစာနှင့် ဘိုးသူတော် ဦးနု စကားပုံ စသည်များနှင့်အတူ....

◯ ဆုတောင်းခြင်း အမျိုးမျိုး၊ ကန်တော့ခြင်း အဖုံဖုံ၊ ဗဟုသုတ အစုံစုံ ပြည့်ဝစေမည့် နက္ခတ်ရာသီ အမည်ပေးနေ့နံ ရွေးနည်းများနှင့်တကွ ရွေးထုံး ဟောဝါရများ ပါရှိသည့် တမူထူးခြားမည့် ဖိုးရာဇာ ဆယ်စောင်တွဲ။

(မကြာခင် ထွက်ပေါ်တော့မည်။)